www.burmeseclassic.com

# သရဲနိုင်စား နှင့် မဟိပါ

ကောန်မင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ပထမအကြိမ် | - | ၂၀၁၇ ဇန်နဝါရီလ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၅၀၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | - | ဦးကံကောင်း |
| ကွန်ပျူတာ | - | ကောင်းထက်(ရွှေပြည်သာ) |
| အတွင်းဖလင် | - | ADORN၊ |
| ထုတ်ဝေသူ | - | ဦးချစ်ညွှန့် (၀၀၃၇၄) ဇင်ရတနာစာပေ ၂၀၅၊ က/၄ လမ်း၊ မြို့သစ် (က+ခ)ရပ်ကွက်၊ အင်းစိန်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးကျော်မင်းစိုး(မြ-၀၀၄၅၉) စိုးပေတ္တာပုံနှိပ်တိုက် အမှတ်(၁၇)၊ ၅၆ လမ်း ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ကေန်မင်း ၃၉၈.၂
သရဲနိုင်စားနှင့်မဖဲဝါ/ကေန်မင်း၊
ရန်ကုန်၊
ဇင်ရတနာစာစာပေ၊ ပထမအကြိမ်၊ ၂၀၁၇။
၂၂၀-စာ၊ ၁၂ × ၁၈ စင်တီ


BURMESE CLASSIC .com

# သရဲနိုင်စား
# နှင့်
# မဖဲဝါ

ကေန်မင်း

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | |
|---|---|---|
| ၁။ | မဖဲဝါနှင့် ဆန်ကုန်မြေလေး | –၇ |
| ၂။ | သရဲနိုင်ငံဓါးနဲ့ မဖဲဝါ | –၂၀ |
| ၃။ | ကျေးရူးပါ မဖဲဝါ | –၆၉ |
| ၄။ | ပျဉ်းမပင်ကုန်းက သရဲနှစ်ကောင် | –၉၀ |
| ၅။ | မဖဲဝါနဲ့ သူ၏ လက်ရုံးများ | –၁၃၀ |
| ၆။ | သရဲသုံးကောင်နဲ့ သံယောဇဉ်ဝိညာဉ် | –၁၅၅ |
| ၇။ | သရဲမကြောက်တဲ့ ဗိုးနောက် | –၂၀၆ |


BURMESE CLASSIC .com

# မဖဲဝါနှင့် ဆန်ကုန်မြေလေး

" လွှတ် . . . လွှတ်နော် . . . ရှင်နော်ရှင် . . . လွှတ်ဆို . . . ခုလွှတ် "

ထွန်းငွေက မြနှောင်းပုခုံးကို အတင်းဆွဲဖက်ပြီး ထီးအောက်သို့ ဆွဲသွင်းသည်။

မြနှောင်း ထွန်းငွေ၏ လက်အတွင်းမှ အတင်းရုန်းထွက်လိုက်သည်။

" အခု . . . နှင်နဲ့ငါ . . . လမ်းပေါ်မှာ နှစ်ယောက်တည်း နှင်အော်ချင်သလောက်အောင် နှင်အော်ရင်လည်း သင်္ချိုင်းအတွင်းက သရဲတွေပဲ ကြားမယ် "

" နှင်လိုချင်တဲ့ ဆေးလည်းရပြီးပြီ . . . ငါရဲ့ဆန္ဒကို

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြည့်ဆည်းပေးပေတော့ ”

“ ရှင်ရှင် . . . မယုတ်မာနဲ့ . . .သွား . . . နေခဲ့တော့ ကျွန်မတစ်ယောက်တည်းပြန်မယ် ”

“ ဟား . . . ဟား . . . ဟား . . . မင်းပြေးမလို့လား . . . ပြေးလေ . . . မင်းကိုသချိုင်းထဲက သရဲတွေဝိုင်းဆွဲထားလိမ့်မယ် ”

မြနှောင်းက မိုးရွာထဲ ရှေ့သို့ ပြေးထွက်ခဲ့သည်။

ထွန်းငွေက မြနှောင်း၏ ထီးကိုယူထားရာမှ လွှတ်ချပြီးလိုက်သည်။

ထွန်းငွေက မြနှောင်းကို မှီလုမီခင်ဖြစ်သွားသည်။ အချိန်က ညခုနှစ်နာရီကျော်ပြီ၊

လူသူဝေးရာ . . . သချိုင်းဘေးရှိ . . .မနိမ့်မမြင့်တာလမ်းပေါ်မှာ မြနှောင်းတစ်ယောက်ကယ်သူမဲ့နေပြီ၊

“ အမေ မဖဲဝါ . . . သမီးကို ကယ်ပါဦး . . . အမေ မဖဲဝါ . . . သမီးကို လူယုတ်မာလက်ကကယ်ပါဦး . . . ”

“ ဟား . . . ဟား . . . ဟား . . . မဖဲဝါဟုတ်လား ဘာမှမရှိတဲ့ မဖဲဝါကို တမြီး အကူအညီတောင်းနေတယ်။ မဖဲဝါရေ မြနှောင်းက သူ့ကိုလာကယ်ပါဦးတဲ့ . . .ဟား . . . ဟား





ဟား ”

ထိုကဲ့သို့ ပြောရင်း . . . ဖြေရင်း . . . နောက်ကထွန်းငွေက မြနှောင်းကို လှမ်းဆွဲလိုက်သည်။

လူကို မမိပဲ . . . အင်္ကျီကိုဆွဲမိသွားရာ မြနှောင်းအား နောက်လှန်ပြီး ဆွဲလှဲချလိုက်သည်။

“ ဗိုင်း ”

“ အား . . . အမေ့ ”

လက်ထဲမှာ ဆုပ်ကိုင်ထားသော ဆေးထုပ်က လက်မှလွတ်ကျသွားသည်၊ မုန်ယိုနေသော ထွန်းငွေလည်း၊ မြနှောင်းအား အဝမ့်ကြုံစည်ပါတော့သည်။

မြနှောင်းလည်း အားရှိသမျှ ကုတ်ဖဲ့ရုန်းကန်နေသည်။

အားချင်းမမျှသဖြင့် ထွန်းငွေပြုသမျှ နုရတော့မည့်အချိန် သချိုင်းအတွင်းမှ အရိပ်မဲမဲကြီးတစ်ခုက လျင်မြန်သော အဟုန်နှင့် ထွက်လာလေသည်။

သူတို့အနီးသို့ အရိပ်မဲကြီးရောက်လာသည်တွင်း

ဟိုး . . . ဟိုး . . . ဟိုး

မြနှောင်း၏ အပေါ်ရောက်နေသော ထွန်းငွေတစ်ယောက် နောက်ဘက်မှ ဆောင့်ဆွဲခြင်းခံလိုက်ရသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



" ဟဲ့ကောင် . . . ငါ့ကို ကြည့်လိုက်စမ်း . . . ငါ ဘယ်သူလည်းလို့ "

ထွန်းငွေ လှည့်ကြည့်လိုက်ရာ . . .

" အာ . . . သရဲ . . . သရဲ . . . သရဲမကြီး "

" မင်းတွေ့ချင်တယ်ဆိုလို့ ငါထားခဲ့တာပဲ ငါဟာ . . မဖဲဝါပဲ "

" မင်းလို ဆန်ကုန်မြေလေးတစ်ယောက်၊ လူ့ပြည်မှာ မရှိသင့်ဘူး၊

" အောင်မယ်လေးဗျ . . . ကြောက်ပါပြီ . . . ကြောက် . . . ကြောက်ပါပြီ "

" ဟား . . . ဟား . . .အခုမှ ကြောက်ပါပြီတဲ့ . . ဟား . . . ဟား . . . ဟား "

" ဖြောင်း "

" အား "

ထွန်းငွေ၏ လက်တစ်ဖက်ကို လှန်ချိုးခြင်းခံလိုက်ရသဖြင့် လက်ကျိုးသွားကာ နာကျင်လွန်း၍ အသံပင်ပျောက်သွားရသည်။

မြနှောင်းလည်း ထွန်းငွေ၏ လက်မှ လွတ်သွားပြီမို့





လဲနေရာမှ လူးလဲထပြီး၊ လွတ်ကျသွားသော ဆေးထုပ်ကို ရှာသည်။

အမှောင်ထဲမှာ . . . မည်သူကောက်ပေးမှန်းမသိ၊ မြနှောင်း၏ လက်ထဲသို့ ဆေးထုတ်ရောက်လာသည်။

" အမြန်သွား . . . ဘာမှမကြောက်နဲ့ "

မြနှောင်းအသံသာ ကြားရပြီး . . . လူကိုမမြင်ရ၊

မည်သို့ပင်ဖြစ်စေ၊ ကြောက်အားပိုနေသော မြနှောင်းလည်း တစ်ကိုယ်လုံး၌ ဗွက်အလိမ်းလိမ်းပေကျံနေသည်ကိုပင် ဂရုမစိုက်အားပဲ၊ မိုးထဲလေထဲ အမှောင်ထဲမှာ ရွာသို့ အရောက်ပြေးခဲ့သည်။

× × × × ×

သည်နေ့ညနေပိုင်းကမှ အမေ၏ ရင်ကျပ်ရောဂါပြန်ထလာသည်။ အသက်ထွက်လုမတတ်ချောင်းဆိုးနေသည်။ မိုးအေးသဖြင့် အသက်ရှူက ကျပ်နေသည်။

" ဝေါ . . . ဝေါ . . . "

" ဝုန်း . . . ဝုန်း . . . ဒိုင်း "

အပြင်သွားမယ်ဆိုမှ မိုးက အကြီးကြီးစွာ ရွာသွန်းနေသည်။ အောက်စုရွာလေး၏ အစွန်အဖျားပိုင်းမှာနေသော



www.burmeseclassic.com

www.burmeseclassic.com



မြနှောင်းတို့ သားအမိအတွက် မိုးက အမြိုးကြီးစွာနေသကဲ့သို့ ဖြစ်သည်။

" ဒုက္ခပါပဲ . . . မိုးကတိတ်မလားမှတ်တယ် . . .ပို ပြီးသည်းလာတယ်၊ ဆေးဝယ်ဖို့ဘယ်လိုလုပ်ရမလည်း "

" အဟွတ် . . . အဟွတ် "

" အမေ. . . အမေ . . . ဖြေးဖြေးဆိုး "

" သမီး မြနှောင်း "

" ရှင်အမေ "

" လက်လျှော့လိုက်ပါသမီးရယ် . . . မိုးတိတ်မှပဲ ရှာထဲသွား အခုမသွားနဲ့ . . . အမေသမီးကို စိတ်မချဘူး "

အသက်ဆယ့်ရှစ်နှစ်ရှိပြီဖြစ်သော သမီးအတွက် ညရေးညတာ ဘယ်မှမလွှတ်ချင် "

ဒေါ်အေးစိန်တစ်ယောက် ပန်းနာရင်ကျပ်ဖြစ်နေသည်မှာ သုံးနှစ်ရှိပြီ လုံးဝအရှင်းပျောက်မသွား အေးသော ရာသီဆို ရောဂါထထဖေါက်သည်၊

ဆောင်းတွင်းနှင့် မိုးဦးကျဆို ရောဂါက အသက်ထွက် မတတ်ကျပ်သည်။ အမေ့အတွက် ဆေးကလည်းအမြဲအဆင်သင့် ဆောင်ထားရသည်။





ဆေးရှိသေးသည်ထင်ပြီး ကြိုတင်ဝယ်မထားမိခြင်းဖြစ်သည်၊ အမေ့ရင်ကျပ်ရောဂါ ငြိမ်နေသဖြင့်လည်း ဆေးကုန်မကုန် သတိမထားမိခြင်းဖြစ်သည်။

သည်နေ့ညနေပိုင်းရောက်မှ ရင်ကျပ်ပြန်ထလာသည်၊ မိုးရွာလွန်းခြင်းကြောင့်လည်း ရောဂါထခြင်းဖြစ်သည်၊ ဆေးသောက်ရန် ထယူမှ ဆေးကုန်မှန်းသိသည်၊ ထိုအချိန် ငါးနာရီ ကျော်ခြောက်နာရီထိုးတော့မည်။

မိုးသားတိမ်လိပ်တို့ကြောင့် မှောင့်သင့်သည်ထက် ပို မှောင်သည် မြနှောင်းအတွက်လည်း အပြင်ထွက်လျှင် လွတ်လပ်မှုမရှိ သတိနှင့် သွား၊ သတိနှင့်လာနေရသည်၊ ရွာလည်ပိုင်းက အရက်သမား၊ ကြက်သမားထွန်းငွေက မြနှောင်းကို အနီးပတ်ဝန်းကျင် အသိမိတ်ဆွေ အိမ်တစ်အိမ်အိမ်မှာ ခိုကပ်နေရင်း မြနှောင်းအဝင်အထွက်ကို စောင့်ကြည့်နေသည်။

မြနှောင်း အပြင်ထွက်သည်ကို တွေ့သည်နှင့် ဘယ်က မှန်းမသိ ပေါ်လာပြီး လူပျိုစကားလိုက်ပြောသည်၊ လက်ကလည်း အငြိမ်မနေ ဆွဲလားရမ်းလား လုပ်တတ်သည်။

မြနှောင်းက အတင်းငြင်း၊ အတင်းပြောဆိုသဖြင့် ရှေ့ဆက်၍ အတင့်ရဲ မလာခြင်းဖြစ်သည်။ မှောင်စပြုပြီး မိုး[illegible]



www.burmeseclassic.com

www.burmeseclassic.com



နေသဖြင့် အပြင်လမ်းမပေါ် လူသွားလူလာမရှိတော့၊

အမေလည်း ပင်ပန်းလွန်း၍လားမသိ၊ အိပ်ပျော်သွားပြီ ထို့ကြောင့် ထီးတစ်လက်ယူ၍ ဆေးဝယ်ရန် အိပ်ပေါ်မှ ခြေဖွနင်းပြီး ထွက်လိုက်သည်။

အပြင်ရောက်တော့ တံခါးကို ဆွဲပိတ်ပြီး ဘီးဆောင်းကာ ထွက်ခဲ့သည်။ ဆေးဆိုင်က ရွာလယ်မှာရှိသည်၊ ဆေးဆိုင်ရောက်တော့ဆိုင်ပိတ်နေပြီ၊

သို့ကြောင့် အိမ်ပေါ်သို့လှမ်းခေါ်ရသည်၊ မြနှောင်းဝယ်နေကျဆေးကို သိသဖြင့်၊

" နင့်အမေအတွက် ဆေးဝယ်မလို့လား၊ မြနှောင်းဆေးကုန်သွားပြီအေ့၊ နောက်နေ့မှပဲ ရတော့မယ် "

မြနှောင်းအမောဆို့သွားသည်။

" ဒုက္ခပါပဲ . . . အမေ ဒီညဆေးမသောက်ရလို့မဖြစ်ဘူး "

" အခြားဆေးဆိုင်လည်း မရှိဘူး၊ ထနောင်းကုန်းရွာမှာပဲ ရှိတော့တယ်၊ ဒီအတိုင်းဆို ထနောင်းကုန်း သွားဝယ်မှပဲရတော့မယ်၊ ထနောင်းကုန်းမှာ ဆိုင်သုံးလေးဆိုင်ရှိတယ်၊ တစ်ဆိုင်မဟုတ်တစ်ဆိုင်တော့ရမှာပဲ "





" အဲဒီရွာကို နာရီဝက်လောက်သွားရမယ် "

သွားမည်ဟု ဆုံးဖြတ်ပြီး ခရီးစဉ်ကို စဉ်းစားလိုက်သည်။

" ဟင် . . .ဒုက္ခပါပဲ ဒီနှစ်ရွာကြားမှာ သင်္ချိုင်းရှိနေတယ်၊ သင်္ချိုင်းသေးတာလမ်းက ဇီတစ်ယောက်တည်းမသွားရဲဘူး "

ထိုစဉ် နောက်မှ ခြေသံကြား၍ လှည့်ကြည့်လိုက်ရာ သူ့အား ဇွဲကောင်းကောင်းနှင့် အမြဲအနောက်အယှက်ပေးနေသည့်အရက်သမား၊ ကြက်သမား ထွန်းငွေကို တွေ့လိုက်ရသည်။

" ဟော့ . . . မြနှောင်း ဆေးလာဝယ်တာလား "

" ဟုတ်တယ်၊ အမေ့အတွက် ဆေးလာဝယ်တာ. . မရလို့ စိတ်ညစ်နေတာ "

" ဒီရွာမှာမရှိရင် ထနောင်းကုန်းမှာ ဆိုင်တွေရှိတာပဲ သွားဝယ်ပါလား မြနှောင်းရဲ့ "

" မသွားရဲပါဘူး . . . နောက်မှပဲ ဝယ်တော့မယ်"

" လာပါ . . . ဇီတစ်ယောက်လုံးအဖော်လိုက်ပေးပါ့မယ် "



www.burmeseclassic.com

www.burmeseclassic.com



" ရှင်နဲ့ဆို ပိုပြီးမသွားချင်သေးတယ် "

" ငါချစ်တဲ့ မိန်းကလေးရဲ့ အခက်အခဲကို ငါဖြေရှင်းပေးမှာ ငါ့ကို မကြောက်ပါနဲ့၊ နင့်အမေအတွက် ဒီဆေးမရလို့ မဖြစ်ဘူး မဟုတ်လား "

" ဟုတ်တယ် "

" ဒီလောက်မိုးအေးနေတာ . . . နင့်အမေရောဂါခံစားနေရမှာပဲ . . . လာပါ ငါလိုက်ပို့ပေးမယ် "

မြနှောင်းလည်း လာမယ့်ဘေးပြေးတွေ့ရုံသာ ရှိတော့တယ်၊ အမေ့အတွက် ဆေးရဖို့အရေးကြီးသည်၊ ထို့ကြောင့် ထွန်းငွေ၏ အရက်ခိုးရော၊ ရမက်မိုးပါ၊ ဝေနေသည့်အကြည့်ရိုင်းများကို မျက်နှာလွှဲရင်း ဆေးသွားဝယ်ရန် ဆုံးဖြတ်လိုက်သည်။

" ရှင်ဘာမှ မနှောင့်ယှက်ဘူးဆိုရင် သွားဝယ်ကြမယ်"

" ဒီလိုမှပေါ့ . . . ကဲလာသွားမယ် "

မကြာခင် ရွာပြင်သို့ ထွက်လာသည်။

လေရောမိုးပါ . . .သည်းနေဆဲဖြစ်သည်။ ထီးကလည်း လူကိုမလုံ၊ ထွန်းငွေက ဆောင်းစရာမပါ၊

လေဆန်ကို အံတုပြီး သွားနေရသဖြင့် ထီးကလည်း





လူကို လုံအောင်မပေးနိုင်၊ ခေါင်းကဆံပင်များပါ စိုရွှဲကုန်သည်။

ထွန်းငွေက အရက်မူးမူးနှင့် မြနှောင်း၏ အသားကပ်အလှကို တစိမ့်စိမ့်ခံစားရင်း နောက်မှ လိုက်ခဲ့သည်။

ဖော် . . . ဖော် . . . ရှိုး

သန်းရိုင်းကို ကျော်၍ ဆယ်မိနစ်ခန့်လျှောက်လိုက်သည်နှင့် ထိန်တောရွာစပ်သို့ရောက်သည်။

ဆေးဆိုင်သို့ရောက်သော် လိုချင်သောဆေးကိုရလိုက်သည်၊ ပါသောငွေနှင့် သုံးခွက်စာရသည်၊ ဆေးဝယ်ပြီးပြန်လာသည်။

အပြန်မှာ မြနှောင်းလည်း ဆေးရပြီမို့ စိတ်အနည်းငယ်သက်သာသွားသည်၊ အမေအိပ်မောကျနေပါစေ၊ အိပ်နေမှ ရောဂါခံစားမှု သက်သာမှာ သူမရှိတုန်း အမေနိုးနေလျှင် ပြုစုမည့်သူမရှိ အမေမနိုးပါစေနှင့်ဟု ဆုတောင်းရင်း ခြေလှမ်းမြန်မြန်လျှောက်ခဲ့သည်။

မြနှောင်း၏ မိခင်က နတ်ဝင်သည်အလုပ်နှင့် အသက်မွေးဝမ်းကျောင်းပြုနေသူဖြစ်သည်။ ရွာထဲက တစ်ပိုင်တစ်နိုင်ထိုင်ကနားလေးများပေးသည့်အခါ၊ မြနှောင်းတို့ သားအမိကို အားကိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



မိခင်ကြီး ပန်းနာရောဂါထနေသည့် အခါမျိုးဆိုလျှင် မြနှောင်းက အမေအစားတာဝန်ယူ ပင့်ဆောင်ပေးပြောပေးရသည်။

အတိုက်အခိုက် ပယောဂကိစ္စပတ်သက်၍ သိချင်သူများက မယ်တော်လေးပါးနှင့် အမေဂျမ်းတို့ကိုလည်း ပင့်နိုင်းသည့်အခါလည်း မြနှောင်းတို့သားအမိလည်း တာပန်ယူလုပ်ကိုင်ပေးရသေးသည်။

၃၇–မင်းနတ်ကန္တပွဲများတွင် မယ်တော်လေးပါးဆိုလျှင် အထူး ပြောစရာမလိုပဲ နတ်ကိုးကွယ်သူများ ဝါရင်းတနီး သိရှိပြီးသားဖြစ်ပေသည်။

ထူးခြားချက်မှာ မယ်တော်လေးပါးနတ်များကို မသရာ၊ တပါးချင်းခွဲ၍ မပသရပဲ၊ လေးပါးစလုံးကို တစ်ပြိုင်တည်း တစ်ပွဲတည်း ပသရခြင်းပင်ဖြစ်သည်။

ဆိုလိုသည်မှာ မယ်တော်လေးပါးကန်တော့ပွဲသည် တစ်ပွဲတည်း စားပွဲလည်းတစ်ပွဲဟည်းနှင့် ပြီးနိုင်သည်၊

မယ်တော်လေးပါးအား အရှေ့မယ်တော်၊ အနောက်မယ်တော်(အမေရေယဉ်) တောင်မယ်တော်၊ မြောက်မယ်တော် ဟူ၍လေးပါးဖြစ်ပြီး ညီအစ်မလေးဦးဖြစ်သည်။





ထိုလေးပါးအနက် အထင်ရှား၊ အကျော်ကြားဆုံး ဘ၊ အနောက်မယ်တော်ခေါ် အမေရေယဉ်ဖြစ်သည်၊ မုံရွာခရိုင်ယင်းမာပင်မြို့နယ်၊ ဇီးတောရွာတွင် နန်းရင်ရှိသည်။

ရိုးရာအလိုက် ကိုးကွယ်သူနည်းပါးလှသည်၊ အရေးအကြောင်းရှိ၍၊ ပသသူတွေသာများလေသည်၊

ပသပုံမှာထုံးစံအတိုင်း အုန်းပွဲငှက်ပျောပွဲ၊ ကွမ်းလက်ဖက်ဖယောင်းတိုင်နှင့် အမွှေးတိုင်များဖြင့် ဆက်သပြီးနောက်၊ ထူးထူးခြားခြား စားပွဲလည်းဆက်ရသေးသည်။

အမေဂျမ်းအတွက် တစ်ပွဲသီးသန့် ပြင်ပေးရသည်။

မယ်တော်လေးပါးကို တစ်ပါးစီအစဉ်လိုက်ပင့်ရသည် အခြားမယ်တော်သုံးပါးက အေးအေးဆေးဆေးပင် ဖြစ်သော်လည်း အနောက်မယ်တော် (အမေရေယဉ်)သည်ကား၊ ထူးခြားထက်မြက်သည့် မယ်တော်တစ်ပါးဖြစ်သည်။

အမေရေယဉ် ဝင်လာကတည်းက သွက်လက်ဖျက်လပ်၍ ဆက်ကပ်ထားသည့် ကြက်အသည်း၊ ကြက်အမြစ်များကို အားရပါးရစားသုံးလေ့ရှိပေသည်။

စားသုံးပြီး မိမိလိုသည့်အချက်များကို မေးမြန်းပါက၊ အမေရေယဉ်က ဖြေဆိုပါလိမ့်မည်၊



www.burmeseclassic.com

www.burmeseclassic.com



အမေရေယဉ်က သူ့စကား သူ့အဟောအပြောများ မှန်ကန်သည့် အကြောင်းမီးစား၍ သက်သေထူပြလေ့ရှိသည်

ပင့်သူများက "အမေကြွတုန်းကြွခိုက် သားသမီးတွေနဲ့ ပျော်ပျော်ပါးပါး မီးစားပြပါ . . မမြင်ဖူးလို့ ကြည့်ချင်ပါတယ်" ပြောလိုက်လျှင် ချက်ချင်းဖယောင်းတိုင် ငါးချောင်းမှ ကိုးတိုင်ခန့် လက်နှင့် တစ်ဖက်စီထုတ်၍ မီးညှိစေပြီးအားပါးရ မီးညွန့်များကိုစားပြသည်၊

ဖယောင်းတိုင်ထက်ဝက်ခန့်အထိ ဆုတ်ကိုင်ပြီးမီးညွန့်စားပြသည်၊ တစ်ခါတစ်ရံလက်ပေါ်သို့ပင် ဖယောင်းစက်များ၊ ချပြတတ်သည်။

အမေရေယဉ်က သူတစ်ပါးအကောက်ကြံသောကိစ္စများ၊ စုန်းကိုက်၊ နတ်ကိုက် အင်းကိုက်များကိုကြိုတင်သိရခြင်း၊ ကျရောက်မည့် အန္တရာယ်ကိုကာကွယ်ပေးခြင်း၊ လုပ်ငန်းအကြံအစည်အောင်မအောင် သိရှိရခြင်းတို့ကြောင့် အမေရေယဉ်ကို အထူးပသကြသည်။

အမေဂျမ်းနတ်က အပြောအဆိုပွင့်လင်းပြီး မကြိုက်လျှင် ပက်ပက်စက်စက်ဆဲဆိုပြောတတ်သည်။ မစချင် ချက်ချင်း မစတတ်သည် အမြင်မတော်လျှင် ဆဲဆိုကြိမ်းမောင်းသည်။





အမေရေယဉ်၏ နောက်လိုက်တပည့်များထဲတွင် အာဏာအရှိဆုံးနှင့် အထက်ဆုံးက အမေမဖဲဝါပင်ဖြစ်သည်။

စားတော်ပွဲကျများကို အိမ်ရှေ့တွင်ဖက်ခင်းပြီးသည်နှင့် ဖက်ပေါ်လောင်းထည့်ကာ မဖဲဝါနှင့် တစ်ကွနောက်လိုက် နောက်ပါများ စားသုံးရန် ဖိတ်ခေါ်ကျွေးမွေးရသည်။

အမေဖြစ်သူ ဒေါ်အေးစိန် ရွတ်ဖတ်ပြီး၍ ပွဲသိမ်းလျှင် မြနှောင်းက အမေမဖဲဝါတို့စားရန် စီစဉ်ပေးရသည်၊ မြနှောင်းက စားသောက်ပွဲပြီးဆုံးသည်နှင့် ပွဲကျများကို မဖဲဝါနှင့် တစ်ကွ၊ နောက်လိုက်များကို အမြဲတစေခေါ်ယူကျွေးမွေးနေသဖြင့် မဖဲဝါ အနေနှင့် မြနှောင်းအား သိကျွမ်းပြီးဖြစ်ပေမည်။

ထို့ကြောင့်လည်း ယခုမြနှောင်းဒုက္ခရောက်တော့ တမ်းတလိုက်သည်နှင့် မဖဲဝါ ရောက်လာခြင်းဖြစ်ပုံရသည်။

* * *

" ဟား . . . .ဟား . . . ဟား "

လူမမြင်ရပဲ အသံသာကြားနေရသော ထိုနေရာမှ မြနှောင်းက ပြေးထွက်လာခဲ့သည်။

" မင်းက ငါ့ကိုတွေ့ချင်တယ်ဟုတ်လား . . . အခုမင်းတွေ့ချင်တဲ့ မဖဲဝါဆိုတာငါပဲ . . . မင်းလိုကောင်းဟာ လူလောက



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ဘာမှမသုံးမဝင်ဘူး၊ ဆန်ကုန်မြေလေးတစ်ယောက်ပဲ"

" မင်းကို သတ်ပစ်မှ အေးမယ် "

" အား . . . ကြောက် . . . ကြောက်ပါပြီ . . . မဖဲဝါ ကြောက်ပါပြီ . . . မ . . . မသတ်ပါနဲ့ "

" ဟား . . . ဟား . . . ဟား ကြောက်နေပြီမဟုတ်လား "

" မင်းရှိနေရင် မြနှောင်းရဲ့ ဘဝမလုံခြုံဘူး . . .ဒီတော့"

မဖဲဝါ၏ လက်တစ်ဖက်က ထွန်းငွေ၏ ဗိုက်ထဲသို့ ထွပ်ကနဲ ဝင်သွားပြီး အူအသည်းများကို ဆွဲနှုတ်ထုတ်ယူလိုက်သည်။

ထွန်းငွေတစ်ယောက် မဖဲဝါ၏ လက်ချက်ဖြင့် အသက်ထွက်သွားရပါတော့သည်။ မဖဲဝါပြောခဲ့သည့်အတိုင်း လူ့အကျိုးမပြုသည့် ထွန်းငွေတစ်ယောက်လူလောကထဲက ထွက်သွားရပြီဖြစ်သည်။

* * * * *



# " သရဲနိုင်ခါးနဲ့ မဖဲဝါ "

ဦးဘထွန်း တစ်ယောက်ဆေးရုံဝန်ထမ်းအလုပ်မှ ထွက်ခဲ့သည်မှာ သုံးနှစ်နီးပါးရှိနေပြီဖြစ်သည်၊ သူ့ဝန်ထမ်းဘဝကထွက်တော့ သူနှင့်အတူလုပ်ဖေါ်ကိုင်ဖက် လက်ဆွဲတော်ဓါးတစ်ချောင်းပါခဲ့သည်။

ထိုဓါးအရှည်က ရှစ်လက်မသာရှိသည်၊ ထိုဓါးရာဇဝင်ကဤသို့ဖြစ်သည်။

ဦးဘထွန်း အလုပ်လုပ်သည်က မြို့နယ်ဆေးရုံမှာအလုပ်လုပ်ခဲ့သည်။ အရေးပေါ်လူနာများ၊ ဒဏ်ရာအကြီးအကျယ်ရသူများကို ပြုစုလုပ်ကိုင်ပေးရင်း တစ်ရက်၊ ရင်ခွဲရုံမှာတာဝန်ကျအလုပ်လုပ်နေသူ ဆာမိတစ်ယောက် ရုတ်တရက်ကားတိုက်ခံလိုက်ရပြီးသေဆုံးသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တာဝန်ရှိသူ ဆေးရုံအုပ်ကြီးက ဦးဘထွန်းအား ရင်ခွဲရုံမှာ တာဝန်ယူနိုင်ရေး ဆာမိဖ်နေရာဝင် ယူပေးပါရန် ပြောဆိုနေရာချပေးသည်။ အရေးပေါ်လူနာများအား ပြုစုကို ကွယ်ပေးရင်း ရင်ခွဲရုံသို့ရောက်လာသော အလောင်းများအား တာဝန်ယူလုပ်ကိုင်ပေးရသည်။

ရင်ခွဲရုံမှာ တစ်ရက်ကို သေသူတစ်ယောက်သို့မဟုတ် ပို၍ရှိနေတတ်သလို သေသူမရှိသော ရက်များလည်းရှိခဲ့သည်။

ရင်ခွဲရုံတွင် တာဝန်ယူခဲ့သည်မှာ ငါးနှစ်ခန့်ရှိခဲ့သည်။ သူရင်ခွဲရုံမှာ တာဝန်ထမ်းဆောင်နေစဉ် ဆရာကြီးဆိုသူတစ်ယောက်နှင့် ဆုံလိုက်သည်၊

ထိုဆရာက အထက်လမ်းဆရာလား၊ အောက်လမ်းဆရာလား၊ ဦးဘထွန်းမသိ ထိုဆရာကြီးက ဦးဘထွန်းအား မင်းအလောင်းတွေကို ရင်ခွဲတဲ့အခါသုံးတဲ့ ဓါးကို မှော်အစွမ်းဝင်အောင်လုပ်လို့ရကြောင်းပြောပါသည်။

ဓါးကို နှစ်ချောင်းထားသုံးရန်လည်းပြောပါသည်။ ရိုးရိုးဝဋ်နာကံနာနှင့် သက်တမ်းကုန်၍သေသူများကို ရင်ခွဲသည့်အခါ သုံးရန်ဓါးတစ်ချောင်းထားဟု ပြောသည်။

အဆောင်မှော်စိတ်ဝင်စေမည့် ဓါးကိုတော့ အစိမ်းသေ





သေသူများကိုသာ သီးသန့်ရင်ခွဲသည့်ဓါးဖြစ်ရမည်ဟု ဆိုသည်၊

ထိုအစိမ်းသေများကို ခွဲသောဓါးက အလောင်းတစ်ရာ့ တစ်ဆယ့်နှင့် တစ်လောင်းပြည့်အောင် ခွဲပြီးသည်နှင့် ထိုဓါးက စီညာဉ်သရဲတစ္ဆေများကို ကောင်းစွာနိုင်နင်းသည်ဟု ဆိုသည်။

ထိုဓါးကို သရဲတစ္ဆေများကြောက်သည်ဟု ဆိုသည်။

ထို့ကြောင့် ထိုဆရာကြီးပြောပြီးကတည်းက ရင်ခွဲရုံမှာ ဓါးမျိုးစုံရှိသည့်အနက်၊ သူတာဝန်ယူခဲ့သည့် ငါးနှစ်တာ ကာလ အတွင်း အစိမ်းသေမှန်သမျှ ရင်ခွဲသည့်အခါ ထိုဓါးတစ်လက်ကို သာ စွဲစွဲမြဲမြဲသုံးခဲ့သည်။

အလုပ်မထွက်ခင် တစ်နှစ်မတိုင်ခင်ကတည်းက ထိုဓါးနှင့် အစိမ်းသေမှန်သမျှ ခွဲစိတ်ပေးခဲ့သည်မှာ တစ်ရာ့တစ်ဆယ့် တစ်ယောက်ပြည့်သွားခဲ့သည်။

ထိုသို့အရေအတွက်ပြည့်ပြီးသည်နှင့် ထိုဓါးကို သိမ်းဆည်းထားလိုက်သည်။ နောက်ပိုင်းဆေးရုံရေခဲတိုက်မှာ ရင်ခွဲရန်ရှိသောအခါ ဓါးမျိုးစုံနှင့် ရောနှောသုံးစွဲခဲ့တော့သည်။

ထို့ပြင် ထိုဆရာကြီးက ပြောသေးသည်။ ကလေး မမွေးနိုင်ပဲ ကိုယ်ဝန်သည်အစိမ်းသေများသေလျှင် ကလေးကို ခွဲထုတ်ပစ်ရသည်။ ထိုကဲ့သို့ ကိုယ်ဝန်သည်အစိမ်းသေများကို



www.burmeseclassic.com

www.burmeseclassic.com



ခွဲသောဓါးလည်း တစ်မျိုးစွမ်းသည်ဟု ပြောသည်။

ထို့အစိမ်းသေ အရေအတွက်ပြည့်ရန် မလွယ်သဖြင့် သာမန်အစိမ်းသေများကိုသာ သီးသန့်ဓါးနှင့် ခွဲစိပ်အသုံးပြုခဲ့ခြင်းဖြစ်သည်။

သူကတော့ ထိုဓါးကို သွားလေရာ လွယ်အိတ်ထဲထည့်ပြီးယူသွားသည်။ ညဘက်ယူသွားသည့်အခါ အားဆေးတစ်ခွက်ထဲသို့ စိတ်ကိုလန်းဆန်းပြီးရဲတင်းမှုကိုဖြစ်ပေါ်စေသည်ဟုပင် ထင်မိသည်။

ထိုဓါးတစ်ယ ယ်စွမ်းကြောင့် ဦးဘထွန်းတစ်ရက်မှာ သိလိုက်ရသည်။ အကြောင်းက သူဆေးရုံသို့ အလုပ်ဝင်လာခဲ့သည်။

ရင်ခွဲရုံမှာ အလောင်းတစ်လောင်းမှ မရှိသဖြင့် ဆေးရုံပေါ်မှာပင် ဆရာဝန်၊ ဆရာမတို့ခိုင်းသော တောက်တိုမယ်ရ အလုပ်များကို လုပ်ပေးနေသည်။

နေ့ခင်းရောက်တော့ ဆေးရုံသို့ ကားမှောက်ပြီး ဒဏ်ရာအကြီးအကျယ်ရထားသူ ငါးယောက်ရောက်လာသည်။

ညနေပိုင်းမှာဆို ငါးယောက်မှ ဒဏ်ရာပြင်းထန်သဖြင့် နှစ်ယောက်ဆုံးသွားသည်။ ထိုအလောင်းနှစ်လောင်းကို ရင်ခွဲ





ရုံသို့ ဦးဘထွန်းက တွန်းလှည်းပေါ်တင်ပြီး ရင်ခွဲရန်သယ်သွားသည်။

ရင်ခွဲရုံရောက်တော့ သူ့တာဝန်အရ ရင်ခွဲရမည်ဖြစ်သည်။ အအေးခန်းမရှိသောနယ်ဆေးရုံများမို့ အလောင်းများကို မသင်္ဂြိုဟ်ခင် ပုတ်မသွားစေရန် ရင်ခွဲထားရတော့သည်။

အားလုံးပြီးစီးတော့အချိန်က ခြောက်နာရီကျော်ပြီ အမှောင်ထုက ဖုံးလွှမ်းလာနေပြီ (၆၀) ဝပ်မီးလုံးလေးတစ်လုံးသာ အလင်းရောင်ပေးနေသည်။

ဦးဘထွန်းလည်း တာဝန်ပြီးပြီမို့ ပြန်ရန်ပြင်ဆင်လိုက်သည်။ ထို့နောက် အပြင်ထွက်ရန် ခြေလှမ်းလိုက်စဉ်

ဟီး . . . ဟီး . . . ဟီ

ရင်ခွဲကုတင်ပေါ်တင်ထားသော အလောင်းက ညည်းသံကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်စဉ် အလောင်းကောင်က ရုတ်တရက်ထထိုင်လိုက်သည်ကို တွေ့ရသည်။

အလောင်းကောင်က ထမရပ်ပဲ ထိုင်လျက်က ဦးဘထွန်းကို စိုက်ကြည့်နေသည်။

ချက်ချင်းပင် ခေါင်းကရိုက်ချိုးလိုက်သကဲ့သို့ ဇက်ကျိုးကျသွားသည်။ သူအံ့သြပြီး စိုက်ကြည့်မိနေစဉ်မှာပင် လက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆန့်တန်းပြီး ဦးဘထွန်းကို လက်ညှိုးထိုးနေသည်။

ခေါင်းက ဆတ်ကနဲပြန်ထောင်သွားသည်။ မျက်လုံးနှစ်လုံးက လည်နေသည်။

ဦးဘထွန်း သတိရသွားသည်။ သူ၏လွယ်အိတ်ထဲမှာ ဆောင်ထားသော ဓါးကို ထုတ်ယူလိုက်သည်။ ဓါးကိုကိုင်ပြီး ငုတ်တုတ်ထိုင်နေသည့် အလောင်းကောင်ဆီသို့ ခြေလှမ်းလိုက်သည်။

အလောင်းကောင်က ဓါးကိုမြင်သည်နှင့် ကြောက်လန့်သည့်ဟန်ပြုပြီး ရုတ်တရက်နောက်သို့ လှန်ချလိုက်သည်။

" ဟာ ဒီဓါးနဲ့ ဘာမှတောင်မလုပ်ရသေးဘူး၊ ဓါးကိုမြင်တာနဲ့ ဝိညာဉ်သရဲထွက်ပြေးတယ်။ ဓါးက စွမ်းပုံပဲ "

ဦးဘထွန်းလည်း ထိုအချိန်ကစပြီး ဓါးကို အသေအချာ သိမ်းရန် ဆုံးဖြတ်လိုက်သည်။

နောက်နှစ်သို့အရောက် ဦးဘထွန်းအသက် (၄၉)နှစ်ပြည့်သည့်အချိန်အလုပ်က ကျန်းမာရေးပင်စင်ယူပြီးထွက်ခဲ့သည်။ လုပ်သက်ဆယ့်ငါးနှစ် ရခဲ့သည်။

အလုပ်က ထွက်ခဲ့ပြီး (၃) နှစ်ခန့်တိုင်စားသက်သက် မိသားစုနှင့် အတူနေခဲ့သည်။ အငြိမ်းလိုက်ထုတ်ယူခဲ့သော





ပင်စင်ငွေလေးနှင့် အိမ်ဆိုင်လေးဖွင့်ပြီး ရှင်းနီးခဲ့၍ ထိုင်စားနိုင်ခြင်းလည်းဖြစ်သည်။

ထို့နောက် ဆန်စက်ကိုထောင်တစ်ခုမှာ ဦးဘထွန်း ညစောင့် အလုပ်ရခဲ့သည်၊ ထိုဂိုထောင်က နေ့စဉ်စပါးအထုတ် အသွင်းရှိသည်၊ ခြံဝင်းအတွင်း ဂိုထောင်က နှစ်လုံးရှိသည်၊

မြောက်ဘက်ခြံထောင့်မှာ ကြီးမားသော ညောင်ကြပ်ပင်ကြီးရှိသည်၊ ထိုအပင်ကြီးက နေရာက အတော်အတန် ယူထားသဖြင့် ဂိုထောင်မဆောက်ခင် အလုပ်သမားများနှင့် ရှင်းလင်းရေးလုပ်ခဲ့သေးသည်။

ထိုကဲ့သို့ ရှင်းလင်းရေး လုပ်စဉ် အလုပ်သမားများထဲမှ နှစ်ယောက်က အလုပ်ခွင်မှာပင် အသေဆိုးနှင့် သေသွားရသည်။

တစ်ယောက်က မြစ်ဆုံကြားမှထွက်လာသော မြွေဟောက်ကြီးပေါက်၍ သေဆုံးသွားသည်။

တစ်ယောက်ကတော့ ရောဂါရှာမရ၊ အဖြစ်အပျက် အထိအခိုက် မရှိပါပဲ၊ သစ်ပင်ကြီးကို လွှနှင့်တိုက် ဆွဲနေစဉ်မှာပင် ခေါက်ကနဲလဲကျသေဆုံးသွားသည်။

ညရောက်သောအခါ ဆန်စက်သူဌေးအား သစ်ပင်



www.burmeseclassic.com

www.burmeseclassic.com



မခုတ်လှဲ့ရန် အိမ်မက်လာပေးကြောင်း ပြောပြသည်။

အိမ်မက်ထဲမှာ ကြီးမားသော သရဲလိုလိုအကောင်ကြီးက ညောင်ကြပ်ပင်ကြီးကို အတင်းအဓမ္မလှဲ့ပစ်ပါက နောက်ထပ်လူတွေ သွေးချောင်းစီးကုန်မယ်ဟုခြိမ်းချောက်ပြီး ပြောသွားသဖြင့် ဤအတိုင်းမခုတ်မလှဲတော့ပဲ ထားလိုက်ရသည်။

ဦးဘထွန်း၏ အစောင့်ကင်းတဲက ဂိုထောင်နှစ်လုံးမျက်နှာစာ ခြံဝင်းအဝင်ပေါက်ဘေးမှာ ထားသဖြင့် ညောင်ကြပ်ပင်ကြီးနှင့် ပေငါးဆယ်ခန့်သာ ကွာဝေးသည်။

တစ်ည. . . ဦးဘထွန်း ညကိုးနာရီခန့် ထမင်းချိုင့်ကိုဖွင့်ပြီး ထမင်းစားရန်ပြင်ဆင်နေသည်။ ထိုနေ့မှာ ဇနီးဖြစ်သူက အမဲသား ဆီပြန်ချက်ပေးလိုက်သည်။

ဦးဘထွန်း ထမင်းချိုင့်ဖွင့်လိုက်သည်နှင့် အမဲသားဟင်းနံ့က လှိုင့်ပြန့်ထွက်လာသည်။

အမဲသားဟင်းကို ဦးဘထွန်းကြိုက်မှန်းသိ၍ ချိုင့်တစ်ဝက်နီးပါးထည့်ပေးလိုက်သည်၊ ဟင်းနံ့လေးက မွှေးနေသဖြင့် ဦးဘထွန်း တံတွေးပင် သီးသွားရသည်၊

"အင်း . . . ဒီနေ့ ဗိုက်တင်းတော့မှာပဲ"

ဦးဘထွန်းဟင်းချိုင့်ထဲ ဟင်းခပ်ရန်ပြင်လိုက်သည်၊ ပုံခံ





မမှန်တာကို တွေ့လိုက်သည်။

ဖွင့်ကာစက အသားတုံးများ မျက်နှာပြင်မှာညီညီညာ ရှိနေသည်၊ ယခု အနည်းဆုံး သုံးတုံးစာခန့်နေရာလပ်ဖြစ်နေသည်ကို တွေ့လိုက်သည်။

"စောစောကနေရာလွတ်မရှိပါဘူး"

စဉ်းစား၍မရသဖြင့် သူ့စိတ်ထင်လို့ဖြစ်မှာပါဟု တွေးပြီး အမှတ်မထားတော့ပဲ ဇွန်းနှင့် ဟင်းကို ခပ်ယူပြီး ထမင်းကို စားနေလိုက်သည်။

နောက်ထပ်ဟင်းခပ်မည်အပြု သူ့ရှေ့ကဟင်းက တစ်ဝက်ခန့်လျော့နေပြီ၊ သူနှစ်တုံးသာ ခပ်ယူရသေးသည်၊ ထိုစဉ်သူကြည့်နေစဉ်မှာပင် ဟင်းခွက်ထဲရှိဟင်းတုံးခြောက်တုံးမှ သုံးတုံးမျက်စေ့အောက်မှာ ပျောက်သွားသည်၊

ခွက်အတွင်းလျော့သွားသည်ကိုသာ တွေ့ရပြီး အပြင်သယ်ထုတ်သွားသည်ကိုမတွေ့၊

"ဟင် ငါ့ဟင်းကို သရဲနိုက်စားနေပြီ"

ဦးဘထွန်းလည်းဘေးမှာ ထောင်ထားသောဓါးကိုမသိမသာယူလိုက်သည်၊ ကျန်ဟင်းသုံးတုံးကို သူမနိုက်သေးပဲ အခြေအနေစောင့်ကြည့်နေစဉ် လက်ကျန်ဟင်းဖတ်သုံးတုံးမှ



www.burmeseclassic.com

www.burmeseclassic.com



ရှားသွားသည်ကို မြင်လိုက်သည်နှင့် ဦးဘထွန်းလည်း သွက်လက်စွာ ဓါးနှင့် အပေါ်က မိုးပြီး စိုက်ချလိုက်သည်။

" အား "

နာကျင်၍ အော်လိုက်သော အသံကြီးကြားလိုက်ရသည်၊ ကင်းတဲစင်ပေါ်မှ ခုန်ချပြီး ညောင်ကြပ်ပင်ပေါ်တက်သွားသည့် လှုပ်ရှားသံကိုကြားနေရသည်။

သရဲကောင်ကို ထိအောင်နာကျင်အောင်လုပ်၍ ရမှန်း ဦးဘထွန်းသိသွားသည်။ သရဲကြီး၏ လက်ကိုထိုးစိုက်မိသွားပေလိမ့်မည်၊ ထို့ကြောင့် နာကျင်လွန်းသဖြင့် သစ်ပင်ကြီးပေါ် အသည်းအသန်ပြေးတက်သွားခြင်းဖြစ်နိုင်သည်၊ သစ်ကိုင်းများ လှုပ်ခါနေဘုန်းပင်။

ခါတိုင်း သစ်ပင်ပေါ်က သရဲ၊ အတက်အဆင်းလုပ်ပေမယ့် ချိုးချိုးချွတ်ချွတ်အသံပင်မကြားရ။

ဤသို့ဖြင့် ရက်တွေကြာသွားသည်၊ စိတ်မှတ်ရှိ၍လား သူ့ဓါးကိုကြောက်၍လားမသိ၊ ညောင်ကြပ်ပင်ပေါ်ကသရဲ သူ့ထံမှ ဟင်းကို လာနှိုက်မစားတော့၊

ဦးဘထွန်းအိမ်ကလည်း အမဲသားဟင်းမချက်ဖြစ်၍ သရဲမကြိုက်၍ လာနှိုက်မစားခြင်းလားမသိ၊ ဦးဘထွန်းကိုလည်း





သရဲကြီးက သူ့လက်ကိုဓါးနှင့် ထိုးလိုက်ခြင်းကြောင့် ရန်လာပြုခြင်းမရှိ အရာရာအေးချမ်းမှုအတိရှိခဲ့သည်။

* * *

" ဟဲ့ အေးခင် . . .ရေးကြီးသုတ်ပြာနဲ့ ဘယ်ကိုလည်း"

" ဒို့ကြီးတော်အိမ်ကိုသွားမလို့လိုက်ဦးမလား "

" ကိစ္စ အထူးရှိလို့လား "

" ကြီးတော်သန်းကို . . . သရဲပူးနေလို့ဆိုလားမဲ့ သရဲက အတော်ကြမ်းတယ်ဆိုပဲ "

" အေး စိတ်ဝင်စားသွားပြီ . . .ငါလည်း လိုက်မယ် စောင့် "

အေးခင်နှင့် ထွေးစိန်တို့နှစ်ယောက် သုတ်သုတ်ပြာပြာနှင့် ရွာထဲသို့ လျှောက်လာခဲ့ကြသည်။

လမ်းမှာ အေးခင်၏ အစ်ကိုဝမ်းကွဲတင်စိုးနှင့် ဆုံကြသည်။

" အစ်ကိုတင်စိုး ဘယ်ကလာတာလည်း ကြီးတော်သန်းတို့အိမ်ကလား "



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်တယ် . . . ဒေါ်လေးကို ဘယ်ကသရဲမှန်း မသိဘူး ဝင်ပူးနေလို့ ဆရာသက်အောင်နိုင်ကို သွားပင့်မလို့"

" ဟင် အဲဒီဆရာက ဗေဒင်လက္ခဏာ၊ အကြားအမြင် ဆရာမဟုတ်ဘူးလား၊ ပယောဂနိုင်လို့လား "

" ဟုတ်တော့ ဟုတ်တယ်၊ စုန်း၊ ပယောဂ၊ ကဝေ၊ ရှာသူ အကုန်ကုတယ်လို့ ကိုငွေးအောင်က လမ်းညွှန်လိုက်တာပဲ သွားပင့်ကြည့်တာမများပါဘူး "

" အိမ်မှာကြီးတော်ရဲ့ အခြေအနေဘယ်လိုနေလည်း"

" မေးလို့ကိုမရဘူး . . . ကြီးတော်မှာ ဝင်ပူးကပ်နေတာက သရဲမဟုတ်ဘူး၊ သရဲထီးအတော်စိတ်ဆိုးနေတဲ့ပုံပဲ၊ ငါ့မိန်းမကို သတ်ပစ်တဲ့အတွက် သူ့မိသားစုကိုငါသတ်မယ် . . ဆိုပြီး အိမ်မှာ ဝုန်းဒိုင်းကို ကျဲနေတာပဲ "

" ခြံထဲမှာလည်း လူတွေအပြည့်ပဲ . . . နင်တို့သွားမလို့လား . . . ငါ့ဆရာသွားပင့်တော့မယ် "

" ဆရာပါလာရင်တော့ ကြည့်ကောင်းမှာပဲ "

တင်စိုးလည်း အေးခင်တို့ကို နှုတ်ဆက်ပြီးထွက်သွားသည်၊

အေးခင်နှင့် တင်စိုးတို့က မောင်နှမတစ်ပမ်းကွဲ တော်





စပ်သည်၊ အေးခင်၏ မိခင်က ဒေါ်စန်းတင်စိုး ဖခင်ကဦးစံကွန့်၊ ဒေါ်သန်းနှင့် မောင်နှမများဖြစ်သည်၊ ဒေါ်သန်းက အကြီးဆုံးဖြစ်သည်။ အသက်ငါးဆယ့်သုံးနှစ်ရှိပြီ

ဦးဘထွန်း၏ ဇနီးဖြစ်သည်၊

" ဟား . . . ဟား . . . ဟား ငါ့မိန်းမကို သတ်သွားတဲ့ကောင်ကို ငါအရှင်မထားဘူးကွ ဒီကောင့်မိန်းမနဲ့ သားသမီးတွေကိုလည်း အရှင်မထားဘူးကွ "

အိမ်ပေါ်မှာ လူကြီးသုံးလေးယောက်သာရှိသည်၊ ဦးစံကွန့်လည်း ရောက်နေသည်၊

အိမ်ရှေ့မှာရော၊ အိမ်ရှေ့ကပြင်နှင့်မီးဖိုဆောင်အတွင်းမှာ စိတ်ဝင်စား၍ လာကြည့်သူများနှင့် ပြည့်နှက်နေသည်။

" ဟော့ မင်းတို့ ဘာလာကြည့်နေတာလည်း ငါ့မိန်းမကိုသတ်တဲ့အတွက် မကျေနပ်လို့လာခဲ့တာကွ ငါဘယ်သူလည်း သိချင်လား ညောင်ကြပ်ပင်မှာနေတဲ့ သရဲနက်မှောင်ပဲ "

" ဟား . . . ဟား . . . ဟား "

" ဒုန်း . . . ဒုန်း . . . ဒုန်း "

" ဟီး . . . ဟီး . . . ဟီ "

" ငါမကျေနပ်ဘူးကွ၊ ငါပြန်သတ်ရမှ ကျေနပ်[illegible]ကွ"



www.burmeseclassic.com

www.burmeseclassic.com



ဒုန်း . . . ဒုန်း . . . ဒုန်း

ကြီးတော်သန်းလည်း အိမ်၏ ကာထားသောပျဉ်ထရံကို ခေါင်းနှင့် နှစ်ချက်သုံးချက်ပစ်ဆောင့်လိုက်သည်။

" ငါ့ အကြောင်းသိစေရမယ် . . . မင်းတို့ကို လုံးဝ မကျေနပ်ဘူးကွ "

အိမ်မှာ လူတွေများလာသည်နှင့် သရဲက ဘာမှဆက်မလုပ်ပဲ ထိုမျှသာ ပြောပြီး ထွက်သွားပြီထင်သည် ကြီးတော်သန်း ဟီးကနဲညည်းကာ ကြပ်းပြင်ပေါ်ခွေလဲကျသွားသည်။

ဒေါ်သန်းလဲကျသွားသည်နှင့် ဆွေမျိုးသားချင်းများ မရဲတရဲအိမ်ပေါ်တက်လာကြသည်။

" သရဲထွက်သွားပြီဟေ့ . . . မသန်းကို ယပ်ခပ်ပေးကြဒီသရဲက ဒီအတိုင်းတော့ပြီးဦးမယ်မထင်ဘူး၊ နောက်ထပ်ရောက်လာဦးမယ်ထင်တယ် "

ဒေါ်သန်း၏ သမီးစိုးစိုးမာက ယပ်တောင်ယူလာပြီး ဒေါ်သန်းကို ယပ်ခပ်ပေးနေသည်။

" ငါဘယ်လိုဖြစ်သွားတာလည်း "

" ကြီးတော်ကို သရဲဝင်ပူးနေတာ နာရီဝက်လောက်ကို ကြာတယ်၊ ဦးလေးအလုပ်သွားပြီး မကြာဘူးဝင်တာ "





ဦးဘထွန်းက အိမ်မှအလုပ်သို့ ညနေလေးနာရီပုံမှန်သွားသည်။ အလုပ်သမားများအလုပ်သိမ်းချိန်က ပုံမှန်မဟုတ်စပါးအဝင်အထွက်ပေါ်မူတည်၍ စောစောသိမ်းသည့်အခါ သိမ်းသည်။

နောက်ကျမှ သိမ်းသည့်အလုပ်က သိမ်းသည်။ စောစောအလုပ်သိမ်းသွားလျှင် ကုလားလေးက ဂိုဒေါင်မှာ စောင့်ကျန်ရစ်သည်။

ဦးဘထွန်းက ညနေငါးနာရီမှစ၍ မနက်ခုနစ်နာရီထိတာဝန်ယူစောင့်ပေးသည်။

ရင်ခွဲရုံမှာ အလောင်းများနှင့် အတူနေခဲ့သူဖြစ်ခြင်းကြောင့် ကြောက်လန့်ခြင်းစိတ်သူ့မှာမရှိ၊ သရဲလည်းမကြောက်တတ်၊

ဂိုဒေါင်ပိုင်ရှင်သူဌေးက နားနားနေနေနှစ်ယောက်စောင့်ပါဟုပြောသော်လည်း သူကကျန်းမာရေးကောင်းနေသမျှတစ်ယောက်ဘည်းစောင့်မယ်တု ဆိုသဖြင့် သူဌေးက လူထားထည့်မပေးတော့ "

ကုလားလေးကိုတော့ မနက်စောစော[illegible]ထားသလို၊ ညနေဆိုလျှင်လည်း ဦး[illegible]



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထို့အတူ မနက်ကုလားလေး ရောက်လာလျှင် ဦးဘထွန်း အိပ်ပျော်နေသည်ဆိုပါက လှုပ်နှိုးပြီး နှစ်ယောက်သား ဂိုထောင်ကို လှည့်ပတ်စစ်ဆေးပြီး ကုလားလေးနှင့်ထားခဲ့ကာ အိမ်သို့ ပြန်လာလေ့ရှိသည်။

ယနေ့မနက်စောစော ကုလားလေးရောက်လာသည်နှင့် ဂိုထောင်ကို စစ်ဆေးပြီး ဦးဘထွန်းထမင်းချိုင့်နှင့် ဓါတ်ဘူးထည့်သော ဆွဲခြင်းကို ဆွဲပြီး၊ အဆောင်မါးထည့်ထားသောလွယ်အိတ်ကို လွယ်၍ အိမ်သို့ လမ်းလျှောက်ပြန်ခဲ့သည်။

အိမ်သို့ တစ်နာရီနီးပါးလျှောက်ပြန်ရသည်။

ရှစ်နာရီခွဲခန့်မှ အိမ်သို့ ပြန်ရောက်ခဲ့သည်။

အိမ်ရောက်တော့ အိမ်သားများအပြင် ဇနီးဘက်မှ တူနှင့်တူမများရောက်နေကြသည့်အတွက် အားလုံးကို ပြုံးပြပြီး၊ သမီးကြီးအား ဆွဲခြင်းတောင်းကို လှမ်းပေးလိုက်သည်။

" လူစုံလှပါလားဟေ့ . . . အကြောင်းထူးကိစ္စရှိလို့လား"

" ဦးလေးကအလုပ်သွားနေလို့ ဘာမှမသိဘူးမို့လား အိမ်မှာ ညနေ့ညနေကဆို သရဲဝင်ပူးတာပြောင်းဆန်နေတာပဲ"

မိတ်ဆွေစာပေ



" ဘာ . . . သရဲစင်ပူးလို့ ဟုတ်လား "

" ဟုတ်တယ် ဦးလေး "

ဦးဘထွန်းက ခုံတန်းလျားပေါ်ထိုင်လိုက်ပြီး ဇနီးဖြစ်သူပေးသော ထမင်းကြော်စားရင်း ရေနွေးကြမ်းသောက်နေသည်။

" ဦးလေးအလုပ်သွားပြီး မကြာခင်မှာပဲ ဒေါ်လေးကို သရဲဝင်ပူးတယ်။ သရဲက အိမ်ထောင်ရှိတဲ့ ပုံပဲ သူ့မိန်းမသရဲမကို ဦးလေးက သတ်ပစ်လိုက်လို့ဆိုပြီး ဒေါ်လေးကို လာပူးကပ်ပြီး ဆူပူသောင်းကျန်းနေတယ် "

" ငါက သတ်ပစ်တယ်တဲ့ဟုတ်လား "

" ဦးလေးသတ်တာလို့ ပြောတာပဲ . . . ဘယ်နေရာ ဘယ်အချိန်သတ်တာလို့ မပြောဘူး "

" မဟုတ်တာ ငါက . . . ငါ့အလုပ် ငါသွားလုပ်တာ၊ သရဲကိုဘာကြောင့်သတ်ရမှာလည်း မဟုတ်ကဟုတ်ကတွေ လာစွပ်စွဲနေတယ် "

" အဲဒါတော့ ကျွန်မတို့လည်း မသိဘူး "

" ရှင်ဘာအမှားတွေကို လုပ်ထားလည်းမသိဘူး၊ သရဲလာပူးတယ်လို့ ပြောကြတယ် . . . ကျုပ်တော့ မူးကနဲမိုက်ကနဲ ဖြစ်သွားတာပဲ သိလိုက်တယ် "

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



“ ကျွန်တော်လည်း ဒေါ်လေးကို သရဲပူးကပ်နေလို့ ဆရာသက်အောင်နိုင်ကို သွားပင့်တာ ဆရာခရီးလွန်နေလို့ မပါလာဘူး အိမ်ပြန်ရောက်တော့ သရဲကထွက်သွားပြီ ”

“ မင်းတို့ပြောတဲ့အတိုင်းဆို တကယ်လာသွားတာပေါ့”

“ ညဦးပိုင်းကလည်း ငါကင်းတဲကို လာလုပ်သွားသေးတယ် ခဲတွေနဲ့လည်း ပစ်သေးတယ်။ ဒီသရဲအိမ်မှာလာပူးကပ်နေရာက ခွာခဲ့ပြီး ငါ့ကို လာခြိမ်းခြောက်တာပဲ ”

သူထမင်းကြော်စားရင်း ညကအကြောင်းပြန်စဉ်းစားမိလိုက်သည်။

ညကတစ်ညလုံး သူ့ကင်းတဲဝန်းကျင်မှာ ခြေသံများမပြတ်ကြားနေရသည်။

ဘုတ် . . . ဘုတ် . . .ဘုတ်

ဒေါ်နှင့် မောနှင့် နင်းလျှောက်နေသော အသံမျိုးကို ကြားလိုက်သည်။ တစ်ခါတစ်ခါ တက်ခေါက်သံကိုပင် ကြားလိုက်ရသေးသည်။

ဝုန်း . . . ဝုန်း . . . ဝုန်း

သူ၏ အစောင့်ကင်းတဲကို တဝုန်းဝုန်းနှင့် ကိုင်လှုပ်နေ





သကဲ့သို့ ယိမ်းထိုးလှုပ်ရှားနေသည်။

သူသရဲနိုင်ဓါးကို လက်ကကိုင်ပြီး ပါးစပ်ကသရဲကိုတောက်ဆဲနေသည်။

သူက သရဲကို ကြောက်လန့်သူမဟုတ်သဖြင့် တန်ပြန်ရှုပင် စိန်ခေါ်နေသေးသည်။

ဝုန်း . . . ဝုန်း . . . ဝုန်း

သူ၏ အစောင့်ကင်းတဲကို တဝုန်းဝုန်းနှင့် ကိုင်လှုပ်နေသကဲ့သို့ ယိမ်းထိုးလှုပ်ရှားနေသည်။

သူသရဲနိုင်ဓါးကို လက်ကကိုင်ပြီး ပါးစပ်ကသရဲကိုကော့်ဆဲနေသည်။

သူက သရဲကိုကြောက်လန့်သူမဟုတ်သဖြင့် တန်ပြန်ရှုပင် စိန်ခေါ်နေသေးသည်။

ဝုန်း . . . ဝုန်း . . . ဝုန်း

“ ဟေ့ ဘယ်ကလာတဲ့သရဲလည်း . . . သတ္တိရှိရင် ငါ့ရှေ့လာခဲ့စမ်း . . . ငါ့လက်ထဲက ဓါးကို မကြောက်ရင်လာခဲ့”

“ သရဲနိုင်တဲ့ဓါးကွ . . . သတ္တိရှိတဲ့သရဲလာခဲ့ ”

“ ဝုန်း . . . ဝုန်း . . .ဝုန်း ”

“ ဒုန်း . . .ဒုန်း . . .ဒုန်း ”



www.burmeseclassic.com

www.burmeseclassic.com



တဲကို ကိုင်လှုပ်သလို . . . အမိုးပေါ်ကိုလည်း ခဲမှု၊ ဖြင့်ပစ်သည်။ သရဲက အတော်ဗွဲကောင်းသည်။

သူ့အနီးနားကိုတော့ ကပ်မလာ သူ့ကိုကြောက်လန့် အောင်ခြောက်လှန့်နေပုံရသည်။

" မင်းနေရာမင်းနေ . . . ငါ့နေရာလာပြီး မနှောင့်ယှက် နဲ့ကွ . . . ငါကြောက်မယ်ထင်လို့ လှန့်နေတာလား " ဘထွန်းကို က သရဲဆို ကျိန်နဲ့လားမှတ်တယ် "

" ဝုန်း . . . ဝုန်း "

ညရှစ်နာရီနောက်ပိုင်း စိပ်စိပ်တစ်မျိုး၊ ခပ်ကျဲကျဲတစ် မျိုး၊ တဲကို လှုပ်လိုက်၊ ခဲနှင့်ပစ်လိုက်၊ တောက်ခေါက်လိုက်လုပ် နေသည်။

သန်းခေါင်ကျော်သည်နှင့် သရဲခြောက်လှန့်မှုမပြု တော့ ငြိမ်သက်သွားသည်။

ဦးဘထွန်းက ဖါးကိုပေါင်ပေါ်တင်ပြီး ဓါတ်ဘူးထဲမှ ရေ နွေးကိုငှဲ၍ သောက်နေသည်။ ဇနီးသည် ထည့်ပေးလိုက်သော လက်ဖက်ဆီဆမ်းထဲသို့ အကြော်စုံရောထည့်ရင်း လက်ဖက် စားလိုက် ရေနွေးသောက်လိုက်ဖြင့် အချိန်ဖြုန်းနေလိုက်သည်။

မနက်လေးနာရီခန့် လူတွေသွားလာကြသည့် အချိန်





သို့ရောက်မှ ပက်လက်ကုလားထိုင်ပေါ်မှာတစ်ရေး အိပ်လိုက် သည်။

ယခုအိမ်ရောက်မှ ညကဂိုထောင်မှာ သရဲသောင်း ကျန်းမှုမပြုခင် အိမ်မှာလည်း လာရောက်ခြောက်လှန့်မှုကပ်ခဲ့ သေးသည်ဟု သိလိုက်ရသည်။

ထိုအခါမှ . . . .သူထမင်းကြော်စားရင်း ရေနွေးကြမ်း သောက်ရင်း စဉ်းစားကြည့်လိုက်သည်။ သရဲကြီးက ဘာကြောင့် အခုလိုအကြောင်းမရှိပဲလာသောင်းကျန်းနေရသနည်း။

သူနဲ့ တစ်ခုခုတော့ ပြဿနာရှိခဲ့ပုံပေါ်သည်။

သူတစ်ခုစဉ်းစားမိလိုက်သည်။ လွန်ခဲ့သော သုံးရက်က သူ့အိမ်က အမဲသားဟင်းချက်ပေးလိုက်သည်ကို စဉ်းစားမိပြီး ထိုနေ့က အကြောင်းတရေးရေးပြန်တွေးကြည့်နေမိသည်။

သူညနေလေးနာရီခွဲခန့်ကင်းတဲကို ရောက်ခဲ့သည်။ သန့်ရှင်းရေးလုပ်သော ကုလားလေးသာ ဂိုထောင်မှာ ရှိနေ သည်။

" ဟော့ ကျော်ဦး . . . ပြန်လို့ရပြီ . . .ငါဒီနေ့ နာရီဝက် စောတယ်မို့လား "

" ဦးလေးစောတော့ ကျွန်တော် စောစောပြန်ရတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ ဒီနေ့ ဘာဟင်းချက်လာလည်း ”

“ အမဲသားကို ခရမ်းချဉ်သီးနဲ့ နှပ်ချက်လေးချက်လာတယ် မင်းစားသွားဦးမလား ”

“ ဟာ ကျွန်တော်က အမဲသားမှ မစားပဲ ”

“ ဟုတ်ပါ့ကွာ မေ့လို့ဟေ့ လက်ဖက်သုတ်စားချင်ရေနွေးပါအသင့်ပါတယ်ကွ ”

“ နေပါစေ ဦးလေးဘထွန်း . . . ကျွန်တော်ပြန်တော့မယ် ”

ဦးဘထွန်းက်ို နှုတ်ဆက်ပြီး ကုလားလေး သူ့ထမင်းချိုင့်ထည့်သော လွယ်အိတ်ကို ဆွဲပြီး ပြန်သွားသည်။

ကုလားလေးက အသက်နှစ်ဆယ်ခန့်ရှိပြီး ဗမာစကားပြောသော မိဘများမှ မွေးဖွားလာသူဖြစ်၍ ကုလားသံဝဲခြင်းလုံးဝမရှိ။ ကုလားအမည် မည်သို့ခေါ်သည် ဦးဘထွန်းမသိသူသိသောအမည်ကကျော်ဦးဟုသာ

ကျော်ဦးပြန်သွားပြီး ကင်းတဲပေါ်ခြင်းကို လှမ်းတင်လိုက်ပြီး လွယ်အိတ်လွယ်ထားလျက်နှင့် ဂိုထောင်ကို လိုက်စစ်ဆေးသည်။

အေးအေးဆေးဆေးလှည့်ပတ်စစ်ဆေးရင်း အချိန်က





ကြာမှန်းမသိ ကြာသွားသည်၊ သူကင်းတဲပြန်ရောက်တော့မှောင်စပင်ပြုနေပြီ။

ကင်းတဲပေါ်သို့ ခပ်ကျဲကျဲရိုက်ထားသော လှေခါးငါးထစ်ကို နင်းတက်မှ အပေါ်ရောက်သည်။

အပေါ်ရောက်တော့ မြင်ရသည့်မြင်ကွင်းက သူ့မျက်လုံးကို ပြူးသွားစေသည်။

ထမင်းချိုင့်နှင့် ဓါတ်ဘူးပါသောခြင်းကို ကင်းစင်ပေါ်သို့ ထိုးတင်ပြီး ထွက်သွားခြင်းဖြစ်သည်။

သူမြင်လိုက်သောမြင်ကွင်းက ထမင်းချိုင့်ကခြင်း၏အပြင်သို့ ထွက်နေသည်။

“ ဘယ်ကောင်လာထုတ်သွားတာလည်း ကျော်ဦးလား ”

“ မဖြစ်နိုင်ဘူး၊ ဒီကောင် ပြန်သွားတာ ငါဒီမှာပဲ ရှိနေတာပဲ၊ ဒီကောင်အဝေးကြီးရောက်သွားမှ ငါဂိုထောင်ထဲလှည့်ပတ်ကြည့်တာ ”

သူစဉ်းစားတွေးတောနေစဉ်မှာပင် ချိုင့်ကတစ်ယောက်ယောက်ဆွဲယူလိုက်သကဲ့သို့ ရွေ့လျားသွားသည်။

“ ခွမ်း ”



www.burmeseclassic.com

www.burmeseclassic.com



ချိုင့်အပုံးပွင့်သွားသလို အထဲကဟင်းအားအကောင်တစ်ကောင်နိုက်ယူစားလိုက်သည်ကို မျက်စေ့အောက်မှာပင်မြင်နေရသည်။

" ကဲ . . . ကွာ . . . "

ရုတ်တရက်ဓါးကိုယူ၍ ရှေ့တည့်တည့်ကို ဆောင့်ထိုးပစ်လိုက်သည်။

" သေချင်းဆိုးသရဲ မမှတ်သေးဘူး "

" အား . . . "

ဓါးကိုပြန်ဆွဲနှုတ်လိုက်သည်နှင့် သူ့အနားမှ ထိတ်လန့်ဘွယ်အော်သံကြီးကို ကြားလိုက်သည်။

ဝေါ . . . ဝေါ . . . ဝေါ . . .

" ဝုန်း "

အသံမျိုးစုံကြားလိုက်ရသလို ကင်းတဲပေါ်မှ ခုန်ချသွားသည့်အသံကိုလည်းကြားလိုက်သည်။

သစ်ပင်ကြီးဆီရောက်သွားပုံရသည်။

ဝေါ . . . ဝေါ . . . ဝေါ

သစ်ကိုင်းတွေ တဝေါဝေါနှင့် လှုပ်ခါနေသည်။

" ငါ့ကိုအဲဒီက ချောက်ပြမနေနဲ့ လာခဲ့စမ်း "





" ဝုန်း . . . ဝုန်း . . . ဝုန်း "

ဦးဘထွန်း စကားဆုံးသည်နှင့် သရဲသစ်ပင်ပေါ်ကဆင်းလာပုံရသည်။

ဟိုး . . . ဟိုး . . . ဟိုး

" ဝုန်း . . . ဝုန်း . . . ဝုန်း "

ဒေါသထွက်နေသည့်အသံမျိုးကြားလိုက်ရပြီး ကင်းတဲကို ကိုင်လှုပ်နေသည်၊ ကင်းတဲပြိုကျမတတ်ခါယမ်းနေသည်။

ကျွီ . . . ကျွီ . . . ဝုန်း . . . ဝုန်း

ဦးဘထွန်းက ဓါးကိုလက်မှာ အသင့်ကိုင်ထားသည်၊ တစ်ခါတစ်ခါစိတ်မှန်းနှင့် လှမ်းထိုးသည်။

အား . . . .

ထိုအချိန်ထူးဆန်းစွာ ညောင်ကြပ်ပင်ပေါ်မှ အော်သံကြီးတစ်ခုထွက်ပေါ်လာသည်၊ ထိုအသံထွက်လာသည်နှင့် သူ့အနားမှာ ကင်းတဲကိုင်လှုပ်နေခြင်းရပ်သွားပြီး ညောင်ပင်ဆီသို့ပြေးသွားသံကြားလိုက်ရသည်။

ဝုန်း . . . ဝုန်း . . . ဝုန်း

ဟိုး . . . ဟိုး . . . ဟိုး

ညောင်ပင်ကြီးတစ်ပင်လုံးကျိုးကျတော့မတတ် လှုပ်ခါ



www.burmeseclassic.com

www.burmeseclassic.com



ယမ်းနေတော့သည်၊ ဤအတိုင်းဆိုပါက ညောင်ပင်မှာ သရဲက တစ်ကောင်တည်းမဟုတ်မှန်းသိလိုက်သည်။ ညောင်ပင်ပေါ်က သရဲတစ်ကောင်က သူ့ဓါးချက်ကို ထိသွားပုံရသည်။

နာကျင်စွာအော်လိုက်သည့်အတွက် သူ့အား ခြောက်လှန့်နေသည့် သရဲကြီးအပြေးအလွှားထွက်သွားပုံ ရသည်။

အတော်ကြာကြာအသံထွက်လာလိုက် ညောင်ပင်ပေါ် လှုပ်ခါလိုက်နှင့် နာရီပြန်တစ်ချက်ကျော်နှစ်ချက်ခန့်မှာ အရာအားလုံးငြိမ်သက်သွားသည်။

ဓါးကို အနီးမှာ အသင့်ထားပြီး မအိပ်ပဲအခြေအနေကို စောင့်ကြည့်နေရသည်။ သက်ရှိဘုံက (၃၁) ဘုံရှိသည်၊ ဖြဟ္မာဘုံကနစ်ဆယ်ကာမဘုံက (၁၁)ဘုံရှိသည်။

ထို့ကြောင့် ပရလောက ဝိညာဉ်လောကမှာလည်း အိမ်ထောင်သားမွေးသော ကာမဘုံပင်ဖြစ်သည်။

သရဲကြီး၏ဇနီးမယား၊ သရဲမသေဆုံးသွားသည်နှင့် ယခုကဲ့သို့ မကျေမချမ်းနှောင်ယှက်နေခြင်းလည်းဖြစ်ပုံရသည်။

ဦးဘထွန်းကလည်း အိမ်မှာရော အလုပ်မှာပါသရဲကြီးသောင်းကျန်းသည့်အကြောင်းအရာကို စဉ်းစားမိသွားပြီဖြစ်သည်။





နောက်ပိုင်းအစစအရာရာ သတိထားရန်သာရှိတော့သည်၊ စားနေသောထမင်းကြော်တစ်ပန်းကန်လည်း ကုန်သွားပြီ၊ ရေနွေးသောက်လိုက်ပြီးသည်နှင့် အိပ်ရန်ပြင်လိုက်သည်။

" ကဲ . . . ငါအိပ်တော့မယ် အိမ်ရှေ့ကကောင်တွေ အိမ်ပြန်ကြတော့ "

" ဦးလေးက ညကတစ်ညတည်း အိပ်ရေးပျက်နေတာမှ မဟုတ်ပဲ၊ အမြဲတမ်းအိပ်ရေးပျက်နေတာ မထူးပါဘူး၊ အိပ်မနေပါနဲ့ "

"ဟကောင်တင်စိုး . . . ငါဆောင့်ကန်ချလိုက်လို့ ခေါင်းနဲ့ ဆင်းပြေးရမယ် "

" ဟ . . . ဦးလေးကလည်း တစ်ရက်တစ်လေမအိပ်ရတာများ . . . ပြဿနာရှာနေရသေးတယ် . . . ကိုယ့်တူတွေ တူမတွေနဲ့ စကားလက်ဆုံပြောတယ်မရှိဘူး "

" ငါက ညဘက်မအိပ်ပဲနေ့ဘက်အိပ်တာလေကွာ မသန်း မင်းတူတွေတူမတွေ နေ့ခင်းမလာစေနဲ့ "

" ကျုပ်တော့မနိုင်ဘူး၊ တော့်တူတွေတူမတွေကို တော်မပြောနိုင်ရင် နားနစ်ဘက်ဂွမ်းဆို့ပြီးအိပ်"

အမှန်က တမင်သက်သက်ဦးလေးကို ဝိုင်း၍ စနောက်

www.burmeseclassic.com

www.burmeseclassic.com



နေခြင်းဖြစ်သည်။

ဦးဘထွန်း အခန်းထဲဝင်သွားသည်နှင့် အားလုံးပြန်ခဲ့ကြသည်။

" ရှင်မအိပ်နဲ့အုံးလေ၊ မနက်စာစားပြီးမှ အိပ်ပါလား"

" မစားတော့ဘူး၊ ထမင်းကြော်ကို မနက်စာလို့ပဲ မှတ်ပြီးအိပ်တော့မယ် ငါမအိပ်သေးရင် ဟိုကောင်တွေပြန်မှာ မဟုတ်ဘူး "

" တော့်တူမတွေ၊ တူတွေက တော့်ကိုချစ်လို့တမင်ဝိုင်းစနေတာ၊ အခုပြန်သွားကြပြီ "

" ရှင်အိပ်မယ်ဆိုလည်းအိပ်၊ ထမင်းဟင်းကျက်ရင်နှိုးရမလား "

" နေပစေမသင်း . . . နှစ်နာရီမှပဲ နှိုးတော့ "

ထိုနေ့တစ်နေ့လုံး ရာသီဥတုငြိမ်သက်နေသည်။ ဦးဘထွန်းတို့ အိမ်သားတွေ ဘာမှမဖြစ်၊ အေးအေးချမ်းချမ်းရှိနေသည်။

နှစ်နာရီထိုးတော့ ဒေါ်သန်းလာနှိုးသဖြင့် နိုးလာသည်။ ဦးဘထွန်းလည်း အိပ်ယာက နိုးသည်နှင့် ရေချိုးလိုက်သည်။ ငါးခူကျော်နှင့် ဟင်းချိုငါးပိရည်တို့စရာတို့ဖြင့် ထမင်းမြိန်





စွာ စားလိုက်သည်။

ထို့နောက်ထမင်းထုပ်ဆွဲပြီး၊ ညစောင့်တာဝန်ထမ်းဆောင်ရန် ကိုထောင်ဆီသို့ထွက်လာခဲ့သည်။

ကိုထောင်ရောက်တော့ ငါးနာရီနီးပါးရှိပြီး ကုလားလေးကျော်ဦးထံမှ တာဝန်လွှဲပြောင်းယူပြီး ကိုထောင်ကို စစ်ဆေးကာ ကင်းတဲသို့ ပြန်လာခဲ့သည်။

ငါးကြော်ဟင်းမို့လို့လားမသိ၊ ဘာမှခြေရာလက်ရာ ပျက်ယွင်းမှုမရှိ၊

ဦးဘထွန်းလည်း ပက်လက်ကုလားထိုင်ပေါ်မှာ အေးဆေးသက်သာစွာ ထိုင်နေပြီး ခြံထောင့်မှာရှိသော ညောင်ကြပ်ပင်ကြီးသို့ ကြည့်နေသည်။

ညောင်ပင်ကြီးက တိတ်ဆိတ်ငြိမ်သက်နေသည်။ ညောင်ပင်မှာရှိသော သရဲကြီးဘယ်ရောက်သွားပြီလည်းဟု ရေနွေးတစ်ခွက်ပြီးတစ်ခွက်သောက်ရင်း စဉ်းစားနေမိသည်။

* * *

ဦးဘထွန်းက ကင်းတဲမှာ အေးအေးလူလူရှိနေပေမယ့် ဘထွန်း၏ အိမ်မှာတော့ ညနေငါးနာရီထိုးပြီးကတည်းက ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



သန်းတစ်ယောက် မျက်ထောင့်နီကြီးနှင့် ငူငူကြီးထိုင်နေသည်။

" တောက် "

" မကျေနပ်ဘူးကွ . . . ဟင်း . . . ဟင်း . . . ဟင်း"

" ငါ့မိန်းမကို သတ်တဲ့ကောင်ကို မကျေနပ်ဘူးကွ ဟင် . . . ဟင်း . . . ဟင် "

ဒုန်း . . . ဒုန်း . . . ဒုန်း

လက်နှစ်ဖက်နှင့် ပျဉ်ထရံကို ထုရိုက်နေသည်။

မိန်းမလက်ပေမဲ့ တုတ်ချောင်းနှင့် ရိုက်နှက်သည့် အလား ကျယ်လောင်သော အသံထွက်လာသည်။

" အမေ . . . အမေ . . . သတိထားပါ "

" ဘာအမေလည်းကွ ငါမင်းတို့အမေမဟုတ်ဘူး ငါ့ အိမ်က ကစ်အိမ်လုံးရှိသမျှ လူတွေကို သတ်မယ် "

" ကဲ . . . ကွာ "

" ဘုန်း "

" အား "

ဒေါ်သန်းအေး အနီးကပ်ပြီး အခြေအနေကြည့်နေသော သမီးဖြစ်သူအားဆောင့်တွန်းလိုက်ရာ နောက်သို့လွင့်ထွက်သွား





ပြီး ငြိမ်ကျသွားသည်။

" အဲဒီကောင်မနားဘယ်သူမှ မကပ်နဲ့ "

အစ်မကြီး ဒေါ်အေးအေးညွန့်မှာ စိုးစိုးမာခွေခွေလေးလဲကျ နေသဖြင့် သွားရောက်ပွေ့ထူလိုသော်လည်း အနားမကပ်ရဟု ဆိုလာ၍ ခပ်လှမ်းလှမ်းကသာကြည့်နေရသည်။

အိမ်ပေါ်မှာလူများများစားစားမရှိ၊ ခြေရင်းအိမ်က ဦးတိုးဝင်းတို့ လင်မယားနှင့် ခေါင်းရင်းအိမ်က ဒေါ်ညွန့်စိန်တို့ သားအမိသာရှိသည်။

ထိုအချိန်မှာ ဒေါ်အေးအေးညွန့်၏ မောင်ဝမ်းကွဲတင်စိုး အိမ်ထဲဝင်လာသည်ကိုတွေ့သဖြင့် ဒေါ်အေးအေးညွန့် အိမ်အောက် ဆင်းသွားပြီး

" တင်စိုး လုပ်ပါဦး . . . အမေ့ကိုသရဲဝင်ပူးနေပြန်ပြီ စိုးမာကို ဆောင့်တွန်းထားတာ သေလားရှင်လား မသိဘူး၊ ဆရာကို သွားရှာခေါ်ခဲ့ပါဦး . . . သူ့ဂါးရင်းနဲ့ ဦးလေးတို့ဒေါ်လေး တို့ကိုပါ အိမ်ဟာခဲ့လို့ ဝင်ပြောသွားဦး "

" ဒါဆို အိမ်ပေါ်မတက်တော့ဘူး . . . ကျွန်တော်တစ် ခါတည်းသွားလိုက်မယ် "

မောင်ဝမ်းကွဲတင်စိုးက သုတ်သုတ်ပြာပြာနှင့် အပြေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ပိုင်းထွက်သွားသည်။

ခဏနေတော့ တင်စိုးသွားရင်းဝင်ပြောခဲ့ခြင်းကြောင့် ဒေါ်သန်းဖေါ်မောင်နှင့် ညီမတို့မိသားစုများ အိမ်သို့ရောက်လာကြသည်။

' မနေ့ကလိုပဲ ဝင်ပူးနေပြန်ပြီ ဦးလေး "

ဒေါ်စန်းနှင့် ဦးစံထွန်းတို့ မောင်နှမမိသားစု အိမ်ပေါ်တက်လာသည်ကိုမြင်သဖြင့်

" ဟီး . . . ဟီး . . .ဘယ်ကကောင်တွေလည်း သေချင်လို့ အိမ်ပေါ်တက်လာတာလား . . .ဟိုဘထွန်းသွားခေါ် လာခဲ့ ဘယ်သူမှ ငါမတွေ့ချင်ဘူး "

" ကိုဘထွန်းက အလုပ်သွားတယ် "

" ငါသိတယ် . . . အဲဒီကောင် ငါ့မိန်းမကိုသတ်ပစ် တယ် ငါမကျေနပ်ဘူး ".

" သွားခေါ်ဆိုလည်း သွားခေါ်ပါ့မယ် . . .အိမ်က လူတွေကို အနှောင့်အယှက်မပေးပါနဲ့ . . . သွားခေါ်ပေးပါ့မယ်"

" သူရောက်လာမှ သူ့ရှေ့မှာ သူ့မိသားစုကို သတ်ပြ မယ်ကွ ဟား . . . ဟား "

ဒေါ်သန်းကို ပူးကပ်နေသော သရဲစကားကြောင့် ဦး





စံကွန့်တို့ မျက်လုံးပြူးသွားသည်။

" ကိုဘ ထွန်းကို သွားခေါ်ပေးပါ့မယ် . . . ဟိုမှာလဲ နေတဲ့ သူ့သမီးကို ခေါ်ပြီးပြုစုချင်လို့ ခွင့်ပြုပါ . . . "

" ပြုမနေနဲ့ ခလေကားပဲ . . . အဲဒီကောင်မသေနေပြီ"

" ဟင် "

" အို "

အားလုံးအံ့အားသင့်သွားသလို မကောင်းရာမကောင်းသူ များကြိတ်ပြီး ငိုကြတော့သည်။

" ဟိတ် တစ်ယောက်မှ ငိုသံမကြားချင်ဘူး "

" ဒုန်း . . . ဒုန်း . . .ဒုန်း "

ထရံကို ထုရိုက်အော်ဟစ်နေသည်။

စိုးစိုးမာအနားဘယ်သူမှ မသွားဝန့် သရဲဝင်ပူးထား သော ဒေါ်သန်းက စိုးစိုးမာအနီးမှာထိုင်ပြီး အမြင်ကပ်ပုံများကို မျက်ထောင့်နီကြီးများဖြင့် စိုက်ကြည့်နေသည်။

ဦးစံကွန့်က မောင်လှဝင်းအားစက်ဘီးနှင့် ဦးဘထွန်း အားအခေါ်လွှတ်လိုက်သည်။

" ဟေ့ . . . ဘထွန်းကိုသွားခေါ်ပြီလား "

" ခေါ်နေပါပြီ . . . လူလွှတ်လိုက်ပါပြီ "



www.burmeseclassic.com

www.burmeseclassic.com



" အေး . . . သွားခေါ်ကြ . . .ငါ . . . ခဏနေရင် လာခဲ့မယ်"

" သရဲက . . .ထိုသို့ပြောပြီး . . . ဒေါ်သန်းကို ပူးကပ်နေရာမှ ထွက်သွားသည်။ "

" ဟင်း "

သက်ပြင်းရှည်ကြီးချတာ . . . ဒေါ်သန်းထိုင်လျက်လဲကျသွားသည်။

" ဟဲ့ . . .မသန်းကို ပြုစုဘို့လာကြဦး . . . "

ဦးစံကွန့်က အပြင်ကလူများကိုခေါ်လိုက်ပြီး တူမစိုးစိုးမာလဲကျနေသော နေရာသို့ ထသွားသည်။ လက်ကောက်ဝတ်ကို စမ်းလိုက်သည်။

" ဟာ မသေသေးဘူး . . .သွေးတိုးနေတယ်ဟဲ့ "

" ဖြည်းဖြည်းမပြီး အိပ်ယာပေါ်သွားချကြ "

စိုးစိုးမာအား ပွေ့ခေါ်သွားပြီး အိပ်ယာပေါ်ချပေးလိုက်သည်။

ဆယ့်ငါးမိနစ်ခန့်ကြာတော့ တင်စိုးနှင့်အတူ ဆရာတစ်ယောက်ပါလာသည်။ သွားခေါ်မည်ဆိုသော ဆရာသက်အောင်နိုင်ပါမလာပဲ အခြားဆရာတစ်ယောက်ဖြစ်နေသည်။





ဆရာသက်အောင်နိုင်၏ အိမ်သို့ရောက်နေသော ဆရာသက်အောင်နိုင်၏ဆရာဟုဆိုသည်၊ ထိုဆရာအသက်ကခြောက်ဆယ်ခန့်ရှိပြီ၊ နှုတ်ခမ်းမွေးထူထူ ရောင်ထုံးနှင့်ဖြစ်သည်။ ပုဝါအညိုစကို ခေါင်းပေါင်းထားသည်။ အညိုရောင်လွယ်အိတ်တစ်လုံးလွယ်ထားသည်။

" ဆရာကြွပါ . . . ဆရာ "

ဦးစံကွန့်က တလေးတစားဖိတ်ခေါ်လိုက်သည်။

ဆရာက အိမ်ပေါ်တက်လာပြီး ဘုရားကိုရှိခိုးဦးချလိုက်သည်။

" ကဲ . . . အခု . . . ဘယ်သူ့ကို ပူးကပ်နေတာလည်း ရှင်းပြပါဦး "

ဦးစံကွန့်က ဆရာ့အားရှင်းပြသည်။ စိုးစိုးမာအားဆောင့်တွန်း၍ သေပြီဟုပြောသွားကြောင်းလည်း ရှင်းပြသည်။

" အခု . . . ဒီမသန်းရဲ့ ခင်ပွန်းကို သရဲကြီးက သွားခေါ်ခိုင်းလို့ သွားခေါ်နေပါတယ်။ ဦးဘထွန်းရောက်မှ သူပြန်လာပြီး သူ့ရှေ့မှာ . . . မိသားစုကိုသတ်ပစ်မယ်လို့ ခြိမ်းခြောက်ထွက်သွားပါတယ်။ ဆရာကြီး "

" အင်း အငြိုးကြီးမယ်ဆိုက ကြီးနိုင်တာပဲ၊ သရဲကို



www.burmeseclassic.com

www.burmeseclassic.com



လူသားတစ်ဦးက သေအောင်သတ်နိုင်တယ်ဆိုတာကလည်း ဦးဘထွန်းမှာ အဆောင်ကောင်းတစ်ခုတော့ ရှိမှာပါပဲ ''

'' ဒါကြောင့် သရဲကသူ့ကိုသတ်ဖို့ မစဉ်းစားပဲ၊ သူ့ပဲ သားစုကိုလာပြီး ညှင်းပန်းနှိပ်စက်နေတာ ''

'' ကဲစောစောက သရဲရိုက်ထားတဲ့ မိန်းကလေးကို ဒီရှေ့ကို မလာကြစမ်း ''

ဆရာကြီးရှေ့သို့ ဝိုင်းမပြီးသယ်လာသည်၊ စိုးစိုးမေက လုံးဝသတိမရသေး၊

'' အင်း ဒီအတိုင်း သူသတိရတဲ့အထိစောင့်နေရင် သတိပြန်လည်မလာပဲ သန်းကောင်ကျော်တာနဲ့ သေမင်းနိုင်ငံထဲ ရောက်သွားလိမ့်မယ် ''

'' ဒါပေမယ့် ဆရာဒီကိစ္စဖြေရှင်းပေးပါ့မယ်၊ စိတ်မပူကြနဲ့၊ ကဲ သောက်ရေသန့်သန့်တစ်ခွက်ပေး ''

ဆရာကြီးအား ရေခပ်ပေးလိုက်သည်နှင့် ရေခွက်ကို ဘုရားစင်ရှေ့ချပြီး၊ ဘုရားစင်ပေါ်မှာ ဆီမီးထွန်းကာ ဘုရားရှိခိုးနေပါသည်။

ဆရာကြီးပါးစပ်မှာလည်း ရွတ်ဖတ်နေပါသည်။

ခဏကြာတော့ ထိုရေမန်းထဲသို့ လွယ်အိတ်အတွင်း





မှ အင်းတစ်ချပ်ကို ရွေးယူလိုက်ကာ ရေမန်းခွက်အတွင်း ထည့်စိမ်လိုက်ပြီး ပြန်ထုတ်ယူလိုက်သည်။

'' ကဲ ဒီရေမန်းနဲ့ မိန်းကလေးခေါင်းကနေ ခြေဖျားထိ သုံးခါတိတိတောက်ချလိုက် ''

ဆရာကြီးကရေမန်းခွက်ကို ဦးစံကွန့်လက်အတွင်းသို့ ပေးလိုက်သည်၊ ဆရာကြီးခိုင်းသည့်အတိုင်း သုံးကြိမ်တောက်လိုက်သည်။

'' ခဏလေးစောင့်ကြည့်နေကြ ''

နှစ်မိနစ်ခန့်ကြာတော့ တအင်းအင်းညည်းပြီး မျက်လုံးပွင့်လာပါတော့သည်။

'' ကဲ . . .ကဲ . . .အဲဒီရေကို တစ်ငုံလောက်သောက်ခိုင်းလိုက်ပြီးရင် အဲဒီကျန်တဲ့ရေဆရာကြီးကို ပြန်ပေး ''

ဆရာကြီးခိုင်းသည့်အတိုင်း ရေကိုသောက်ခိုင်းလိုက်သည်။ ခဏနေစဉ့် စိုးစိုးမာ ထထိုင်လိုက်သည်။

ဒေါ်သန်းက စိုစိုးမာအား ဆရာကြီးကို ကန်တော့ခိုင်းသဖြင့် ထိုင်ပြီးကန်တော့သည်။

ထိုအချိန်ဦးဘထွန်းလည်း အလုပ်ကပြန်ရောက်လာသည်။ စက်ဘီးနှင့် သွားခေါ်ကြသဖြင့် စောစောပြန်ရောက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

လမ်းမှာ ကုလားလေးကျော်ဦးကို လွှတ်ပြီးဂိုထောင်သွားစောင့်ခိုင်းလိုက်သည်။ သူ့အါထမင်းကျိုင့်ပါပေးထားခဲ့သည်၊

အိမ်ပေါ်သို့ ရောက်ရောက်ခြင်း ဦးဘထွန်းက

" ဘာထူးခြားသေးလည်း မသန်း "

ဇနီးအနားသို့သွား၍ အခြေအနေကို တိုးတိုးကပ်၍ မေးလိုက်သည်။

" အခုဆရာရော ဂ်နေတယ်၊ ရှင့်သမီးကို သရဲရိုက်သွားလို့ ကုပေးတာပြန်ကောင်းသွားပြီ၊ သရဲက ရှင်ရောက်မှ ပြန်လာခဲ့မယ်တဲ့ "

" ကဲ ကိုဘထွန်းလဲရောက်ပြီဆိုတော့ သူရောက်မလာခင် ကိုယ်က ဦးအောင်ခေါ်ရမယ်။ မသန်းဆရာ့ ရှေ့ကိုလာထိုင်ပါ! "

ဒေါ်သန်းလည်း ဆရာ့ရှေ့မှာလာထိုင်သည်။

" ကဲ . . . စိတ်လျော့ထား . . .ဘာမှလည်း မကြောက်နဲ့ သရဲကိုခေါ်ပြီး ဝင်ပူးခိုင်းမယ် "

" အနီးမှာရှိတဲ့ လူတွေနောက်နားကျကျဆုတ်ပေးကြပါ သရဲကြမ်းရင် . . .အနီးနားကလူတွေကို ထိခိုက်နိုင်တယ်"





" ကဲ . . . ဦးဘထွန်းရဲ့ မိသားစုကို မကျေနပ်ဘူးဆိုတဲ့သရဲ . . .အနီးအနားမှာရှိတယ်ဆိုရင် . . .သင့်ဓါခံစားချက်ကိုသိရအောင် . . .အမြန်လာရောက်ပူးကပ်ရန် ကျွန်ုပ်ဆရာ ခေါ်သည်၊ ကျွန်ုပ်ရှေ့မှာရှိသော လိပ်ပြာရှင်အား ဝင်ရောက်ပူးကပ်ပါ "

ဆရာကြီးက နှစ်ကြိမ်မျှ ခေါ်လိုက်စဉ် ခဏအတွင်း ဒေါ်သန်းအား ဝင်ရောက်ပူးကပ်ပါတော့သည်။

ဒုန်း . . . ဒုန်း . . . ဒုန်း

ခပ်ကြမ်းကြမ်းဝင်လာသည်။

" ကဲ . . . အသင်က ဘယ်သူလည်း "

" ငါက . . . ဘထွန်းစောင့်တဲ့ ဂိုထောင်ထောင့်က ညောင်ကြပ်ပင်မှာနေတဲ့သရဲပဲ "

" ဒီမိသားစုကို မကျေနပ်ဖူးလို့ အသင်ကပြောတယ်၊ ဘာကြောင့်မကျေနပ်တာလည်း ပြောပြပါ "

" ငါ့မိန်းမကို ဒီကောင်သတ်ပစ်လိုက်တယ် . . . ဒီကောင်ငါ့မိန်းမကို တစ်ချက်တည်းနဲ့သေအောင် သတ်ပစ်လိုက်တယ် "

" သူက သရဲကိုသေအောင် ဘာကြောင့်[illegible]နိုင်ရ



www.burmeseclassic.com

www.burmeseclassic.com



တာလည်း ပြောပါဦး ”

“ ကျုပ်မိန်းမက အမဲသားဟင်းစားချင်လို့ဆိုပြီး သူ့ထမင်းကျိုင့်ကို သွားဆွဲတယ်၊ သူက ဓါးနဲ့ တစ်ချက်တည်းထိုးလိုက်လို့ ငါ့မိန်းမသေသွားတယ် ”

“ ငါက . . . သူ့ဓါးနဲ့ လက်ကို ထိုးတာအတော်ခံလိုက်ရလို့ မသွားဘို့တားတာ ငါ့အလစ်မှာ ထွက်သွားလို့ သူခံလိုက်ရတာ ”

“ ဒါကတော့ ဦးဘထွန်းအမှားမဟုတ်ဘူး၊ မင်းတို့သရဲတွေမှာ သရဲစည်းရှိတယ် မဟုတ်လား၊ မပေးကမ်းမစွန့်ကြဲတဲ့ ပစ္စည်း၊ စားစရာ၊ အစမ္မမယူရဘူးလို့ မဖဲဝါနဲ့တကွ အထက်ပိုင်ရာဆိုင်ရာတွေက သတ်မှတ်ပေးထားပြီးပြီမဟုတ်လား ”

“ အခု သူမပေးတဲ့ပစ္စည်းကို သွားလုယူလို့ကြောက်ကြောက်လန့်လန့်နဲ့ လုပ်လိုက်တာ ”

“ ဒါပေမယ့် ငါ့မိန်းမ သူ့ကြောင့်သေသွားတယ်၊ ငါမကျေနပ်ဘူးကွ၊ မကျေနပ်ဘူး ၊ သူ့မိန်းမကိုပြန်သတ်ရမယ်”

“ ဒုန်း . . . ဒုန်း ”

ပြောပြောဆိုဆို ရုတ်တရက် ခေါင်းနှင့် ကြမ်းပြင်ကို ဆောင့်လိုက်ရာ ဒေါ်သန်းခေါင်းမှ သွေးများပြာကနဲ ဆင်းသွား





သည်။

“ မင်း ငါ့ရှေ့မှာလုပ်ချင်တိုင်း လုပ်လို့ရမလား ၊ မင်းကြောင့် ဒီအိမ်ရှင်ရဲ့ သမီးသေတော့မယ့်အချိန်ငါရောက်လာလို့ တကောင်းသွားတယ် ”

“ မင်းလူသတ်ချင်တိုင်း သတ်ရအောင် ငါက ဒီအတိုင်းကြည့်နေမတဲ့လား ”

“ ဟား . . .ဟား . . .မင်းက ဘယ်လောက်စွမ်းလို့ ငါ့ကိုလာဆုံးမနေတာလည်း ”

“ ငါက ရှင်ဥက္ကာရိုလမ်းကိုလိုက်နေတဲ့ ဆရာပဲ၊ မင်းလိုသရဲကိုမေတ္တာရပ်ခံခြင်းနဲ့ ဆုံးမပါရစေ ”

“ ဆရာလိုက်စားနေတဲ့ အင်းအိုင်ခလှဲ့၊ ဆေးဝါးမန္တန်တွေနဲ့လည်း နိုင်လိုမင်းထက်မဆုံးမချင်ဘူး၊ မင်းနေရာ မင်းပြန်ဖို့ ဆရာမေတ္တာရပ်ခံချင်တယ် ”

“ ဟား . . . ဟား . . .ဟား မေတ္တာလက်နက်ဟုတ်လား ဘာကောင်ရဲ့ ဘာလက်နက်မှ မကြောက်ဘူး ”

“ ဗိုး ”

ဆရာကြီးအား ဒေါ်သန်းဖေါ်ခန္ဓာကိုယ်မှာ ပူးကပ်ဝင်ရောက်နေသော သရဲကြီးက ရုတ်တရက် ရှေ့ကိုတွန်းကာ ပြင်း



www.burmeseclassic.com

www.burmeseclassic.com



ထန်သော လက်ဝါးရိုက်ချက်နှင့် တစ်ချက်ရိုက်လိုက်သည်တွင် ဆရာကြီးက လက်ဝါးနှင့် ပြန်ခံရိုက်လိုက်သည်။

" ဝုန်း "

ပြင်းထန်သော အသံတစ်သံထွက်လာကာ၊ သရဲဝင်စီး ထားသော ဒေါ်သန်းနောက်သို့ဆယ်ပေခန့် လွင့်စင်သွားသည်။

ခဏကြာသည်အထိ ဒေါ်သန်းလှုပ်ရှားမလာ၊

" ဘာမှမစိုးရိမ်ကြနဲ့ ဆရာနဲ့ လက်ဝါးချင်းဆိုင်တွေ့ ပြီး သရဲမနိုင်မှန်းသိလို့ ထွက်သွားပြီ "

" စောစောက ရေမန်းခွက်ထဲမှာ ရေမန်းရှိသေးတယ် အဲဒီရေမန်းယူပြီး ခေါင်းကနေ ခြေဖျားထိ သွားတောက်ပေး လိုက် "

" ဟုတ်ကဲ့ ဆရာကြီး "

ဦးစံကွန့်ကပဲ ရေမန်းခွက်ကိုသွားယူလိုက်ကာ ခေါင်း ကနေ ခြေဖျားတိုင်အောင် တောက်ပေးလိုက်သည်။

မကြာခင်မှာပဲ ဒေါ်သန်းတစ်ချက်ငြီးသံထွက်လာပြီး သတိရလာသည်။

သရဲထွက်သွားတော့ ဒေါ်သန်းနဖူးမှာ ကွဲရာကျန်နေခဲ့ သည်။ ဒဏ်ရာက ယောင်ပြီးဖုကြီးထွက်နေသည်။

မိတ်ဆွေစာပေ



" ရေမန်းကျန်သေးလား "

" ဟုတ်ကဲ့ နည်းနည်းကျန်ပါသေးတယ် ဆရာကြီး "

" တစ်ပိုင်းတိုက်လိုက် ကျန်တဲ့ရေမန်းကို နဖူးကဒဏ် ရာမှာ ပွတ်သပ်ပေး "

" ခဏခဏ ပွတ်သပ်ပေး မကြာခင်အနာကျက်ပြီး ပြန် ကောင်းသွားလိမ့်မယ် "

" ကဲ ဆရာကြီးမပြန်ခင် ရေမန်းပေးထားခဲ့မယ်။ ရေမန်းနဲ့ ဒီကအိမ်သားတွေအားလုံး နည်းနည်းစီသောက်ခေါင်း ကို နည်းနည်းစီဆွတ်ထား၊ မနက်မိုးလင်းပိုင်းရောက်ရင်လည်း အားလုံးဒီအတိုင်းလုပ် ခနာကိုလည်း ပွတ်သပ်ပေး၊

" သရဲဝင်မစီးတော့ဘူး ဒါပေမယ့် ပေါ့ပေါ့ဆဆတော့ မနေကြနဲ့ ညနေပိုင်းဆရာ သက်အောင်နိုင်ကို လွှတ်လိုက်မယ်၊ သူသင့်တော်သလို စီစဉ်ပေးလိမ့်မယ်၊ စိတ်ပူမနေကြနဲ့ ဟုတ် လား . . . ကဲဆရာကြီးပြန်မယ်၊ ဆရာကြီးကို လိုက်ပို့ကြဦး "

" ဟုတ်ကဲ့၊ ကျွန်တော်တို့ လိုက်ပို့ပါမယ် "

ဦးစံကွန့်နှင့် ရွာသားနှစ်ယောက်က ဆရာကြီးကို ပြန်ပို့ ပေးလိုက်ကြပါသည်။

* * *

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့ညနေပိုင်း လေးနာရီခန့်ဆရာသက်အောင်နိုင်ဦးဘထွန်းတို့အိမ်သို့ ရောက်လာသည်။

“ ဆရာကြီး လွှတ်လိုက်လို့ ဒီအိမ်ကကိစ္စကို အပြီး သတ်ပေးရမယ် ”

“ ကျွန်တော်ကတော့ ဆရာကြီးရဲ့ ဂမ်းစဉ်ကိုအမှ မှ လေ့လာလိုက်စားပြီး တပည့်ခံမလို့ပဲ၊ ဆရာကြီးမလုပ်သင့်တဲ့ ကိစ္စ၊ ဆရာကြီးမလုပ်ချင်တဲ့ ကိစ္စတွေလုပ်ပေးရတယ် ”

“ သရဲကိုအပြီးအပိုင်ရှင်းနိုင်တဲ့ အင်းအိုင်လက်ဖွဲ့ ဆရာကြီး အလွယ်တကူရှင်းနိုင်ပေမယ့် ဆရာကြီးက မလုပ်ချင်ဘူးတဲ့ သရဲကိုနိုင်ကဲ့ သရဲနဲ့ပဲတွေ့ပေးဖို့ ဆရာ့ကို တာဝန် ပေးလို့ ဆရာရောက်လာတာပဲ ”

“ ဟုတ်ကဲ့ ဆရာလေး၊ လိုအပ်သမျှပြောပါ၊ ဆရာ လေးသရဲနှိမ်နှင်းဖို့ ဘာတွေလိုအပ်ပါသလည်း ပြောပါခင်ဗျာ ”

ဦးဘထွန်းက တရိုတသေမေးလိုက်သည်၊

ဆရာသက်အောင်နိုင်က အိမ်သားများနှင့် အိမ်နီး နားချင်းများကို တာဝန်ပေးလိုက်သည်။

“ အမဲသားနှစ်ပိဿာရနိုင်ရင်ရ၊ မရနိုင်ရင် ကြက်တစ် ကောင် ရှာပြီးချက်ပေးပါ၊





ထမင်းကို ဆန်လေးလုံးချက်တစ်အိုး သတ်သတ်ချက် ထားပေးပါ၊

ဆရာမှာသည့်အတိုင်း အမဲသားက ရရန်မလွယ်သည့် အတွက် ကြက်တစ်ကောင်ကို ချက်လိုက်ကြသည်၊

နတ်ဝင်သည်တစ်ယောက်ကိုလည်း ကြိုပြီးခေါ်ထား ခိုင်းသည်၊ အားလုံးပြီးပြည့်စုံတော့၊ ခုနစ်နာရီခန့်ရှိပြီဖြစ်သည်။

ရှစ်နာရီခွဲခန့်အထိ ရောက်အောင် စောင့်နေကြသည်၊ ရှစ်နာရီခွဲပြီးသည်နှင့် ဆရာနှင့်အတူ နတ်ဝင်သည် ဒေါ်ဘုမနှင့် ဦးဘထွန်းရွာသားနှစ်ယောက်တို့ရွာသင်္ချိုင်းသို့ သွားနေကြသည်။

ညရှစ်နာရီခွဲပေမယ့် ကောင်းကင်ကဆန်းစလရောင် လေးကြောင့် အရာရာမသဲမကွဲမနီးမဝေးထိတော့ မြင်ကြရသည်။

ဂူတစ်လုံးပေါ် အမှုက်သရိုက်သန့်ရှင်းလိုက်ပြီး ငှက် ပျောဖက်ခင်းကာ ထမင်းများကို ပုံသည်။

ကြက်သားဟင်းများကို အပေါ်က လောင်းပုံလိုက် သည်၊ ပုလင်းထဲမှာ ရေအနည်းငယ်ချန်ထားလိုက်သည်၊ ဒေါ်ဘုမ ကိုလည်း ဆံပင်ဖြန့်ချပြီး ထိုင်နေစေသည်။

အားလုံးပြင်ဆင်ပြီးသည်နှင့် ဆရာသက်အောင်နိုင်က



www.burmeseclassic.com

www.burmeseclassic.com



မဖဲဝါကိုပင့်ဆောင်ခေါ်ယူလိုက်ပါသည်။

နှစ်ကြိမ်ခန့်မျှ ခေါ်လိုက်ပါသည်။

သစ်ပင်များ ခပ်လှမ်းလှမ်းမှစ၍ လှုပ်ခါရမ်းလာသည် မဲမဲအရိပ်ကြီးလာနေသည်ကို တွေ့လိုက်သည်။

အားလုံးလှုပ်လှုပ်ရှရှဖြစ်သွားသည်။ မဖဲဝါလာနေပြီကို သည်ကို သိလိုက်ကြသည်။

" ဟီး "

ခေါ်ဘုမကို ဝင်ပူးကပ်လိုက်သည်၊ ခေါ်ဘုမခန္ဓာကိုယ် တုန်ခါလာပြီး လက်များက တွန့်လိမ်ကောက်ကွေးကာ၊ ရက် တရက်ဂူပေါ်သို့ ခုန်တက်ပြီး ကြက်သားနှင့် ထမင်းကို လက်နှ ဘက်နှင့် အားပါးတရစားနေတော့သည်။

ခဏနေတော့ စားသောက်ပြီးစီးသွားသည့် ကြက်ရိုး များပါ ပါးစားသွားသည်။ တော်ရုံယောကျ်ားတစ်ယောက်ပင် စားရန်မလွယ်ကူပေ၊

စားသောက်ပြီးသည်နှင့် ဖလားထဲမှ ရေကိုမော့ သောက်ချလိုက်သည်။

" ကဲ . . . ငါ့ကိုခေါ်ပြီးကျွေးမွေးတာ ဘာသိချင်လို့ လည်း "





" မဖဲဝါ . . .ကျုပ်တို့ရွာလဲက ဦးဘထွန်းတို့ မိသားစု ကို ညောင်ကြပ်ပင်က နေတဲ့ သရဲက မိသားစုအားလုံးကို သတ် စမယ်ဆိုပြီး ဝင်ရောက်ပူးကပ်ခြောက်လှန့်နေပါတယ်။

သူ့ကြောင့် ငွေတွေမသေရုံတမယ်ဖြစ်နေပါပြီ၊

" တောင်းပန် လို့လည်း မရဖြစ်နေပါတယ်၊ ကျွန်ုပ်ရဲ့ ဆရာကြီးက ကိုယ်ထိ ရောက်မပြုလုပ်ချင်တဲ့ အတွက် မဖဲဝါအား လာရောက်၍ တိုင်တန်းအကူအညီတောင်းရခြင်း ဖြစ်ပါတယ် "

" ကဲ . . . အမေးရှိတော့လည်း အဖြေရှိရမှာပေါ့ ဦးဘထွန်းလက်မှာဆောင်ထားတဲ့ဓါးကို ဖျက်ဆီးပစ်မှ ဒီကိစ္စ အေးမှာပဲ "

" ဒါနဲ့ မသိလို့မေးပါရစေ ဒီဓါးက ဘယ်လိုစွမ်းလို့ လည်း"

" ဟဲ့ အဲဒီဓါးက အစိမ်းသေတွေကို ရင်ခွဲခဲ့တဲ့ဓါး အသေကောင်တစ်ရာကျော်ပြီဆိုရင် မှော်ဝင်ဓါးဖြစ်သွားပြီ၊ ဒါတော့ ကိုးသချိုင်းက စုဆောင်းလို့ရတဲ့ သံနဲ့လုပ်တဲ့ ဓါး၊ ထိန်ရဲ့တင်း၊ စူးစသည်တို့ဟာလည်း မှော်ဝင်ပစ္စည်းအလိုလို ဖြစ်သွားတယ်ကွဲ့ "



www.burmeseclassic.com

www.burmeseclassic.com



" အဲဒီလက်နက်တွေနဲ့ သရဲတစ္ဆေတွေကို သိလို့ဖြစ်စေ၊ မသိလို့ဖြစ်စေ ထိုးမိ၊ တိုက်မိရင် လက်နက်နဲ့ ထိခိုက်မိရင်၊ သရဲတစ္ဆေတွေကို တိုက်ရိုက်ထိခိုက်တယ် "

" ဒီလက်နက်တွေကို လက်ထဲမှာ မထားသင့်ဘူး ရန်များတယ်၊ ဖျောက်ဖျက်ပစ်လိုက်ပါ၊ နောက်ကို ဘယ်ကိုကိစ္စမှ မသုံးပါနဲ့၊ ငါလည်း ဆိုးဝါးသောင်းကျန်းနေတဲ့ . . . အဲဒီသရဲကို ညောင်ကြပ်ပင်က ဖယ်ရှားပစ်လိုက်မယ် "

ထို့နောက်မဖဲဝါက ဆက်ပြောသည်။

" ကဲ ဘာမှ စိုးရိမ်မနေနဲ့တော့ ငါ့ရဲ့ လက်စွဲတော်တွေနဲ့ ခွေးကြီးက သရဲရှိတဲ့နေရာသွားပြီး ခေါ်ဆောင်နေပြီ ငါ့ရဲ့ သင်္ချိုင်းထဲတစ်ခါတည်းခေါ်သွားလိုက်မယ်၊ စိတ်ချလက်ချသာ ပြန်ကြပေတော့ "

ထိုကဲ့သို့ ပြောလိုက်ပြီးသည်နှင့် မဖဲဝါထွက်သွားသဖြင့် ဒေါ်ဘုမ ခွေလျက်လဲကျသွားသည်။

ဦးဘထွန်းလည်း မဖဲဝါပြောသွားသည့် အန္တရာယ်ရှိသောဓါးကို စွန့်လွှတ်ရန်ဆုံးဖြတ်လိုက်သည်။

ဒေါ်ဘုမကို ပြုစုပေးပြီး သတိပြန်ရလာသည်နှင့် အားလုံးအိမ်သို့ ပြန်လာကြတော့သည်။





" ဆရာ ဒီဓါးမြောင်ကို ယူသွားပြီး ဆရာရဲ့ဆရာကို ဖျက်စီးပေးခိုင်းပါ၊ ကျွန်တော်ပေးလိုက်ပါရစေ "

" တစ်နေရာမှာ ဝှက်ထားလိုက်တာတို့ မြေမြှုပ်လိုက်တာတို့ရေထဲပစ်ချလိုက်တာတို့ လုပ်ရင်ရပေမယ့်၊ တစ်ယောက်ယောက်ရသွားခဲ့ရင် ကျွန်တော်မကောင်းဖြစ်နေဦးမယ်၊ မဖဲဝါရဲ့ စကားကိုနားထောင်သလို ဖြစ်အောင်တစ်ခါတည်း မှော်စိတ်ပျက်သွားအောင်သာ လုပ်ပေးခိုင်းပါဆရာ "

" စိတ်ချ . . . ဆရာကြီးကို မှော်အစွမ်းတွေပျက်အောင် ဖျက်ခိုင်းလိုက်ပါ့မယ် "

" ဓါးက အခုဘယ်မှာလည်း "

" အိမ်မှာပါ ဆရာ "

" ဆရာအိမ်ကိုလိုက်ခဲ့ပါဦး . . . ဓါးလည်းပေးရင်း ဆရာပြန်တော့ ကျွန်တော်ကို လိုက်ပို့ပေးပါ့မယ် "

" မဖဲဝါ ဒေါ်ဘုမကို ဝင်စီးပြီး ပြောသွားတဲ့အတိုင်း သရဲကြီးကို တကယ်ခေါ်သွားပြီဆိုရင် ကျွန်တော့်မိသားစုအရမ်းကို ဝမ်းသာမှာပဲ ဆရာ "

" ဟာ . . . အဲဒါတော့ စိတ်ချ . . . မဖဲဝါက သူမနိုင်ရင် မနိုင်တဲ့အကြောင်းရှင်းရှင်းပဲပြောတယ် . . . သူနိုင်မယ်



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စဆိုရင် သူစီရင်တဲ့အတိုင်း ပြီးသွားတာပဲ . . . စိတ်ချလက်ချသာ နေကြပါတော့ ”

“ ဆရာနဲ့ ဆရာကြီးကိုလည်း ကျေးဇူးတင်ပါတယ် ”

ဆရာသက်အောင်နိုင်လည်း အသွားရှစ်လက်မခန့်ရှိ ဓါးမြှောင်ကို လက်ခံယူလိုက်ပြီး အိမ်မှပြန်ရန် ပြင်လိုက်သည်။

ဦးဘထွန်း၏ သားနှင့် တင်စိုးတို့က ရွာလည်းပိုင်း၌ ဆရာနေသော အိမ်သို့လိုက်ပို့ပေးလိုက်တော့သည်။

* * * * *



# “ ကျေးဇူးပါ မဖ်ဝါ ”

ကျွန်တော်တို့ သူ[illegible]မျိုးတစ်စုအုန်းပင်ရိပ်၊ လက်ဖက်ရည်ဆိုင်မှာ ညနေပိုင်းတွေ့ဆုံပြီး ထိုင်နေကျဖြစ်သည်။

သူငယ်ချင်းတစ်စုဆုံမိလျှင် ရောက်တတ်ရာရာ၊ ဝိုင်းဖွဲ့ပြောကြသည်၊ တစ်ယောက်၏ ငယ်ကျိုးငယ်နာတစ်ယောက်ပေါ်၍ စကြနောက်ကြသည်။

သို့ဖြင့် မရိုးနိုင်သော စကားဝိုင်းလေးများဖြစ်လာသည်၊ တစ်ခါတစ်ခါ အစလွန်သွားသဖြင့် အစခံရသူစိတ်ဆိုးသွားသည့်အတွက် ဝိုင်းပျက်မတတ်ဝင်ကြံကြရသေးသည်။

ပြောစရာအကြောင်းအရာများ မရှိတော့လျှင် သရဲတစ္ဆေ အကြောင်းပြောကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သရဲတစ္ဆေဆိုလျှင်တော့ အားလုံးစိတ်ဝင်စားကြ သည်၊ သူငယ်ချင်းအားလုံးထဲမှာ မျိုးလွင်က သရဲတစ္ဆေ၊ ဝိဇ္ဇာ၊ ပယောဂ၊ စုန်းရှာသူ၊ စုန်းတိုက်နက်တိုက်အကြောင်း တစ်မျိုးမဟုတ်တစ်မျိုးပြောပြတတ်သည်။

သူ့အဖိုးက ပယောဂကုဆရာကြီးအဖြစ်ကနေပြီးတစ်ဆင့်ပြီးတစ်ဆင့် ကျင့်ကြံအားထုတ်လာခဲ့ရာ၊ အထက်လမ်းဆရာကြီးပင်ဖြစ်နေပေပြီ၊

ယခုနောက်ပိုင်း ပယောဂကုခြင်းတို့ကို ဆရာကြီးသိပ်မလုပ်တော့၊ တပည့်နှယောက်ကိုသာ လုပ်စေသည်၊ မျိုးလွင်၏ အဖိုးကတော့ တရားထိုင်ခြင်း၊ အဓိဋ္ဌာန်ရက်ရှည်ဝင်ခြင်းတို့ဖြင့်သာ အချိန်ကုန်စေတော့သည်။

မျိုးလွင်အဘိုးဆေးကုသခဲ့စဉ်က မျိုးလွင်လိုက်ပါကြည့်ရှုခဲ့သဖြင့်၊ အတွေ့အကြုံများကို ပြန်ပြောပြတတ်သည်၊ သူ့ထံမှ စုန်းပြူစားခြင်း၊ ကဝေစက်နှင့် ပြုစားထားခြင်းတို့ကို သူ့အဘိုးမည်ကဲ့သို့ ခေါ်ယူဆုံးမလိုက်သည့်အကြောင်း စိတ်ဝင်စားဖွယ်ပြောပြတတ်သဖြင့် မျိုးလွင်ရောက်လာသည်နှင့် သူတို့ပြောလက်စ စကားရပ်ကာ အတင်းမေး၊ အတင်းအပူပြော ခိုင်းတော့သည်။





သူလာလျှင်ပြောစရာအကြောင်းအရာတစ်ခုကတော့ ပါစမြဲဖြစ်သည်၊ ယခုနောက်ပိုင်းတော့ သူ့မှာပြောစရာကုန်သွားပြီဟုဆိုသည်။

သူ့အဘိုးကလည်း ယခင်ကကဲ့သို့ဆေးလိုက်ပြီး မကုတော့သည်မှာကြာပြီဟုဆိုသည်။

ယခုကျွန်တော်တို့ ငြင်းခုံပြောဆိုနေကြစဉ်မျိုးလွင်ရောက်လာသဖြင့် အားလုံးစကားစဖြတ်လိုက်သည်။

" ကဲ . . . ပြောစရာ၊ အကြောင်းအရာဘယ်လောက်ပါလဲ၊ ထိုင်လည်းထိုင် ရေနွေးလည်းသောက် ပြောစရာပါရင်ပြောပေတော့ "

" ထိုင်တောင်မထိုင်ရသေးဘူး၊ စကားပဲပြောခိုင်းနေတယ်၊ ငါ့အဘိုးက အထက်လမ်း အကျင့်ကိုလိုက်နေကတည်းက ဘေးမကုတော့ပါဘူးလို့ ငါပြောထားတယ်လေကွာ "

" မင်းပြောတာတော့ ငါတို့သိတာပေါ့ . . . မင်းမှာ မပြောရသေးတဲ့ အကြောင်းအရာလေးများ သတိရတာရှိသေးလားလို့ မေးတာပါ ၊ နည်းနည်းစဉ်းစားကြည့်ပါဦး "

" မရှိပါဘူးကွာရှိလည်းမပြောနိုင်ပါဘူး၊ ငါ့ကိုထိုင်ရေနွေးသောက်တဲ့ လက်ဖက်ရည်တစ်ခွက်တောင် မ[illegible]မှ



www.burmeseclassic.com

www.burmeseclassic.com



တော့ ငါကလည်းဘာအကြောင်းစဉ်းစားပြီး မင်းတို့ကို ပြောရမှာလည်း "

" မင်းကလည်း စကားနာထိုးနေပြန်ပြီ၊ ငါမင်းကို လက်ဖက်ရည်တိုက်မယ်၊ မင်းပြောဖို့သာပြင်ထားခွေးပုရေ ပေါ့ ဆိမ့် တစ်ခွက်တော့ "

" ကဲ . . . မှာပြီးပြီ "

ခဏနေတော့ စားပွဲထိုးကောင်လေး လက်ဖက်ရည် တစ်ခွက်လာချပေးသည်။

" အင်းလက်ဖက်ရည်ရောက်ပြီဆိုတော့ မင်းတို့ကို ပြောပြရတော့မှာပေါ့ "

" အဲဒီလို အသိရှိစမ်းပါ "

" ငါလာကကတည်းက ပြောမလို့စဉ်းစားလာခဲ့တာပါ။ ဟိုသောင်းမြင့်က ရေနွေးနဲ့ ညှော်ခံနေလို့ ပြောမယ့်အကြောင်း အရေဖေ့သွားတာ၊ ဦးနှောက်ကြည်သွားအောင် လက်ဖက်ရည် တစ်ငုံနှစ်ငုံသောက်လိုက်ဦးမယ် "

" ငါ ဒီကောင့်သောက်ခွက်ကို ထထိုးချင်စိတ်ပေါက် နေပြီ "

စိတ်မရှည်တော့သည့် ကျော်ကြီးက ထပေါက်သည်





" တောက် . . .အားလုံးအပေါ်စီးကပဲ ဆက်ဆံနေကြ ပါလား "

" စိတ်ရှည် . . . စိတ်ရှည် . . . ငါပြောမယ့်အကြောင်း က မင်းတို့ကို မပြောဖူးသေးတဲ့အကြောင်း ပြောမှာ "

" ပြီးတော့ သရဲကိုငါကိုယ်တိုင် အသေအချာမြင်တာ"

" ငါပြောမှာ မဖဲဝါအကြောင်းပဲ "

" ဘာ မဖဲဝါ ဟုတ်လား "

" ဟုတ်တယ် . . . မဖဲဝါအကြောင်း "

" စိတ်ဝင်စားသွားပြီ ပြောစမ်းပါဦး "

" မင်းတို့မဖဲဝါကို မြင်ဖူးလား "

" မမြင်ဖူးပါဘူး "

" ကြားရော ကြားဖူးလား "

" အင်း . . . အဘွားတွေသေလို့ သင်္ချိုင်းပို့ရင်း အခေါင်းပေါ်တင်သွားတဲ့ စားမြိန်စာကို စားခွင့်ပေးပြီး သင်္ချိုင်း တွင်းက တစ္ဆေသရဲတွေကို အုပ်ချုပ်ခိုင်းထားတဲ့ တစ္ဆေမကြီးလို့ အဖွားက ငါငယ်ငယ်တုန်းက ပြောပြဖူးတယ်"

" မဖဲဝါက သင်္ချိုင်းထဲက တစ္ဆေတွေ၊ သရဲတွေတင် မကပဲ ရှိရှိသမျှ သွားလာလှုပ်ရှားနေတိုင်ကြတဲ့ တစ္ဆေတို



www.burmeseclassic.com

www.burmeseclassic.com



မှန်သမျှ အုပ်ချုပ်ကာယ်လို့ ငါ့အဘိုးကလည်း ပြောပြဖူးတယ်"

" ငါတော့ . . . သရဲအခြောက်ခံရဖူးတယ်၊ ဆံပင်ဖါးလျားကြီးနဲ့ ရိပ်ကနဲမြင်ပြီး ၊ ပျောက်သွားတယ် . . . မဖဲဝါလား ရိုးရိုးသရဲလားတော့ မသိဘူး၊ ငါ့ကို ခြောက်တာ သရဲမတစ်ကောင်မှန်းတော့ သိတယ် "

" ငါက . . . မဖဲဝါကိုလည်းမြင်ဖူးတယ်၊ သူ့တပည့်လက်ပါးစေတွေကိုလည်း မြင်ဖူးတယ်။

" ပြီးတော့ ရပ်ကွက်ထဲသွားလာနေတဲ့ သရဲတစ္ဆေတွေကိုပါ မြင်ဖူးတယ် "

" သရဲတွေက ကြောက်ဖို့ကောင်းလား "

" ကိုယ့်ကို မခြောက်မလှန့်ရင်တော့ ကြောက်ဖို့မကောင်းပါဘူး ဒါပေမယ့် သရဲတစ္ဆေမှန်းသိနေတော့လည်း သူတို့နဲ့ အတူတူမနေဝံ့ဘူး သူတို့က မခြောက်မလှန့်ပေမယ့် ကိုယ်က စိတ်မလုံပဲကြောက်နေတယ် "

" တကယ်ပြောတာ ဗျာထဲက တစ္ဆေသရဲတွေကို မြင်ပေမယ့် ငါကြောက်စိတ်မဖြစ်ပေါ်ခဲ့ဘူး၊ ဒါပေမယ့် ဘာမှမလုပ်တဲ့ငါ့အဖွားရဲ့ ဝိညာဉ်ကိုမြင်မှပဲ ဒီသရဲတစ္ဆေတွေကို ကြောက်စိတ်ဝင်လာပြီး သရဲမြင်ရတဲ့ကိစ္စဆက်မလုပ်ဖြစ်တော့ဘူး "





" ဘာကွ . . . မင်းစကားက "

" ဟုတ်တယ် . . . ငါ့အသက်ဆယ့်ရှစ်နှစ်လောက်က၊ အဘိုးက အသက် (၇၀) နားနီးနေပြီ၊ အဘိုးက ဆေးကုတဲ့အလုပ်ကို စွန့်လွှတ်ထားပြီးပြီ၊

" သူ့တပည့်ကို စိတ်ချရပြီဆိုရင် သူ့ဆေးလွယ်အိတ်ကိုပေးမလို့ပြင်ဆင်နေတယ်"

အဘိုးက ဆေးလွယ်အိတ်ထဲက ပစ္စည်းတွေ ထုတ်ပြီး တစ်ခုချင်း စစ်ဆေးနေတဲ့အချိန် ငါက စပ်စုပြီးအဘိုးနားမှာ သွားထိုင်လိုက်တယ်။

" အဲဒီအချိန် အဘိုးက၊ ငါ့ကိုစိတ်လိုလက်ရ ဆေးတွေအင်းတွေ၊ နွားလားဥသဘအရုပ်တွေပြတယ်၊ ရှင်းပြတယ်၊ ငါလည်းစိတ်ဝင်စားပြီး နားထောင်နေမိတယ် "

" ပြီးတော့ ငါ့ကို သရဲတစ္ဆေတွေကို မြင်ရတဲ့ မျက်ကွင်း ဆေးတောင့်ကိုပြတယ် "

" ငါက စိတ်ဝင်စားသွားတယ်၊ သားကော မျက်ကွင်းဆေးကွင်းပြီး သရဲတွေကို ကြည့်လို့ရမလား၊ ရရင်သားကြည့်ချင်တယ်လို့ မရဲတရဲပြောလိုက်တယ်၊ "

" မင်းသရဲမြင်ရင် ကြောက်မှာပေါ့တဲ့ "



www.burmeseclassic.com

www.burmeseclassic.com



" သားမကြောက်ပါဘူးလို့ပြောတော့ မင်းမကြောက်ဘူးဆိုရင် ဆေးကွင်းပေးမယ် ကျောက်ပြင်သွားယူရေနည်းနည်းခပ်ခဲ့ဆိုတာနဲ့ ငါလည်းဝမ်းသာအားရ အဘိုးယူခိုင်းတာမှန်သမျှ ယူပေးလိုက်တယ် "

" ဆေးကို ကျောက်ပြင်မှာသွေးရင်း ချ် ပြောတယ် ဒီဆေးကွင်းပြီး ကြည့်လိုက်ရင် အပြင်လောကမှာ ပျောက်သွားလာနေတဲ့ သရဲမျိုးစုံကိုမြင် ရလိမ့်မယ်၊ "

" သူတို့ကိုမြင်တယ်ဆိုတာ မသိစေနဲ့၊ သူတို့ပြောစကားလည်း ကြားရလိမ့်မယ်၊ ကိုယ့်ကိုမမြင်နိုင်တဲ့ နေရာမှာ ကြည့်တာပိုကောင်းတယ်ဆိုပြီး ကျောက်ပြင်မှာသွေးထားတဲ့ ဆေးကို မျက်စေ့မှာ ကွင်းပေးလိုက်တယ် "

" ဆေးတွေမျက်လုံးထဲ မဝင်စေနဲ့လို့လည်း မှာလိုက်တယ် "

" ငါ့မြေးဆေးကွင်းပြီး ရွာထဲခဏသွား၊ ပြန်လာရင် ဘာတွေးလည်း အဘိုးကိုပြော ပြဆိုပြီး လွှတ်လိုက်တယ်။

" ဒီလိုနဲ့ ငါလည်း မျက်ကွင်းဆေးကွင်းပြီး ရွာထဲလျှောက်ခဲ့တာပေါ့ "

" လား လား တစ်လမ်းလုံး လျှောက်သွားနေတဲ့





သရဲမနည်းရှောင်ရတယ်။

" ငြင်းခုံပြောဆိုသံတွေလည်း အပင်တွေပေါ်က ကြားရတယ် "

" သစ်ပင်ကြီးကြီးငယ်ငယ်သရဲတွေကို တွေ့ရတယ်။ အချို့သစ်ပင်တွေမှာတော့ သရဲတစ္ဆေကိုမတွေ့ရဘူး၊ ငါပြန်လာတော့ အဘိုးကိုပြောပြတယ်၊ အဘိုးက အဲဒီအပင်လွတ်တွေဟာ လမ်းပေါ်သွားလာနေတဲ့ အကောင်တွေရဲ့ အပင်တွေလို့ ပြောတယ်ကွ "

" ငါလည်း နှစ်လမ်းသုံးလမ်းလောက်လျှောက်ပြီးတာနဲ့ အဘိုးဆီပြန်လာပြီး မျက်ကွင်းဆေးကို ဖျက်ခိုင်းရတယ် "

" ဖျက်တာကတော့ လွယ်တယ်ကွ တစ်ကယ်ထူးခြားတယ် . . . သရဲမျိုးစုံပဲ၊ ပုံမကျပန်းမကျ အကောင်ကြီးတွေကိုလည်းတွေ့ရတယ် "

" ပြိတ္တာမျိုးနွယ်တွေနဲ့ တူပါတယ်"

" အခု ဒို့ရဲ့ဘေးမှာလည်း သရဲတွေရှိနိုင်သလို ဒီဆိုင်နဲ့ လွတ်နေတဲ့ခုံတွေပေါ်မှာလည်း ထိုင်နေနိုင်တာပဲ "

" ဒါကြောင့်လူကြီးတွေက ကလေးတွေ ခဲတွေပစ်လေးခွတွေနဲ့ လျှောက်ပစ်ရင် ဆူတာ၊ မြင်မြင်ရာလျှောက်မပစ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့နှုတ်မကြိုက်ဘူးပြောတတ်ကြတယ်မဟုတ်လား ”

“ အဲဒီ မမြင်ရတဲ့သရဲတစ္ဆေတွေကို ပင်မိမှာစိုးလို့ တားမြစ်ကြတာပဲ ”

“ ရောက်ပိုင်းငါလည်း သရဲတစ္ဆေမမြင်ဝန့်လို့ မျက်ကွင်းဆေးအကြောင်း အဘိုးနဲ့ကြုံတိုင်း စကားမဟဖြစ်တော့ဘူး။

“ အဲဒီလိုနဲ့ တစ်နှစ်လောက်ကြာသွားတယ်၊ အဲဒီအချိန်မှာ ငါ့အဘွားဆုံးသွားတယ်၊ အဘိုးကဇင်းကျိုက်တောင်ဘက်ကို အမိဌာန်ခရီးထွက်သွားတဲ့အချိန်နဲ့ တိုက်ဆိုင်နေတယ် ”

“ ငါ့မိဘတွေကလည်း အဘိုးအဓိဌာန်ခရီးအနှောင့်အယှက်မဖြစ်စေချင်လို့ အကြောင်းမကြားခဲ့ဘူး သိရင်လည်း အဘိုးက အဓိဌာန်ကိုဖျက်ပြီးလာမှာလည်း မဟုတ်ဘူး ”

“ အဘိုးက သူ့ဆေးလွယ်အိတ်ကို အိမ်မှာထားခဲ့တဲ့အတွက် အဘွားသေပြီးနောက်ဘာဖြစ်နေလည်းသိချင်စိတ်ဖြစ်ပေါ်လာတယ် ”

“ အဘွားက ငါ့ကိုသိပ်ချစ်တာ ငါတို့ညီအစ်ကိုနှစ်ယောက်ရှိတာ ငါ့ကိုအချစ်ဆုံးပဲ၊ အဲကြောင့်သေဆုံးသွားပြီဖြစ်တဲ့ အဘွားကို မြင်ချင်တယ် ”





“ ဒါနဲ့ ငါမျက်ကွင်းဆေးကို အဘိုးမသိခင်အိတ်ထဲကယူပြီး ကျောက်ပြင်မှာ သွေးလိုက်တယ် ”

“ မျက်စေ့ကွင်းပြီး၊ အဘွားကို မြှုပ်ထားတဲ့ သင်္ချိုင်းဘက်ကိုထွက်ခဲ့တယ်၊ အချိန်က ညနေငါးနာရီနီးပါးရှိနေပြီ ”

“ မျက်ကွင်းဆေးကွင်းပြီး ရွာပြင်ကိုထွက်မယ်စိတ်ကူးနဲ့ ထွက်လာခဲ့တာ၊ အဘွားကိုမြင်ချင်တဲ့ ဇောနဲ့ သရဲကိုကြောက်ရကောင်းမှန်းမသိတော့ဘူး ”

“ အဲဒီအချိန် ငါ့ဘေးက ဖြတ်သွားတဲ့သရဲတစ်ကောင်က သစ်ပင်ပေါ်လှမ်းကြည့်ပြီး ”

“ ဟော့ကောင် . . . ဟော့ကောင် ဗိုးတုတ် . . ၊ မင်းတို့ ဆူညံဆူညံလုပ်မနေနဲ့ မဖဲဝါလာနေတယ် သတိထားဆိုပြီး ရွာပြင်ကနေ ရွာထဲဝင်လာတယ် ”

“ အဲဒီအချိန်ငါက ရွာစွန်ရောက်နေပြီ ရွာပြင်ရောက်ခါနီးနေပြီ၊ ရွာပြင်ထွက်လိုက်ရင် သင်္ချိုင်းက သိပ်မဝေးတော့ဘူး ”

“ မဖဲဝါလာနေတယ်ဆိုတာနဲ့ ရွာပြင်ဘက်ဆီလှမ်းကြည့်လိုက်တယ်၊ ဆံပင်ဖါးလျား၊ ထမိရင်လျားနဲ့ ရွာဘက်ကိုလာနေတဲ့ မဖဲဝါကို တွေ့လိုက်တယ် ”



www.burmeseclassic.com

www.burmeseclassic.com



" အရုပ်ကြီးက ဆယ်ပေလောက်မြင့်မယ်၊ ငါလည်း အနီးမှာ တွေ့တဲ့ ခြုံပုတ်ထဲကို တိုးဝင်လိုက်တယ်။"

" မဖဲဝါနဲ့အတူ ခွေးနက်ကြီးနှစ်ကောင်ပါလာတယ်၊ ပြီးတော့ သရဲငှက်ကောင်လည်းပါသေးတယ်၊ မဖဲဝါနှင့် ကိုယ်ရံတော်တွေဖြစ်မယ်လို့ ငါထင်လိုက်တယ် "

" ငါရှိတဲ့ နေရာနဲ့ မလှမ်းမကမ်းမှာ မဖဲဝါကြီးက ရှေ့ကို ဆက်မသွားသေးပဲ . . . ရပ်နေတယ် "

" ဂီး . . . ဂီး . . . ဂီး "

" ခွေးနက်ကြီးတွေကလည်း အစွယ်ကြီးတွေ အဖွေး သားနဲ့ မာန်ဖီနေကြတယ် . . . ငါ့ကို တွေ့များတွေ့သွားလို့ ကတော့ . . . သေပြီပဲ "

အဲဒီအချိန်ရွာထဲဘက်က သရဲကြီးတစ်ကောင် မဖဲဝါ နားရောက်လာတယ်၊ နောက်က သရဲတစ်ကောင်ကလည်း ကပ်ပါလာသေးတယ် "

" ဖိုးနီပြောတာအမှန်ပဲလား "

" ဒါကတော့ မဖဲဝါလွန်တာပေါ့၊ ကိုယ့်ပိုင်နက်နဲ့ကိုယ် အုပ်ချုပ်ပါ၊ မင်းကများ ငါ့ကိုအမိန့်လာပေးနေရသေးတယ်၊ မင်း နေရမှာ သင်္ချိုင်းထဲမှာ မဟုတ်ဘူးလား "





" မင်းကြပ်ကြပ်မှတ်ထား . . .သင်္ချိုင်းတွေရဲ့ အရှင် ဗိုလ်ညာဉ်တွေရဲ့ အချုပ် မဖဲဝါအကြောင်းမသိသေးဘူးလား "

" ဟား . . . ဟား . . . ဟား "

" ငါကလည်း တစ္ဆေတွေရဲ့ဆရာကြီး လူ့ဘဝတုန်းက လူမိုက်မိုးမှောင်တဲ့ ခုတစ္ဆေကြီးမိုးမှောင်ပေါ့ "

" ငါ့ကိုသေအောင်ဝိုင်းသတ်တဲ့ကောင်တွေ သူ့မိသားစုတွေကို ငါလိုက်သတ်နေတာ သူတို့အားလုံးသေမှ ငါကျေနပ်မယ်၊ ငါနေတာ ခင်တန်းကြီးရွာ မင်းသိပါတယ်၊ ငါဟိုမှာ နှစ်ကောင်ကို သတ်ပြီးပြီ ငါ့ကိုသတ်တဲ့ ဆရာကြီးက ဒီရွာမှာ ရှိတယ်ဆိုလို့လာခဲ့တာ "

" ဒီကောင် ငါ့ကိုသတ်ပြီး အဖမ်းမခံရအောင်ဒီရွာမှာ ဇာတ်မြှုပ်ပြီးလာနေတာ၊ ငါအခုသူ့ကိုသတ်မလို့ရောက်နေပြီလေ၊ သူတို့အားလုံးသေမှ ငါကျေနပ်မယ် "

" သူတို့သတ်လို့တောင် မင်းသေခဲ့ရပြီမဟုတ်လား၊ သူတို့ကိုပြန်သတ်လို့ကတော့ မင်းသရဲဘဝထက်ဆိုးတဲ့နေရာကို ရောက်တော့မှာပဲ "

" ဒါပေမယ့် ငါ့ပိုင်နက်ထဲမှာ မင်းလုပ်ချင်တာလာ မလုပ်နဲ့၊ ငါခွင့်မပြုဘူး ခင်တန်းကြီးရွာမှာ လူသတ်ခဲ့လို့ သူ့ရ



www.burmeseclassic.com

www.burmeseclassic.com



ဖိုးနီကိုအရှာလွှတ်လိုက်တာ ဒီရွာမှာ မင်းကို လာမိကော့ပဲ "

" လူတွေလည်း သူ့စည်း၊ သူ့ကမ်းနဲ့ သရဲလည်း သရဲစည်း၊ သရဲကမ်းနဲ့ နေရမှာပဲ ဒါက ငါတို့ကို အထက်က မှတ်တဲ့ ဥပဒေပဲ "

" မင်းငါ့ကို စည်းတွေ၊ ဘောင်တွေလာပြောမနေနဲ့ ငါမလိုက်နာနိုင်ဘူး . . . ငနီလည်း မမှုဘူး၊ မင်းရဲ့ လက်ပါးစေ နှစ်ကောင်ရော ခွေးနှစ်ကောင်ရော ငါမမှုဘူး . . . ငါ့ကို လာမနှောင့်ယှက်နဲ့ "

" ဟား . . .ဟား . . .ဟား. . . မဖဲဝါ . . . မဖဲဝါ လူ့ဘဝမှာကတည်းက မင်းရဲ့နာမည်ကြားဘူးတာ အခုတော့ လည်း ကြုံဖူးမှ ဘာမှမဟုတ်ဘူးပဲ "

" သရဲမိုးမှောင်က မလေးမခန့်အစွယ်ပြူးပြူးပါးစပ်ကြီးကို အစွမ်းကုန်ဖြဲပြီး ဟားတိုက်ရယ်မောနေတယ် "

" ငါလည်း မြို့ထဲမှာ ပုန်းနေရပေမယ့် သရဲတွေအချင်းချင်းပြောသနာတက်နေတယ်ဆိုတော့ ကြောက်လန့်နေတာ ပြောမပြတတ်အောင်ပဲ "

" အဲဒီအချိန်မှာပဲ မဖဲဝါက လက်ကိုရုတ်တရက် ဆန့်တန်းလိုက်တယ်၊ သရဲမိုးမှောင်နောက်ကိုယိုင်သွားတယ် "





" အလစ်တိုက်ခိုက်တယ်ပေါ့ ဟုတ်လား "

" အဲဒီအချိန်မှာပဲ ခွေးကြီးနှစ်ကောင်သရဲမိုးမှောင်ဆီ ခုန်ဝင်သွားတယ်၊ တင်းပုတ်ကြီးကိုင်ထားတဲ့ မဖဲဝါရဲ့ နောက်မှာပါလာတဲ့ သရဲကြီးကလည်း ပြေးဝင်သွားတယ်၊ "

" ခွေးကြီးနှစ်ကောင်က အတင်းဆိုးကိုက်နေသလို တင်းပုတ်ကိုင်သရဲကြီးကလည်း တင်းပုတ်ကြီးနဲ့အတင်းဝင်ပြီး ထုရိုက်နေတယ် "

" ဂိုး . . . ဂိုး. . . ဂိုး . . . ဂါး "

" ခွေးကြီးတွေက သည်းကြီးမည်းကြီးဝိုင်းကိုက်နေပေမယ့် သရဲကြီးမိုးမှောင်က ပြန်လည်ခုခံနေတဲ့အတွက် တိုက်ခိုက်မှုက မထိရောက်ဖူးဖြစ်နေတယ်၊ တင်းပုတ်ကိုင်သရဲကြီးကလည်းတင်းပုတ်ကြီးနဲ့ ဝင်ထုရိုက်ပေးမယ့် . . . မိုးမှောင်ကို အထိမနာသေးဘူး . . . "

" ဒါပေမယ့် အန္တရာယ်ပြုလာတဲ့ ခွေးကြီးတွေနဲ့ တင်းပုတ်ကိုင်သရဲကိုပြန်ခုခံတိုက်ခိုက်နေရလို့ မဖဲဝါကို ဂရုစိုက်ဖို့ အချိန်မရတော့ဘူး "

" အဲဒီအချိန်မှာပဲ လှစ်ကနဲဆို မိုးမှောင်နဲ့နောက်ဖက်ကို မဖဲဝါက ခုန်ဝင်ပြီး သူ့ရဲ့လက်ဝါးကြီးနဲ့ ကျောပြင်ကိုအား



www.burmeseclassic.com

www.burmeseclassic.com



ကုန်ပစ်ရိုက်ထည့်လိုက်တယ် ”

“ မဖဲဝါရဲ့ လက်ဝါးကြီးနဲ့ ရိုက်ချက်အောက်မှာ သရဲကြီးမိုးမှောင်အသံတစ်ချက်သာ ထွက်ပြီး မှောက်သွားတယ် ”

“ ခွေးကြီးနှစ်ကောင်ကလည်း လုယက်ပြီး ဝိုင်းကိုက်ကြတယ် ”

“ ခွေးကြီးတွေ လိမ့်ကိုက်လို့ မလှုပ်ရှားနိုင်တော့တဲ့ သရဲမိုးမှောင်ကို အကြီးဆုံးခွေးက ကိုက်ချီပြီး သချိုင်းထဲကို ဝင်သွားတော့တယ် ”

“ မဖဲဝါက လိုက်ဝင်မသွားသေးပဲ တိုက်ပွဲကိုရပ်ကြည့်နေတဲ့ သရဲဖိုးနီကို မှာစရာရှိတာတွေ မှာနေတယ် ”

“ ရပ်ထဲရွာထဲမှာ ကိုယ့်စည်းကိုယ့်ကမ်းနဲ့ မနေတဲ့ သရဲတွေကို မင်းပြောဆိုဆုံးမလို့ရရင်ရ၊ မရရင် အခုလိုပဲ ငါ့ကို လာပြော ”

“ မင်းသရဲကြီးတာတောကို ခေါ်ချင်ခေါ်သွား ”

“ တင်းပုတ်ကိုင်သရဲကြီးကိုခေါ်သွားနိုင်းတယ်၊ သရဲဖိုးနီလည်း ခေါင်းငြိမ့်ပြလိုက်တယ် ”

“ ဟုတ်ကဲ့ သခင်မ၊ ကောင်းကောင်းထိန်းကွပ်ပေးပါ့မယ် ”





“ အေး . . . ငါသွားမယ် ”

“ မဖဲဝါက သရဲဖိုးနီကို ကျောခိုင်းပြီး . . . သချိုင်းထဲသို့ ပြန်ထွက်ခွါသွားတာနဲ့ ငါလည်းပြန်လာခဲ့တယ် ”

“ ခဏအတွင်းမှာပဲ အမှောင်ထုက ဖုံးလွှမ်းလာတာနဲ့ ခြေလှမ်းသွက်သွက်လျှောက်ပြီး ပြန်ခဲ့တယ် ”

“ လမ်းပေါ်မှ သရဲတွေရော . . . လူတွေရော သွားလာနေကြတယ်၊ မြို့ရောက်တော့ သရဲတစ်ကောင်ရပ်နေတာ တွေ့လိုက်လို့ မသိမသာအကဲခပ်ကြည့်လိုက်မိပါကယ်၊ လားလား ပြီးခဲ့တဲ့အပတ်က အဖတ်ဆိုပြီးသေသွားကဲ့ စိုးကြည်ဖြစ်နေတယ် ”

“ မသိချင်ယောင်ဆောင်ပြီး အိမ်ထဲဝင်ခဲ့တယ်၊ အိမ်ပေါ်မှာငါတွေ့လိုက်တာကတော့

“ ဘုရား . . . ဘုရား ”

“ အသွားပါလား . . . ကုလားထိုင်ပေါ်ထိုင်ရင်း ငါ့ဝင်လာတာကို ကြည့်နေတယ်၊ သူ့ဘေးမှာ ရွာထဲက ဒေါ်အေးပွင့်ကြီးပါ ပါလာတယ် ”

“ ဒေါ်အေးပွင့်က လွန်ခဲ့သော လကမှ သေဆုံးသွားသော အဖွားအိုသူငယ်ချင်းဖြစ်သည်၊ အိမ်ကိုအပေါ်ခေါ်လာ၍



www.burmeseclassic.com

www.burmeseclassic.com



တယ် "

" ဒုက္ခပါပဲ . . . အဘွားက သူ့မိတ်ဆွေတွေကို အိမ်ကိုခေါ်လာခဲ့တယ် "

" အဘွားအသက်က (၆၅) နှစ်ရှိပြီ၊ သွားမရှိတော့ အံဖုံးနဲ့သာ အပျော့များကိုကိုက်ဝါးစားသည်မှာ ကြာခဲ့ပြီ သွားမရှိသော အဘွားက ပုံပြင်တွေထဲမှ စုန်းမကြီးနှင့်တူသလိုလိုပင်ရှိသည်။ ယခု အဘွားကိုမြင်ရသည်မှာ ပြည့်ပြည့်ဖြိုးဖြိုးသွားကျိုးနေဟန်ပင်မရှိ။

" အိမ်မှာ သမေရှိပေမယ့် အဘွားတို့ရှိနေသည်ကို မသိမျက်ကွင်းဆေးကြောင့်သာ မြင်နေရခြင်းဖြစ်သည် ။ "

အဘွားက သူ့ကိုမြင်တော့ ပြုံးပြသည်။ ဖြီးသူ့ထိုင်ရန် နေရာပေးသည်။ အဘွားသေပြီးသည်ကို သိသည့်အတွက် အဖွားထိုင်နိုင်းသောနေရာမှာမထိုင်ဝန့်၊

" လာလေ . . . ငါ့မြေး . . . အဘွားက ငါ့မြေးတို့ ညီအစ်ကိုကို စိတ်မချလို့ ဘယ်မှမသွားသေးပဲ၊ ငါ့မြေးတို့ဆီလာခဲ့တာ လာဒီမှာထိုင် "

" ဟာ . . . နေပါစေအဘွား "

" မင်းက အိမ်ကပ်တယ်ကိုမရှိဘူး၊ အငယ်ကောင်က



လည်း ကျောင်းကပြန်လာကတည်းက အိမ်မရောက်သေးဘူး"

" ဒါကြောင့် စိတ်မချတာ "

" ဟာ . . . စိတ်မချမရှိပါနဲ့ . . . အဘွားသွားရမယ့် လမ်းကို ဖြောင့်ဖြောင့်သွားပါ "

" ငါသွားမှာပါ . . . ငါသွားရမယ့်ရက်လိုသေးတယ်၊ ငါမသွားခင်မင်းတို့ကို အမြဲလာကြည့်မယ် "

" အဘွားအသက်ကြီးပါပြီ . . . မလာပါနဲ့တော့ နောက်ပိုင်းကို စိတ်ချပါ . . . ကျွန်တော်နောက်ကို အိမ်ကပ်ပါ့မယ် "

"အေး . . .မင်းဂတိတည်ပစေနော် . . . ကဲမအေး ပွင့်ပြန်ကြမယ် . . . မနက်ပြန်လာခဲ့ဦးမယ် "

" မလာနဲ့အဘွား . . . စိတ်ချသွားပါတော့ "

" ဟဲ့ကောင်လေးမျိုးလွင် ဘယ်သူ့ကိုလှမ်းစကားပြောနေတာလည်း "

" လမ်းကဖြတ်သွားတဲ့ သူငယ်ချင်းကိုပါ "

မီးဖိုထဲမှ ထမင်းဟင်းချက်ပြုတ်နေသော အမေက အပြင်က စကားပြောသံကြား၍ ထွက်လာပြီးမေးသည့်အတွက် သင့်တော်သလိုဖြေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



" ဘုရား . . .ဘုရား . . .တော်ပြီ၊ မျက်ကွင်းဆေးနဲ့လည်း ဘယ်သူ့ကိုမှ မကြည့်တော့ဘူး၊ မမြင်ရတာမှ ကောင်းသေးတယ် . . . မျက်ကွင်းဆေးနဲ့ ကြည့်မိလို့ ရပ်ကွက်ထဲမှာရော အိမ်ပေါ်မှာပါ . . . သရဲပိဿာစ်တွေမြင်ရတယ် "

" နောက်နေ့ရောက်ရင် အဘွားကလာခဲ့ဦးမယ်တဲ့ "

ပြောသွားသည်၊ မိုးလင်းသည်နှင့် အဘွားများရောက်နေပြီလားဟု အတွေးဝင်ပြီး စိတ်မလုံဖြစ်ရသည်။ အဘွားရောက်ရင် ထိုင်နေတတ်သည့် ကုလားထိုင်နားပင် မသွားတော့ပတ်ရှောင်သွားသည်။ နောက်ပိုင်းအိမ်ထဲမှာရော လမ်းပေါ်မှာပါ လမ်းလျှောက်ရသည်မှာ ကျောမလုံချင်တော့ "

" အဲဒီနောက်ပိုင်းတစ်ခါမှ မျက်ကွင်းဆေးလိမ်းဖို့ စိတ်ကူးမရှိတော့၊ နောက်တစ်နှစ်အကြာ၊ အဘိုးသေဆုံးသွား၍ သလို ဆေးလွယ်အိတ်ကိုလည်း အဘိုးတပည့်တစ်ယောက်ကို ပေးအပ်သွားတယ် "

" အဲဒါပဲ . . . ငါ့အဘိုးရဲ့ မျက်ကွင်းဆေးကို ယူကွင်းမိလို့ တစ္ဆေသရဲတွေကို မြင်ခဲ့ရသလို သရဲများပြောသော စကားများကို ကြားရတယ်၊ လေးငါးဆယ်ရက်လောက်အထိ ငါအပြင် မထွက်ရဲပဲ အိမ်ပေါ်နဲ့အိမ်အောက်မှာပဲ နေခဲ့တယ် "





" မင်းက အကြောက်ကြီးတာပဲ ငါသာဆို သူတို့က ဘာမှမလုပ်ဘူးဆိုမှတော့ သရဲတွေနဲ့ ဝင်ရောကြည့်လိုက်မယ်"

" မိုးမှောင်လို့ဆိုးတဲ့သရဲနဲ့တိုးမှ ဟုတ်ပေ့ဖြစ်နေမယ်၊

" တစ်ခုကောင်းတာက မဖဲဝါ၊ သူ့လက်စွဲဓွေးကြီးတွေရယ်၊ သူ့တပည့်လက်ရုံးတွေနဲ့ သရဲဆိုး၊ သရဲမိုက်တွေကို အစဉ်အမြဲ နှိပ်ကွက်ထိန်းသိမ်းပေးနေတာပဲဆိုတာ သိလိုက်တယ်"

" ဒီကောင်းတဲ့ အချက်ပဲ မျိုးလွင်ရ . . . မဖဲဝါလို သရဲမျိုးရှိမှပဲ . . . ဒို့လူတွေကို သရဲတွေရဲ့ ခြောက်လှန့်ခြင်း ဖူးကပ်စားသောက်ခြင်း . . . ကင်းဝေးမှာ ကျေးဇူးပါပဲ မဖဲဝါ လို့သာပြောလိုက်ချင်တယ် "

" တစ်ခုမကောင်းတာရှိတယ် မျိုးလွင် "

" ဘာမကောင်းတာလည်း ကျော်ကြီး "

" မျက်ကွင်းဆေး မင်းယူထားလိုက်ရမှာ၊ ဒါမှ မင်း ရည်းစားသေရင် ဘာဖြစ်နေလည်း ကြည့်လို့ရမှာ "

" ဟ . . . အခုမှ ရည်းစားရကာစရှိသေးတယ် မင်း စကားက မဦးမချွတ်ကွာ ဖွ လွဲပါစေ . . . ဖယ်ပါစေ "

သို့ဖြင့်စကားစဖြတ်ကာ သူကိုလှုရလက်ဖက်ရည်ဘိုး ရှင်းပြီး . . . ပြန်ခဲ့ကြတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# " ပျဉ်းမပင်ကုန်းက သရဲနှစ်ကောင် "

" အား .... အမယ်လေး .... သရဲမကြီး "

" အား .... ပြေးကွ ... ပြေး "

ညနေမှောင်ရီပိုးတဝါးလယ်ကွင်းမှ ရွာသို့ပြန်လာသော သိန်းထွန်းနှင့် တင်လှတို့ ညီအစ်ကိုနှစ်ယောက်၊ ကြောက်လန့်ပြီး ... အသံကုန်အော်ဟစ်ကာ နောက်ကြောင်းသို့ပြန်လှည့်ပြေးလေတော့သည်။

" ဟော့ကောင် သိန်းထွန်းစောင့်ပါဦးကွ "

" - စ်ကိုတင်လှကလည်း .... ပြေးပြီတော့ဆိုအမြ ... နောက်ကပဲ "

" ဟကောင် မ ... ... ငါးနှစ်တောင် ... ာယ်





လေကွာ၊ မင်းလောက်တော့ မမြန်ဘူးပေါ့ "

သူတို့သရဲအခြောက်ခံလိုက်ရသော ပျဉ်းမပင်ကြီးမှ ခပ်လှမ်းလှမ်းသို့ ပြန်ရောက်လာသည်။

" အစ်ကိုကလည်း မကြာခဏရွာသားတွေ သရဲအခြောက်ခံရပါတယ်ဆိုမှ ဒီလမ်းကသွားရတယ်လို့ . . .စောစောကတည်းက လမ်းသစ်ကသာသွားရင် အခုဆို ရွာစပ်ရောက်လောက်ပြီ "

" ငါတို့က ယောက်ျားနှစ်ယောက်ဆိုတော့ မခြောက်တန်ကောင်းဘူးထင်တာပေါ့ "

" ဒါတိုင်း အခြောက်ခံရတဲ့လူတွေပြောတာ သရဲခြောက်တာ နှစ်ကောင်ဆို အခုကာစ်ကောင်တည်းဖြစ်နေတယ်"

"ကျန်တစ်ကောင်က ခရီးလွန်နေလားမှ မသိဘာ"

" ကဲအစ်ကို ပေါက်ကရတွေ ပြောမနေနဲ့ လမ်းသစ်ကပဲ သွားကြမယ်၊ လမ်းသစ်ကို ဒီကဖြတ်သွားမယ် "

ရိုးပြတ်တောထဲကဖြတ်ကာ၊ သရဲခြောက်သော လမ်းမှ မသွားတော့ပဲ. . . .လမ်းသစ်ရှိရာရှေးရှု ပြီး ညီအစ်ကိုနှစ်ယောက်ထွက်လာကြသည်။

နှစ်စဉ်နှစ်တိုင်း ပျဉ်းမပင်ကြီးအနီးက လမ်းကသာ



www.burmeseclassic.com

www.burmeseclassic.com



လယ်သမားတို့ ရွာထဲပင်မြဲဖြစ်သည်။

ယခု သရဲအခြောက်ကြမ်းသည့်ပျဉ်းမပင်ကြီးကလယ်နှင့်နီးသည့်အတွက် ထိုလမ်းကို မသုံးတော့ပဲ ရွာတောင်ဘက်အခြမ်းမှ ဝင်သော လမ်းမှပင် အားလုံးသွားလာကြတော့သည်။

သရဲခြောက်သည်ဆိုသော လမ်းဟောင်းကနေ့ အလယ်ပိုင်းကို တိုးလျှိုးပေါက်ဝင်သည်၊ ထိုမှ အရှေ့ပိုင်း၊ အနောက်ပိုင်း တောင်ပိုင်း၊ မြောက်ပိုင်းသွားရသည်။

ယခုတောင်ပိုင်းက ဝင်ပါက မြောက်ပိုင်းနေသူများ မှ အဆုံးနီးပါးလျှောက်ရတော့မည်ဖြစ်သည်။ လျှောက်ရကာမှ လျှောက်ရော သရဲကြောက်၍ တောင်ပိုင်းမှဝင်သော လမ်းသစ်ကသာ ရွာသားတို့ဝင်ကြတော့သည်။

ရွာပြင်လယ်စပ်က ပျဉ်းမပင်ကြီးမှာ လွန်ခဲ့သောနှစ်စပါးသိမ်းပြီးစအချိန်မှာ သမီးရည်းစားနှစ်ယောက် ထိုပျဉ်းမပင်ကြီးအောက်မှာ အသေဆိုးနှင့် သေခဲ့ကြသည်။

ယောကျာ်းလေးကို မိန်းကလေး၏ အဖေ၊ အစ်ကိုနှင့် မိန်းကလေးအား လက်ထပ်ယူမည့်ယောကျာ်းလေး ဆွေမျိုးသားချင်းများဝိုင်း၍ ရိုက်နှက်သတ်ဖြတ်ခြင်းခံလိုက်ရသည်။

အချစ်ဇောကပ်နေသည့် ယောကျာ်းလေးက မသေပဲ





ရွာပြင်အရောက်ထွက်ပြေးခဲ့ရာပျဉ်းမပင်ကြီးအောက်ရောက်မှ အသက်သေဆုံးသွားသည်။

နောက်ကလိုက်လာသော မိန်းကလေးက ချစ်သူအဖြစ်ကိုမြင်ပြီး သစ်ဂင်မှာ ဆွဲကြိုးချသတ်သေသွားခဲ့သည်။

ထိုကဲ့သို့ သမီးရည်းစားနှစ်ယောက်သေပြီးသည့်နောက်ပိုင်း ပျဉ်းမပင်ကြီးမှာ ဆွဲကြိုးချသေနေသော မိန်းကလေးရဲမနှင့် ကြေကွဲဝမ်းနည်းနေသော သရဲတစ်ကောင်ကို ရွာသားတို့လည်း ညခြောက်နာရီနောက်ပိုင်းပြန်လာတိုင်း မကြာခဏကြုံတွေ့ကြသည်။

သိန်းထွန်းတို့ ညီအစ်ကိုနှစ်ယောက်လည်း အချိန်ကအတော်လင့်နေပြီး လမ်းသစ်ကသွားလျှင် တော်တော်နှင့်ရောက်နိုင်မည်မဟုတ်၊ နှစ်ယောက်သားသတ္တိမွေးပြီး၊ လမ်းဟောင်းအတိုင်းပြန်လာကာမှ သရဲမကို ဆွဲကြိုးချလျက်ကြီးနှင့် မြင်လိုက်ရသည်။

အနီးကပ်မို့ မှောင်နေသော်လည်း မျက်ကွင်းကညိုအသားအရည်များက ပုပ်ပွနေလျက် အဝတ်အစားများကလည်း အပုတ်ရည်တို့ဖြင့် ကပ်ငြိနေသော သရဲပုံဖြစ်သည်။

သို့ကြောင့် ယောကျာ်းပင်ဖြစ်သော်လည်း ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



သရဲမကိုမြင်လိုက်သည်နှင့် လိပ်ပြာလွင့်မတတ်ကြောက်ကြ၍ သွားကြသည်။

သမီးရည်းစား သရဲနှစ်ကောင်၏ အဖြစ်က တကယ် စိတ်မကောင်းစရာ သူတို့အကြောင်းတစ်ရွာလုံးသိကြသည်။ သူတို့အကြောင်းသိလိုက်တော့ အားလုံးစိတ်မကောင်းဖြစ်ပြီး သည့်အဖြစ်ဆိုးကြသော သူတို့အကြောင်းကို သနားစိတ်မှ ထိုအချိန်က ပြောမဆုံးနိုင်ရှိခဲ့သည်။

* * *

ဦးလှကျော်လို ထိန်ကုန်းရွာမှ ထင်ရှားကျော်ကြား သော ပုဂ္ဂိုလ်ကြီးတစ်ဦး၏ အရိပ်အာဝါသ၌ ခိုဝင်ရပြီဆိုသော အခါ စိုးလွင်အလွန်ဝမ်းသာသည်။

ထိန်ကုန်းရွာမှ သူကြီးကိုယ်တိုင်သူကြီးရာထူးကို ရထားသည်ဆိုစေကာမူ သူကြီးကိုယ်တိုင်ကပင် ဦးလှကျော်ကို မတိုင်ပင်ပဲ ဘာမှမလုပ်။

ဦးလှကျော်မှာ ရွာမျက်နှာဖုံးလူကြီးများ၏ အလေး အမြတ်ပြုခြင်းခံထိုက်သော ဂုဏ်အရည်အချင်းနှင့် ပြည့်စုံသူ တလည်း စိုးလွင်ကထင်မိသည်။





စိုးလွင်လို မိဘမဲ့တစ်ကောင်ကြွက်ကို ဦးလှကျော်၏ ပင်တိုင်သူရင်းငှားဦးလေးထွန်းက အာမခံပြီး ဦးလှကျော်ထံမှာ အလုပ်လုပ်ခွင့်ပြုရန် တောက်ခံပြောဆိုပေးလေသည်။

ဦးလေးထွန်း၏ အာမခံပေးမှုကြောင့် စိုးလွင်အား သူ၏ လယ်လုပ်ငန်းမှာ ပင်ရာက်လုပ်ကိုင်ခွင့်ပေးခဲ့သည်။

ဦးလှကျော်က အသက်ခြောက်ဆယ်နားနီးပေမယ့် သန်ဘုန်းမြန်တုန်းဖြစ်သည်။ သူ့တွင် လယ်ကွေ့များစွာရှိသည်။

ကိုယ်ပိုင်လယ်အပြင် အပေါင်ခံထားသည့်လယ်က လည်း များလှသည်၊ ချောင်းဖိုဘက်လည်း သူပိုင်ယာရှိသည်၊ အင်နောက်ရွာ၊ အရှေ့ရွာတို့မှာလည်း သူ၏ သီးစားနှင့် ကင်းနိုင်သူ မရှိ၊

ဦးလှကျော်အနေနှင့် လယ်ကေမည်မျှပိုင်ဆိုင်သည် ကိုစိုးလွင်မသိ၊ ဦးလှကျော်မှာ သားသမီးငါးယောက်ရှိသည်ဟု စိုးလွင်သိသည်၊ သမီးသုံးယောက်နှင့် သားနှစ်ယောက်ရှိသည်။

အကြီးဆုံးသမီးက အိမ်ထောင်ကျနေသလို ဒုတိယ သားနှင့် တတိယသားကိုလည်း အိမ်ထောင်အသီးသီးကျကာ အိမ်ထောင်ခွဲနေကြသည်ဟုသိရသည်။

လယ်လုပ်ရန်တစ်ယောက်ကို လယ်ကေနှစ်ဆယ်ဖြ



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်သည်ဟု ဦးလေးထွန်းက စိုးလွင်ကိုပြောပြခဲ့သည်။

ဦးလှကျော်မှာသမီးနှစ်ယောက်သာ ကျန်တော့သည်။ သမီးအကြီးက နှစ်ဆယ့်တစ်နှစ်ရှိကာ မြအေးဟုခေါ်သည်။ ရုပ်ကရှာ၏အချောအလှစာရင်းဝင်သည်။

ငွေချမ်းသာသောလယ်ပိုင်ရှင်၏သမီးဖြစ်ခြင်းကြောင့် ရွာကာလသားတို့အကြား မျက်နှာပွင့်လှသည်၊

လာမည့်နှစ်မှာ အိမ်ထောင်ချပေးတော့မည်ဟု ဦးလေးထွန်းက ရှင်းပြသေးသည်၊

ဦးလှကျော်၏ အငယ်ဆုံးသမီးမြသွေးက အသက်ဆယ့်ရှစ်နှစ်ရှိပြီး အစ်မမြအေးလောက်မလှသည့်အပြင် အသားကလည်း ညိုသေးသည်။

သေချာစွာကြည့်လျှင်၊ ညိုချောချောသူလေးဖြစ်သည်၊ မဟုတ်မခံဇော်ဇော်ကျဲသူလေးဖြစ်သည်၊ မြအေးကဲ့သို့ ကာလသားများကြား မျက်နှာပွင့်သူတော့မဟုတ်၊

မိခင်ဖခင်တို့၏ ငွေစာရင်းကို ကြည့်ကြပ်ရာတွင်တော့ စိတ်ချရသူလေးဖြစ်သည်၊ လယ်သမားတို့ လယ်ပေါင် ယာပေါင်ကိစ္စ၊ သီးစားချသောကိစ္စ၊ ငွေချေးငွေယူကိစ္စအားလုံးဒေါ်ငွေ အောင် ကျွမ်းကျင်ပိုင်နိုင်လှသည်။

မိတ်ဆွေစာပေ



စေ့စပ်သေချာသလို ပေးရေးရှိလျှင်လည်း ပေးတတ်သလို တောင်းစရာရှိလျှင်လည်း အားမနာတတ်မိဘတို့ အားကိုးရသော သမီးတစ်ယောက်ဖြစ်သည်။

စိုးလွင်က အချိန်ပြည့်လယ်ထဲမှာသာ နေရသူဖြစ်သည်၊ ကိစ္စရှိလျှင်၊ ဦးလေးထွန်းကိုသာ အိမ်ကိုလာစေသည်၊ သမီးပျိုများရှိသော အိမ်သို့ ဦးလှကျော်ကစိုးလွင်ကို မလွှတ်ရန် ဦးလေးထွန်းအားမှာထားခဲ့သည်။

သို့ကြောင့် ဦးလှကျော်၏ သမီးနှစ်ယောက်မှ အငယ်မမြသွေးကို တစ်လကို နှစ်ကြိမ်သုံးကြိမ်ခန့်တော့မြင်ဖူးခဲ့သည်။

ဦးလှကျော်က လယ်ကွင်းထဲသို့ နှစ်ရက်ခြားသုံးရက်ခြားဆိုသလိုရောက်လာတတ်သည်၊ လယ်ဆယ်ကေကို တစ်ယောက်နှုန်းနှင့် လယ်ကေငါးဆယ်ခန့်ရှိသောသူ၏ လယ်မှာ သူရင်းငှားခြောက်ယောက် ပင်တိုင်ထားသည်။

ထိုသူရင်းငှားများက ကိုယ့်မိသားစုနှင့်ကိုယ်တဲအသီးသီးထိုးကာ နေထိုင်ကြသည်။

မြသွေးက ထိုသူရင်းငှားများလိုအပ်သမျှမှာကြားသမျှကို တစ်ပတ်တစ်ခါမျှ ပစ္စည်းသယ်သူတစ်ယောက်နှင့်အတူ လယ်ကွင်းထဲရောက်လာလေ့ရှိသည်။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် စိုးလွင်နှင့် မြသွေးတို့တွေ့ဆုံဖန်များလာ
သဖြင့် ရင်းနှီးကျွမ်းဝင်လာသည်။

တကယ်တော့ ဦးလှကျော်မှာ လယ်ကောင်းဆယ်မက
ရှိပါသည်။ အခြားလယ်များကို သီးစားလုပ်ချင်သူများအား
သီးစားလုပ်ခွင့်ချထားခြင်းကြောင့်သာ လယ်ကောင်းဆယ်ခန့်ကို
သာ၊ တစ်ပိုင်တစ်နိုင်လုပ်ကိုင်ခြင်းဖြစ်သည်။

ထိန်တောရွာ၏ တောင်ဘက်မှာစီးဆင်းနေသော
ချောင်းက ရှည်လျားစွာစီးဆင်းနေသော ချောင်းဖြစ်သလို၊ နုံး
များလည်းကျပြီးသောင်များကဲ့သို့ ဖြစ်ပေါ်လာလေ့ရှိသည်၊

ပေတစ်ရာနီးပါးကျယ်ပြီး နွေအခါရေခန်းကာ ရေစီး
သည့်နေရာက ဆယ်ပေဆယ့်ငါးပေခန့်သာ ကျန်တော့သည့်
ရေအနက်က နှစ်ပေ–သုံးပေခန့်သာနက်တော့သည်။

ရေခန်းသွားသည့်အခါ သဲမြေများ အစား၊ နုံးမြေ
များသာ ထင်ကျန်ခဲ့တတ်သည်။ ထိုသောင်မြေကို လူကြီးများ
က လယ်ယာမရှိသူများကို အချိုးကျခွဲဝေပေးကာ လုပ်ကိုင်စေ
သည်။

ထိုလယ်များကို ရသူက တစ်နှစ်တစ်ခါသာလုပ်ခွင့်ရ
ခြင်းဖြစ်သည်၊ နောက်နှစ်နုံးမြေမကျပဲ သဲမြေများသာကျသည့်





ထိုပါက မည်သူမှ လုပ်ကိုင်ခွင့်မရတော့ လယ်လုပ်၍ မရသဖြင့်
ခွဲဝေမပေးခြင်းလည်းဖြစ်သည်။

ထိုလယ်မျိုးကို ဦးလှကျော်တို့လို လယ်ပိုင်ရှိသူများ
မရကြပေ။

သို့ကြောင့် ဦးလှကျော်က ပါးနပ်စွာစိုးလွင်အား

" ဟေ့ကောင်စိုးလွင်၊ မင်းလယ်မြေဖော်ထုတ်တဲ့ လုပ်
အားပေးလိုက်ပါလား "

" ဘာလုပ်ဖို့လည်း ဦးလေး "

" ဘာလုပ်ရမလည်း လယ်လေးနည်းနည်းရရင် နည်း
သလားကွ "

" ကျုပ်မှာ လုပ်အားပေးလိုက်ဖို့ နွားမရှိ၊ လယ်လုပ်
ဖို့လည်းနွားမရှိ၊ ကျွန်တော့်တစ်ဝမ်းတစ်ခါးအတွက် ဦးလေးဆီ
ကရတဲ့လုပ်ခနဲ့တင် လုံလောက်နေပါပြီ "

" ခက်ပါဘိ . . . မင်း တယ်နားဝေးတဲ့ကောင်ပဲ "

" မင်းလုပ်အားပေးလိုက်ဖို့ ငါနွားပေးမယ်၊ ငါ့နွားတွေ
ယူသွားပေါ့ "

" ဦးလေးရဲ့ နွားတွေပဲ ကျွန်တော်မှ မပိုင်တာ "

" မင်းတယ်အတဲ့ကောင်ပဲ၊ ငါရှင်းပြမယ်၊ မင်းကလယ်



www.burmeseclassic.com

www.burmeseclassic.com



မဲ့၊ ယာမဲ့အနေနဲ့ ဆည်တက်လိုက်၊ လယ်ရတော့ ဒို့လယ် သီးနှံ မင်းစား ဒီတော့ မင်းလည်းများများရ၊ ငါလည်း လုပ်ခမင်းကို မပေးရ၊ လယ်ကို ငါပိုင်၊ ဘယ့်နှယ်လည်း ”

သို့ဖြင့် ဦးလှကျော်၏ အကြံပေးမှုနှင့် စိုးလွင်က လုပ်အားပေးလိုက်သဖြင့် မြေသုံးဧက လုပ်ခွင့်ရလိုက်သည်။

ထိုနှံ့နှမြေမှာ မြေပဲနှင့် ပြောင်းကို စိုက်ပျိုးခဲ့သည်၊ တကယ်တန်း ကိုင်းသိမ်းတော့ ဦးလှကျော်က အကုန်သိမ်းယူသွားပြီး စိုးလွင်အား နေ့စားလုပ်ခနှင့် တွက်ချက်ရှင်းပေးသည်။

ထိုရက်ပိုင်းတွေမှာ မြေပဲစိုက်မြေပဲနှုတ်သည့်အခါတိုင်း မြသွေးလာရောက်ပြီး ကြည့်ကြပ်သည်ရှာမှ မိန်းကလေးအလုပ်သမားများကို ဦးဆောင်ပြီး ရောက်လာခြင်းဖြစ်သည်။

ထိုရက်ပိုင်းတွေမှာ မြသွေးနှင့် စိုးလွင်တို့ရင်းနှီးမှု ပိုရခဲ့သည်။

မြေပဲစိုက်ရက်၊ ပေါင်းနှုတ်ရက်၊ မြေပဲနှုတ်ရက် ပြောင်းဖူးချိုးရက်များတွင် မြသွေးကို စိုးလွင်နေ့စဉ်ရက်ဆက် တွေ့ရသည်။

ရှိသည့်ရက်ပိုင်းအတွင်းမှာပင် မြသွေးနှင့်စိုးလွင်တို့ သံယောဇဉ်တွယ်မိခဲ့ကြသည်။ ရွာကအလုပ်လာလုပ်ကြသော၊





မိန်းကလေးများ၏ ပိုင်းဝန်းနောက်ပြောင်စကြတိုက်တွန်းပေးကြသဖြင့်လည်း သူတို့နှစ်ယောက်တစ်ယောက်ကိုတစ်ယောက် စိတ်ဝင်စားမှုရှိခဲ့သည်။

ရရှိသော သီးနှံအားလုံးသိမ်းဆည်းပြီး ပေးထားသော ဂတိမတည်၊ ဦးလှကျော်မည်သို့ပင်ခေါင်းပုံဖြတ်ပါစေ၊ စိုးလွင်ကတော့အလုပ်ရှိ ထမင်းမှန်မှန်စား သူစိတ်ဝင်စားသော မြသွေးနှင့်လည်း မဝေးရသဖြင့်၊ ပင်ပန်းသည်ဟုမထင် လုပ်သမျှကျေနပ်နေခဲ့သည်။

မြသွေးဆန်ဆီဆား၊ ငရုတ်ကြက်သွန်၊ ငါးပိ၊ ငါးခြောက်လာပို့သည့်အခါ အလုပ်တွေမအားမလပ်ပင်ပန်းရသည့်ကိုပင် မေ့ကာ စကားတွေပြောမဝ၊ ရသည့်အချိန်လေးကို တန်ဘိုးရှိစွာအသုံးချရင်း စိုးလွင်ကျေနပ်နေခဲ့သည်။ ထိုညအပို့ စိုးလွင်အိပ်မက်လှလှလေးတွေ မက်တော့သည်။

မြသွေးကလည်း ရွာက မည်သူ့မှ စိတ်ဝင်တစား မရှိသည့်အတွက်၊ စိုးလွင်၏ အရေးတယူရှိမှုအပေါ်သာယာကြည်နူးစိတ်ဝင်သွားသည်၊

သို့ကြောင့် အကြောင်းမရှိ အကြောင်းရှာ၍ လယ်ကွင်းထဲသို့ အလာစိပ်လာသည်၊



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးထွန်းမရှိသော တစ်ရက် မြသွေးတဲသို့ရောက်လာသည်၊ အဝေးကနေ မြသွေးလာနေသည်ကို မြင်လိုက်သည်နှင့် စိုးလွင်နှာနှစ်ကောင်ကို အနားပေးကာ တဲသို့လာခဲ့သည်။

နစ်ယောက်သားတဲပေါက်ဝမှာ ဆုံလိုက်ကြသည်၊ စိုးလွင်က ဦးဆောင်ပြီး တဲအတွင်းဝင်လိုက်သည်။

" ဦးလေးထွန်းမရှိဘူးလား ကိုစိုး "

" စောစောကပဲ ရွာထဲကိုထွက်သွားတယ် "

" မြသွေး . . . ဘာလာပို့တာလည်း "

" လိုမယ်ထင်တာ စဉ်းစားပြီးလာပို့တာ "

" ဘာမှမလိုသေးဘူး . . . မြသွေးလာပို့ပေးသွားတဲ့ ငါးရက်လောက်ပဲရှိသေးတယ် . . . ပဲတွေရော ငါးခြောက်တွေရော ကျန်သေးတယ် "

" ဘာလည်း မြသွေးလာတာကို မကျေနပ်လို့လား "

" ဟာ အဲဒီလိုမဟုတ်ပါဘူး . . . ဘာမှလာမပို့လည်း မြသွေးကို နေ့တိုင်းလာစေချင်တဲ့လူပါ မြသွေးကို နေ့တိုင်းမြင်ချင်သူပါ "

" မြသွေးလည်း ကိုစိုးကို တွေ့ချင်လို့ အကြောင်းရှာပြီးလာတယ်ဆိုတာ မသိဘူးလား "





" သိပါဘူးဗျာ . . .ဒီထဲကလူနှစ်ယောက်အစားကြီးတယ်ဆိုပြီးလာပို့တယ်မှတ်လို့ပါ "

" ကြည့်ဒီက စေတနာကို အသိအမှတ်မပြုဘူး "

" ကဲ . . . ကဲ . . .မှတ်ပြီလား "

မြသွေးက လက်သီးဆုတ်လေးနှင့် စိုးလွင်၏ ရင်ဘတ်ကို သာသာလေးထုပစ်လိုက်သည်။

" အား . . . ပါး . . . ပါး ဘစ်ကယ်ထုတယ်ဟ "

စိုးလွင်က . . . ပြောပြောဆိုဆိုမြသွေးအား လှမ်းဆွဲပြီး ရင်ဘတ်ထဲသွင်းကာ ဖက်ထားလိုက်သည်။

" အမေ့ . . . ဘာလုပ်တာလည်း "

" ချစ်လို့ . . . ပေါ့ "

" လွှတ်ပါ . . . တအားကို ဖက်တော့တာပဲ "

" ကိုစိုးကိုချစ်လား ပြော . . . ချစ်တယ်ဆိုရင် လွှတ်ပေးမယ် . . . ပြော . . . အခု "

" လွှတ် မှ ပြောမယ် "

" ပြောမှ လွှတ်မယ် "

မြသွေး ရင်တွေတဒိတ်ဒိတ်ခုန်နေသည် ကြမ်းကြမ်းရမ်းရမ်း လူပျိုတစ်ယောက်၏ တွေးပွေ့ထားခြင်းကို ခံနေရသည်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါလား၊

သာသာထိုးထိုးရုန်းမထွက်သော်လည်း ရုန်းမရ၊

" မကောင်းဘူး . . .လွှတ်မှ ပြောမယ် "

" နည်းနည်းလျှော့ပေးမယ် . . . ပြော "

" ပြောရင် လွှတ်နော် "

" ပြော . . . လွှတ်ပေးမယ် "

" ချစ်တယ် "

" အို . . . အမေ့ . . . ညစ်ပတ်တယ် "

စိုးလွင်က မြသွေးစကားအဆုံးပါးပြင်လေးကို မွှေးမွှေးပေးပြီးမှ လွှတ်ပေးလိုက်သည်။

" မကောင်းဘူး . . . သွားတော့မယ် "

" ဘယ်တော့လာဦးမလည်း "

" မလာတော့ဘူး . . .ဦးသိန်းကိုပဲ လွှတ်တော့မယ်"

ကောင်မလေးရှက်သွားပြီ . . .

မြသွေးလည်း အပြေးတစ်ပိုင်းတဲအတွင်းက ထွက်သွားတော့သည်၊

စိုးလွင်လည်း အပျော်တစ်ပိုင်းနှင့် ကျန်ရစ်ခဲ့သည်။

* * *





မြသွေးတစ်ယောက် အကြောင်းမရှိအကြောင်းရှာ၍ လယ်ကွင်းထဲသို့ သွားသည့်ကိစ္စ အစပိုင်းက မရိပ်မိခဲ့ပေမယ့် ကြာတော့ ရိပ်မိသလိုရှိလာခဲ့သည်။

လယ်ကော ငါးဆယ်ကျော်ကို တဲငါးတဲဖြင့် သူရင်းငှား များနေထိုင်လုပ်ကိုင်နေကြသည်။

ထိုတဲများမှ လိုအပ်သမျှစားစရာများကို အပတ်စဉ် ရွာမှ လာပို့ပေးသည်၊

လယ်သမားတို့က မိုးတွင်းတစ်မိုးလုံးဝင်ငွေမရှိ၊ ဦးဂျော်အိမ်မှ လာပို့ပေးသမျှကို စာရင်းဇယားနှင့် တကွ မြသွေးကမှတ်ထားသည်။

တစ်မိုးတွင်းလုံး စားစရိတ်ဝယ်ခြမ်းပေးသမျှ နွေလုပ် အားခရှင်းလျှင် နှုတ်ပြီးမှ ရှင်းသည်။

သူရင်းငှားများအနေနှင့် ဝင်ငွေမရှိသည့်အခါ စိုးရိမ်ပူပန်စရာမရှိ မြသွေးတို့က လိုအပ်မည်ထင်သည့်အရာမှန်သမျှ ဖြည့်စွမ်းပေးခဲ့သည်၊ လုပ်အားခရှင်းသည့် အခါမှာတော့ ကျေကျေနပ်နပ် အနှုတ်ခံရန်သာရှိတော့သည်။

မြသွေးနှင့် ဦးသိန်းတို့ပစ္စည်းလာပို့ပြီးတိုင်း ဦးသိန်းက အခြားတဲများသို့ ပစ္စည်းများလျှောက်ပို့ပြီး မြသွေးကမူ



www.burmeseclassic.com

www.burmeseclassic.com



စိုးလွင်တို့တဲကသာ စိုးလွင်နှင့် စကားပြောရင်း ထိုင်စောင့်နေလေ့ရှိသည်။

စိုးလွင်နှင့် မြသွေးတို့ ချစ်ကြိုက်နေပေမယ့် ပေါ်ပေါ်ကင်းတင် မနေခဲ့ကြ၊ သိုသိပ်စွာနေခဲ့ကြသည်၊ ဦးသိန်းနှင့် ဦးလေးယွန်းတို့ကတော့ ရိပ်မိသလိုလိုရှိနေသည်။

လူငယ်များကို ကိုယ်ချင်းစာပြီး၊ သတိပေးသင့်တာပေးသည်၊ သူကြီးများအမြင်ကတော့ သူတို့နှစ်ဦးကို ဦးလှကျော်အနေနှင့် မည်သို့မျှ သဘောတူလိမ့်မည်မဟုတ်ဟု အတတ်သိကြသည်။

စိုးလွင်ကတော့ အလုပ်ကို ယခင်ကထက် ပိုမိုကြိုးစားပြသည်။ သူ၏ ကြိုးစားမှုကြောင့် တစ်နေ့ ဦးလှကျော် သူ၏သမီးနှင့် သဘောတူမှာပဲဟု အထင်ရောက်ခဲ့သည်၊ သို့ကြောင့် ဦးလှကျော်ခိုင်းသမျှ သေဆိုသေ၊ ရှင်ဆိုရှင် မညည်းမငြူပဲ လုပ်ကိုင်ပေးခဲ့သည်။

" ဦးလေးရေ ဒီနှစ်စပါးတွေတယ်သန်တာပဲ "

ဦးလှကျော်ကို မျက်နှာချိုသွေးပြီး ပြောလိုက်သည်။

" သန်မှာပေါ့ကွ၊ ဒီနှစ်မိုးကလည်း ကောင်းမဟုတ်လား ကြိုးစားထားကွ၊ ဒီနွေစပါးသိမ်းပြီးရင် မြသွေးကို လွှင်ပေး





တားရဦးမကွယ့် "

" အင်း အကြီးမကစောစောစီးမယ်ထင်တာ အငယ်မက အရင်ဈေးဦးပေါက်သွားပြီကွ "

" ငါ့သမီးငယ်ကို တောင်းရမ်းသူရှိတုန်း ပေးစားရမှာ၊ ငါ့အတွက် လက်ရုံးတစ်ခုပြုတ်သွားသလိုပါပဲကွာ "

ထိုစကားများကို ကြားလိုက်ရသောစိုးလွင်သူ၏ခေါင်းကို မိုးကြိုးပစ်လိုက်သည့်အလား ခံစားလိုက်ရသည်။

သူမရဲတရဲ အသံကိုထိန်းပြီး မေးလိုက်သည်။

" မြသွေးကို ဘယ်သူကလာတောင်းတာလည်း ဦးလေး"

" သူကြီးရဲ့ တူဝင်းဖေဆိုတဲ့အကောင်ပဲ "

" သူကြီးတူဖြစ်နေလို့ သူ့မိဘကလည်း ပြေလည်လို့ သဘောတူလိုက်ရတာ၊ အဲဒီကောင်က အလုပ်လက်ကြောတင်းတဲ့ကောင်မဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် ငါ့သမီးလေး ပျော်ပြင်နိုင်မယ်ထင်တာပဲ "

" ဒီနှစ်ထဲမှာ နှမ်းမင်္ဂလာလုပ်ရမလားတောင်မသိဘူး"

" သမီးရှင်ဖြစ်ရတာ တယ်မျက်နှာပူရတာပဲ "

" တဲ . . . တဲ . . .မင်းလုပ်စရာရှိတာသွားပေှ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးလှကျော်က သမီးငယ်မြသွေးမင်္ဂလာပွဲအကြောင်း၊ စိုးလွင်သိအောင် တမင်ပြောလိုက်ခြင်းဖြစ်သည်။

မြသွေးနှင့် စိုးလွင်တို့နှစ်ယောက်ကို မသင်္ကာဖြစ်တာ ကြာပြီ၊ တစ်ဦးနှင့်တစ်ဦး ချစ်ကြိုက်နေသည်ဟုလည်း ထပ် သည်။

သမီးဖြစ်သူကို မေးကြည့်တော့လည်း မဟုတ်ဟုသာ အမြဲငြင်းနေသည်။ သို့ကြောင့် စိုးလွင်မျက်နှာရိပ်မျက်နှာကဲ လေ့ လာကြည့်ရှုရန် တမင်လာပြောပြခြင်းဖြစ်သည်။

စိုးလွင်မျက်စိမျက်နှာပျက်နေသည်ကို ဦးလှကျော်အက ခတ်မိသွားသည်။ ဒင်းတို့ ကြိုက်နေကြသည်ဆိုတာသေချာ လောက်ဖြစ်ကြောင်း ယုံကြည်သွားတော့သည်။

* * *

အပျက်အပျက်နှင့် စိုးလွင်နှင့် မြသွေးတို့ ချစ်ခရီး တဖြည်းဖြည်းဝေးရတော့မည့်ရက်နီးလာသည်။

စပါးတွေက ရင့်မှည့်စပြုနေပြီ၊ မကြာခင်ရက်အတွင်း ရိတ်သိမ်းရတော့မည်၊

ရိတ်သိမ်းပြီး မကြာခင် အခြောက်လှန်း၊ စပါးနယ်





စပါးလှေ့၊ တစ်ရက်ပြီးတစ်ရက်ကုန်ဆုံးတော့မည်၊

လယ်သမားတို့ အားလပ်ရက်ဖြစ်သည်။ လှူမည့်တန်းမည့်သူများက အလှူအတွက် ဝိုင်းပြင်ကြသည်။

မင်္ဂလာကိစ္စရှိသူများကလည်း နေ့ကောင်းရက်မြတ်ရွေး၍ မင်္ဂလာကိစ္စစီစဉ်ကြသည်။

ယခု . . . စိုးလွင်ရင့်မှည့်စပြုနေသော စပါးခင်းများကို ကြည့်ပြီး မပျော်ရွှင်တော့ ဝေးရမည့်ရက်နီး၍ နီး၍ လာနေပြီကို ရင်ထဲက အလိုလိုသိနေသည်။

ယခုရက်ပိုင်းမြသွေးတစ်ယောက်လည်း သူ့အဖေဆူထား၍ လယ်ကွင်းထဲသို့ရောက်မလာသည်မှာ ကြာပြီ။

တစ်ရက်မှာ ဦးထွန်းရွာထဲသို့သွားပြီး ဦးလှကျော်ခြံထဲရှိ စပါးကျီမိုးရန် ထွက်သွားသည်။

စိုးလွင်လည်း ဦးလေးထွန်းအား အသေအချာမှာလိုက်သည်။

ညဆယ်နာရီမှာ စိုးလွင်တစ်ယောက် မြသွေးနှင့် တွေ့ဆုံရန် မြသွေးတို့ခြံထောင့်ရှိသရက်ပင်ကြီးအောက်သို့ ရောက်နေခဲ့သည်။

သူဆယ်နာရီကစပြီး လာစောင့်နေမည်၊ အခွင့်သာတဲ့



www.burmeseclassic.com

www.burmeseclassic.com



အချိန် ဆင်းလာခဲ့ရန်မှာလိုက်ခြင်းဖြစ်သည်။

ဆယ့်တစ်နာရီခန့်အရောက်မှာ မြသွေးအိမ်ပေါ်က ဆင်းလာသည်ကို တွေ့လိုက်သည်။

" မြသွေးလား "

" ဟုတ်တယ် ကိုစိုးရောက်တာကြာပြီလား "

" ဆယ်နာရီလောက်ကတည်းက ရောက်နေတာ၊ ခြင်တွေဝိုင်းကိုက်လို့ လူတစ်ကိုယ်လုံးအဖုအပိန့်တွေ ဖြစ်ကုန်ပြီ"

" စိတ်မကောင်းလိုက်တာ အဖေမအိပ်သေးလို့ အခြေအနေစောင့်နေရင်း ကြာသွားတယ်။

သို့ဖြင့် ချစ်သူနှစ်ယောက် တစ်နာရီနီးပါးစကားတွေ ထိုင်ပြောကြသည်၊ စပါးသိမ်းပြီး မင်္ဂလာပွဲအတင်းအကျပ်စီစဉ်ပါက နှစ်ယောက်သားအတူတကွ ထွက်ပြေးကြမည်ဟု တိုင်ပင်ထားကြကာ လမ်းခွဲပြန်ခဲ့ကြသည်။

* * *

စပါးသိမ်းချိန်သို့ ရောက်ခဲ့ပြီ စပါးများအခြောက်လှန်းပြီး တစ်ချို့တစ်ဝက်ကို ရောင်းချပြီး ငွေပေါ်လိုက်သည်။ ကျန်စပါးများကို အိမ်သို့ ပို့ပြီး စပါးကျီထဲတိုက်သွင်းကြမည်။





စပါးအားလုံးတိုက်သွင်းပြီးသော နောက်ဆုံးအခေါက်

ာ မြသွေးက ဦးလေးထွန်းအား စာလေးတစ်စောင်ပေးလိုက်

ည်။ အသေအချာလည်းပါးစပ်က မှာလိုက်သေးသည်။

" ဒါကို ခွင့်လွှတ်ပါစိုးလွင် "

" မင်းပြောလည်း ငါခံရမှာပဲ စိုးလွင် မြသွေးမင်းကို

းလိုက်တဲ့စာ လမ်းမှာကျခဲ့လားမသိပါဘူးကွာ၊ ဒါပေမယ့်

ာမပါလည်း ကိစ္စ ရှိဘူး၊ ညဆယ်နာရီနဲ့ ဆယ့်တစ်နာရီကြား

ထောင့်က သရက်ပင်အောက်က လာစောင့်နေပါတဲ့ . . .

င်းနဲ့ ခိုးပြေး လိုက်ခဲ့မယ်လို့မှာလိုက်တယ် "

" ညကိုးနာရီလောက်မင်းရွာထဲကိုသွား မင်းတို့ခိုးပြေး

ယ်ဆို ဒီကိုပြန်မလာကြနဲ့၊

" ဒီကိစ္စမြသွေး စီစဉ်မယ်လို့ ပြောတယ်၊ ရွာမှာသူတို့

ငွေရေးကြေးရေးမကောင်းတဲ့လူအများသား၊ မြသွေးနဲ့ ကင်းတဲ့

မရှိဘူး၊ တစ်ယောက်မဟုတ်တစ်ယောက်ကတော့ ကူညီလိမ့်

ယ် စိတ်မပူနဲ့ "

သို့ဖြင့် ညကိုးနာရီခန့် စိုးလွင်တဲမှနေ၍ ရွာလဲသို့ ထွက်

သည်၊ ဆယ်နာရီခန့်အိမ်ရှေ့သို့ရောက်လာခဲ့သည်။

စိုးလွင်ခြံထောင့်က သစ်ပင်ကြီးအောက်မှာ ရပ်စောင့်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။

သူရောက်ပြီး မကြာခင်မှာပင် သူ့ဘေးမှာ ဦးလှကျော်နှင့် သူ့ဖေါ်သား၊ သူကြီးသားနှင့် တူတို့ရောက်လာပြီး ဝိုင်းထားသည်။

" ဟော့ကောင် မင်းဘာလာလုပ်တာလည်း "

" ဟို . . . ဟို . . . ဟို "

" ပြောစမ်းပါကွာ . . . ရဲရဲတင်းတင်းမြသွေးဆီလာတာလို့ "

" ဟုတ်လား ဟော့ကောင် "

" ညနေက မင်းကိုပေးခိုင်းလိုက်တဲ့စာ ဦးထွန်းပုဆိုးခါးပုံစထဲက ထွက်ကျလို့ ငါရလိုက်တယ်၊ အဲ့ကြောင့်ငါတို့ မြသွေးအစားလာစောင့်နေတာ ဝှသမီးက အိပ်ယာထဲမှာ အိပ်မက်တွေ တောင်မက်နေလောက်ပြီ "

" ချကွာ . . .ဒီကောင်ကို ဝိုင်းချကြ "

" ပြီးရင် . . .ရွာပြင်မှာ သွားပစ်ထားလိုက် "

" ဒုတ် "

" အား "

" ဟော့ နေဦး . . . ဒီကောင်မှတ်ဉာဏ်မပျောက်ခင်





သတိပေးလိုက်မယ်၊ မနက်ဖြန်ကစပြီး ဝှလယ်မှာ ဘယ်တော့မှ လာမလုပ်နဲ့ မင်းကို အလုပ်က အပြီးထုတ်ပစ်လိုက်ပြီ "

" ကဲ . . . ငါအိမ်ပေါ်တက်တော့မယ် "

ဦးလှကျော်က မြသွေးအိပ်ပြီဆိုပေမယ့် အိမ်ရှေ့မှာ ရုတ်ရုတ်အသံများကြောင့် မြသွေးရုတ်တရက်နိုးလာခဲ့သည်။

ဦးလှကျော်လည်း စာကိုဖတ်မိပြီးကတည်းက မသိချင်ယောင်ဆောင်ပြီး သမီးဖြစ်သူအိမ်အောက်မဆင်းဖြစ်ရန် အိပ်ဆေးရှာကြံဝယ်ပြီး မိခင်ဖြစ်သူအား သမီးစားသော ထမင်းထဲ အိပ်ဆေးကို ထည့်ထားစေသည်၊

ထမင်းကုန်အောင်စားလိုက်သဖြင့် မကြာခင်အိပ်မောကျသွားမည်ထင်ထားကြသည်။ သူတို့ထင်သည့်အတိုင်း မြသွေး ထမင်းစားပြီး ဆယ်ငါးမိနစ်အတွင်းမှာပင် အိပ်ချင်စိတ်ပေါ်လာသဖြင့် အိပ်လိုက်သည်။

ရှစ်နာရီခန့်ကစပြီး အိပ်ပျော်သွားခဲ့သည်။ အိပ်ဆေးက မထိရောက်သဖြင့် ဆယ်နာရီခန့်မှာ နိုးသွားခဲ့သည်၊ ချိန်းထားသည်ကို သတိရသဖြင့် အိမ်နောက်ဘက်မှ သတိနှင့် အောက်သို့ ဆင်းခဲ့သည်။

ထိုအချိန်ခြံထောင့်မှ အပေအိမ်ထဲပြန်ဝင်လာသည်ကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်သည်။

ကိုစိုးလွင်အား လူတစ်စုက ထိုးနှက်ပြီး ခြံတွင်းမှ ဆွဲထုတ်သွားသည်ကိုလည်း တွေ့နေရသည်။ သို့ကြောင့် မြသွေးလည်း အမှောင်ရိပ်ခိုပြီးနောက်မှ လိုက်သွားသည်။

ရွာပြင်ရောက်တော့ စိုးလွင်က မြှော့မြှော့ပင်ရှိတော့သည်၊ စိုးလွင်ကို ရွာပြင်မှာ ပစ်ထားခဲ့ပြီး သူကြီးသားနှင့် အပေါင်းပါများ ရွာထဲသို့ပြန်လာကြသည်။

မြသွေးလည်း ထိုလူများ ခပ်လှမ်းလှမ်းသို့ ရောက်သွားမှ အမှောင်ရိပ်ကထွက်ပြီး စိုးလွင်ထံပြေးသွားသည်။ မျက်နှာတစ်ပြင်လုံး ဖုထစ်ယောင်ကိုင်းနေသည်။ သွေးများက မြင်မကောင်းအောင်ကွက်နေသည်။

" အစ်ကို . . . အစ်ကို . . . မြသွေးလေ "

" အား . . . အား . . . ကျွတ် ကျွတ် "

" သူတို့ ရက်စက်လိုက်ကြတာ . . . သူတို့နဲ့ ဒီတစ်သက်ဘယ်တော့မှ လက်မထပ်ဘူး မြသွေးကို ဘယ်အခါမှ မရစေရဘူး "

" မြသွေး . . . ပြန် . . . ပြန်ပါတော့ အစ်ကို့အပြစ်နဲ့ အစ်ကို ရှိပ ါစေတော့ "





" အစ်ကို . . . မြသွေးမပြန်တော့ဘူး . . . အစ်ကိုနဲ့ သေသေရှင်ရှင် အတူတူပဲနေတော့မယ် "

" သွားပါမြသွေးရယ် . . . အစ်ကိုဒီအခြေအနေနဲ့ မြသွေးကို ဘယ်လိုမှ မခေါ်သွားနိုင်တော့ဘူး မြသွေးနဲ့ အစ်ကို့ကို ပြန်မိသွားရင် . . . အစ်ကို့ကို သတ်လိမ့်မယ် "

" မြသွေးလည်း အစ်ကိုနဲ့ အတူသေမယ် "

" မြသွေး . . . မြသွေးအစ်ကိုကိုချစ်တာသိပါတယ် သေတဲ့အထိမြသွေးရဲ့အချစ်ကို ယူဆောင်သွားပါ့မယ် မြသွေး ပြန်တော့နော် "

" အစ်ကို့ကို ထားပြီး မြသွေးမသွားဘူး "

" ဝေါ့ "

" ဟင် . . . အစ်ကိုသွေးတွေ "

" အစ်ကို . . . အစ်ကို . . . သတိမေ့မသွားပါနဲ့ "

" သူတို့အစ်ကို့ကို အတွင်းကြေ,ကြေအောင် ရိုက်နှက်သွားကြတာပဲ မြသွေးတွဲခေါ်ပြီးတဲဆီသွားကြမယ် အားတင်းထား "

" တဲအထိမသွားနိုင်တော့ဘူး . . . ဟိုဖျဉ်းမပင်ကြီးဆီ သွားကြမယ် "



www.burmeseclassic.com

www.burmeseclassic.com



မြသွေးက လက်တစ်ဖက်အတွင်းခေါင်းလျှိုသွင်းကာ စိုးလွင်ကို ပေးမကွဲခေါ်ပြီး ပျဉ်းမပင်ကြီးဆီသို့ သွားကြသည်။

လမ်းဘေးမှ ဆယ့်ငါးပေခန့်အကွာမှာပေါက်နေသော ပျဉ်းမပင်ကြီးဆီသို့ တဖြည်းဖြည်းနှင့် သွားနေကြသည်။

သူလဲကျနေသောနေရာမှ တော်တော်လေးဝေးသော၊ သဖြင့် တဖြည်းဖြည်းလျှောက်လာခဲ့သည်။

BURMESE CLASSIC .com

" ဝေါ့ "

စိုးလွင်သွေးများ တစ်ချက်ထိုးအံလိုက်သဖြင့် မြသွေး၏ အဝတ်အစားများပေကျံကုန်သည်။ သစ်ပင်နားမရောက်ခင်မှာပင် စိုးလွင်မြေလှမ်းဟို့ တုန့်နေသည့် မလှမ်းနိုင်တော့ ခေါင်းကိုလည်း မထူနိုင်တော့၊

ပျဉ်းမပင်ကြီး အောက်ရောက်သည်နှင့် စိုးလွင်သတိမေ့သွားပြီး ခေါင်းငိုက်စိုက်ကျသွားသည်၊

သွေးပူပြီးသွေးပျက်နေသော မြသွေးလည်း စိုးလွင်သေသွားပြီဟုထင်လိုက်သည်။

ထို့ကြောင့် မြသွေးလည်း နိုင်မာသောဆုံးဖြတ်ချက်ကို ချလိုက်သည်။

ပျဉ်းမပင်ကြီးပေါ်သို့ ကုတ်ဖွဲ့တက်လိုက်သည်၊ ပျဉ်းမ





ပင်ကြီးမှာ နွယ်တက်နေသော သဖွတ်ခါးနွယ်များ၊ ကင်းပုံနွယ်များရှုပ်ထွေးစွာ ပေါက်ရောက်နွယ်တက်နေသည်။

မြေပြင်မှ ဆယ်ပေသာသာခန့်မြင့်သော အကိုင်းပေါ် တက်လိုက်သည်၊ နွယ်ပင်များကိုဖြတ်ပြီး လည်ပင်းမှာ ပတ်လိုက်သည်။

ထို့နောက် အကိုင်းပေါ်မှ ခုန်ချလိုက်သည်။ ခဏအတွင်းမှာပင် မြသွေးတစ်ယောက်ကြိုးတန်းလန်းနှင့် ငြိမ်သက်သွားတော့သည်။

မြသွေးက သေပြီထင်၍ ပျဉ်းမပင်ရင်းမှာ ချထားခဲ့သော စိုးလွင် သတိပြန်ရလာသည်။

ပက်လက်အနေအထားမှ မျက်လုံးဖွင့်ကြည့်လိုက်သည်။

" ဟင် "

သူရုတ်တရက်ထိတ်လန့်ပြီး ထလိုက်သည်။

" ဟင် . . . မြသွေး . . . မြသွေး "

" ဘယ်လိုဖြစ်ရတာလည်း ငါ . . . ငါ့ကို သေပြီထင်ပြီး အခုလိုလုပ်သွားတာ . . . ငါတို့ချစ်ချင်းကို ကွေကွင်းအောင်လုပ်တဲ့လူတွေကို . . . ငါလိုက်သတ်မယ်



www.burmeseclassic.com

www.burmeseclassic.com



ပြောလည်း ပြော . . . .အော်လည်းအော်ရင်း . . . မြသွေး အနီးသို့ သွားရန်ခြေလှမ်းလိုက်စဉ် သွေးတစ်ချက်ထို အန်ပြီး အရုပ်ကြိုးပြတ်လဲကျကာ အသက်ပါထွက်သွားတော့ သည်။

ဦးလှကျော်တစ်ယောက် မြအေးဘေးမှာအိပ်နေသော မြသွေးကို တွေ့သဖြင့် စိတ်ချလက်ချဖြစ်တာအိပ်ယာထဲဝင် သည်။

သားကြီးလှဆောင်နှင့် သူကြီးသားအုပ်စုလည်း သူတို့ အိမ်သို့ အိမ်ပြန်ရောက်လောက်ပြီဖြစ်မည်၊ ဆူဆူညံညံအသံမ ကြားရ၍ စိတ်ကျေနပ်ကာ အိပ်လိုက်တော့သည်။

" ဒုန်း . . . ဒုန်း . . . ဒုန်း "

ဝုန်း . . . ဝုန်း

နာရီပြန်တစ်ချက်ခန့်အရောက် ဦးလှကျော်အိမ်မှာ ပုဏ္ဏာကတိုက်သည့်အလား ဆူညံနေတော့သည်။

ထို့အတူ သူကြီးအိမ်နှင့် သူကြီးတူအိမ်မှာလည်း ဆူညံ နေပါတော့သည်။

သူကြီးသားတင်ထွန်းလည်း အရက်မူးမူးနှင့် အော်ဟစ် ဆဲဆိုနေသည်။



BURMESE CLASSIC .com



သူ့ဘေးမှာ ရေနံဆီမီးခွက်ကြီးကို ထွန်းထားသည်။

" တောက် ဘယ်ကောင်လည်းကွ ငါ့အိမ်ခဲနဲ့လာထု နေတာ သတ္တိရှိရင်ဝင်လာခဲ့ "

" ဒုန်း . . . ဒုန်း . . .ဝုန်း "

" ဟဲ့ တင်ထွန်း အော်မနေနဲ့ လာအိမ်ထဲဝင်ခဲ့ "

" မဝင်ဘူး ခဲနဲ့ ပစ်တဲ့ကောင်ကို သတ်မလို့ "

" ဝုန်း "

သူ့အသံပင်မဆုံးလိုက် ပြင်းထန်သော အားတစ်ခုနှင့် ပစ်ရိုက်လိုက်သကဲ့သို့ နောက်ပြန်လွင့်သွားသည့်အပြင်၊ မီးခွက် ပါသူနှင့်အတူ လွင့်သွားသည်။

ရေနံအပြည့်ထည့်ထားသော မီးခွက်ကမှောက်သွားပြီး မီးထလောင်သလို တင်ထွန်းက ထိုမီးလောင်နေသည့် အပေါ် ပစ်ကျသွားသည်။

" အား . . . အား "

အင်္ကျီက နိုင်လွန်သားဖြစ်၍ မီးလောင်သည်နှင့် ချွတ် မရတော့ပဲ အင်္ကျီအားလုံးလောင်သွားသလို တင်ထွန်းလည်း အသက်ရှုကြပ်ပြီးသတိလစ်ကာ အသက်ပါ . . . ပါသွားတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



လူကို မီးထဲမှ ဆွဲယူပြီးပြုစုနေရသဖြင့် အိမ်မီးလောင်နေသည်ကို မငြိမ်းသတ်နိုင်တော့

သူကြီးအိမ်မီးထလောင်ပါတော့သည်။

မနက်လေးနာရီခန့်ရောက်မှ မီးညွန့်ကျိုးသွားခဲ့သည်။ ဦးလှကျော်အိမ်မှာလည်း သရဲက မနားတမ်းထုရိုက်ခြောက်လှန့်နေသဖြင့် တစ်အိမ်လုံးလန့်နိုးကုန်သည်။ အားလုံးအိမ်ပြင်ရောက်လာသော်လည်း မြသွေးထွက်မလာသဖြင့် မြအေးအခန်းထဲဝင်ကြည့်ရာ ဖက်ခေါင်းအုံးကို ခေါင်ခြုံပေးထားသည်ကိုတွေ့လိုက်ကြသည်။

" ဟင် . . . မြသွေး အိပ်ယာထဲမှာ မရှိဘူးအဖေ"

" ဘာ "

" အဖေ့သမီးမရှိတော့ဘူး "

" ဟင် . . .ကိုလှကျော် ရှင်သမီးကို အိပ်ဆေးတိုက်ထားတယ်ဆို "

" အေးလေး မင်းကိုထမင်းထဲ အသေအချာထည့်ခိုင်းထားတာပဲ "

" အိပ်ဆေးမဟုတ်လို့ပေါ့၊ ဒါမှမဟုတ်အတုများဖြစ်နေလားမှမသိပဲ "





" တောက် ဒီကောင်မလေးဘယ်ထွက်သွားပြီလည်း"

" ငါလှဆောင်တို့အိမ်ကို သွားမယ်လှဆောင်ကို ဟိုကောင်ကိုထားခဲ့တဲ့ နေရာမှာသွားရှာခိုင်းမယ် "

" မီး. . . ဗျို့ . . . မီး "

" ဟင် . . .ဟိုမှာ မီးရောင်တွေ လင်းထိန်နေတာပဲ သူကြီးအိမ်ဘက်က "

မှန်ပါသည်၊ ဦးလှကျော်အိမ်မှာ ဗျာများနေစဉ် သူကြီးအိမ်မှာ မီးထလောင်သည့်အချိန်ဖြစ်သည်။

သူကြီးဖော်တူ ဝင်းဖေလည်း သူကြီးအိမ်မှာမီးလောင်သည်ဆို၍ အိမ်မှအပြေးထွက်ခဲ့ရာ၊ လမ်းမှာမြသွေးနှင့်စိုးလွင်တို့ကို တွေ့လိုက်သည်။

" ဟော့ကောင် စိုးလွင် မင်းကမသေတဲ့အပြင် ငါနဲ့လက်ထပ်မယ့်မြသွေးကို အရခေါ်ခဲ့တယ်ပေါ့ဟုတ်လား မင်းသေပေတော့ "

ဝင်းဖေက စိုးလွင်အားသတ်ပုတ်ရန် ပြေးဝင်လာစဉ် ရုတ်တရက်အရပ်ကြီး ဆယ်ပေခန့်ပြင့်သွားသည်ကို မြင်လိုက်သည်။

မြသွေးအရပ်လည်းမြင့်သွားသည်ကို မြင်လိုက်ရသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



" အား . . .အမယ်လေး . . . သရဲ . . . သရဲ "

ဟီး . . . ဟီး . . . ဟီး

အကြောက်လွန်ကာ ထိုနေရာမှာပင်လဲကျသတိလစ်သွားတော့သည်။

ဦးလှကျော့်အိမ်မှာလည်း မနားတမ်းခြောက်လှန့်နေသည်။

ခွမ်း . . . ဝုန်း

ဟာ မီးဖိုထဲမှ အိုးတွေပစ်ပေါက်နေပြီ

" အမေ . . . ဟိုမှာ . . . သရဲ . . . သရဲ . . .အား"

မြအေးက သရဲကို လှမ်းမြင်လိုက်၍ ငယ်သံပါအောင်အော်လေသည်။

" ဟဲ့ . . . ဘယ်မှာလည်း သရဲ မမြင်ပါဘူး "

" အမေမမြင်ဘူးလား သမီးမြင်လိုက်တယ် သရဲမှနစ်ကောင်တောင် "

ထိုစဉ် အိမ်အောက်ဆင်းသွားသော ဦးလှကျော့်အိမ်ပေါ်ပြန်ရောက်လာသည်။

" ရှင်ဘယ်သွားတာလည်း "

" ငါလှဆောင်တို့အိမ်ကိုသွားမလို့ အောက်ဆင်းတာ





မြသွေးကို လိုက်ရှာခိုင်းမလို့ . . . ငါ့မျက်စေ့ထဲမှာ နောက်ဖက်ရေကပြင်က မြသွေးတက်လာတယ်လို့ မြင်လိုက်တယ်။ မှောင်နေပေမယ့် အနီးနားကိုတော့ မြင်ပါတယ်။

" မိန်းကလေးတစ်ယောက်အပေါ်တက်သွားတယ်၊ နင့်ညီမကို လှမ်းခေါ်ကြည့်ပါဦး "

" မြသွေး . . . မြသွေး . . . နင်ဘယ်မှာလည်း "

" ငါ . . . ဒီရေကပြင်မှာ "

" လာ . . .ဝင်ခဲ့လေ . . .အမှောင်ထဲဘာသွားလုပ်တာလည်း "

" အိမ်သာသွားတာနေမှာပေါ့ "

" ဟဲ့ လာတော့လေ ဘာလုပ်နေတာလည်း နင်မီးဖိုခန်းထဲမှာလား "

" ဟုတ်တယ် "

မြအေးက ဖယောင်းတိုင်ကိုကိုင်ပြီး ရပ်နေသည်။

" နင့်ညီမကို သွားကြည့်စမ်း သရဲကြောက်လို့ မလှုပ်ရဲဘူးနဲ့ တူတယ် "

" ဟုတ်တယ် သူ့သရဲမြင်ပြီး မလှုပ်နိုင်ဖြစ်နေလား မသိဘူး "



www.burmeseclassic.com

www.burmeseclassic.com



မြအေးမီးဖိုခန်းထဲ ဖယောင်းတိုင်ကိုင်ပြီး ဝင်သွားသည်။

" ဝုန်း "

" အမယ်လေး သရဲကြီး "

အမိုးပေါ်မှသရဲကြီးဖောက်ထိုးဆင်းလာသည်ကို မြင်လိုက်သဖြင့် မီးဖိုခန်းအဝမှာပင် အော်ဟစ်ရင်း ခွေကျသွားသည်။

ဦးလှကျော်နှင့် မြအေးမိခင်တို့ မြအေးကို ပွေ့ထူရန် အပြေးလာပြီး ပွေ့ရန်အပြင် မီးဖိုအတွင်းထုတ်တန်းမှ ကြိုးတန်းလန်းနှင့် မြသွေးကို မြင်လိုက်ရသည်။

" အမယ်လေး . . . မြသွေးရယ် "

ဦးလှကျော်က မြအေးကိုကျော်လွှားပြီး မြသွေးအား ကြိုးဖြုတ်ရန်အသွား မျက်စေ့အောက်မှာ ပျောက်သွားသည်။

" ဟင် . . . မြသွေး . . .မြသွေး . . ဘယ်ရောက်သွားလည်း မသိဘူး "

" ဒီအတိုင်းဆို ရှင့်သမီးသေပြီ "

မြအေး၏ မိခင်က မြအေးကို ထူပွေ့ထားရင်း သမီးငယ်အတွက် စိတ်ပူပြီး ထငိုတော့သည်။

" ဟဲ့ . . .နေစမ်းပါ . . .လှဆောင်တို့ကို သွားခေါ်





ဦးမယ် "

အချိန်က မနက်လေးနာရီခန့်ပင်ရှိနေပြီ သူကြီးအိမ်မီး လောင်သည်ကို သိသော်လည်း ဦးလှကျော်မရောက်ဖြစ် သမီး တနှင့် ဦးလှကျော် လှဆောင်တို့အိမ်ကို ရောက်သွားသည်။

" အဖေ့သားမရှိဘူး သူကြီးအိမ်မီးလောင်တယ်ကြား လို့ အိမ်ဘေးကဦးတင်နဲ့နဲ့ ထွက်သွားတာ အခုထိပြန်မရောက် သေးဘူး "

" အေး အေး အဖေ . . . သူကြီးအိမ်လိုက်သွားဦး မယ် "

ဦးလှကျော်လည်း ဓါတ်မီးအားကိုးပြီးသူကြီးအိမ်သို့ ထွက်လာခဲ့သည်။

နောက်မှ ခြေသံကြားနေရသည်။ ဓါတ်မီးနှင့်ထိုး ကြည့်သော်လည်း ဘာမှမတွေ့

ဦးလှကျော် သူကြီးအိမ်သို့ရောက်တော့ မီးကငြိမ်းသ လောက်ဖြစ်နေပြီ သူကြီးအိမ်လည်းပြာကျသွားပြီး

ရွာကလူတော်တော်များများ သူကြီးအိမ်မှာ ရောက် နေသည်၊ ဦးလှကျော်သူကြီးကိုအားပေးရင်း ကာရင်းဟိုမှမပြော ဖြစ်ပဲ အချိန်ကုန်မှန်းမသိ ကုန်သွားကာ လင်းရောင်ပင်လာနေ



www.burmeseclassic.com

www.burmeseclassic.com



ပြီဖြစ်သည်။

မနက်ဝေလီဝေလင်း ငါးနာရီခန့်ရွာထဲမှ လယ်ကွင်းသို့ လယ်သမားများအလုပ်ခွင်ဝင်ရန် ထွက်လာကြသည်။

ရွာပြင်လယ်စပ်ကြားပျဉ်းမပင်ကြီးမှာ သေဆုံးနေကြ သော စိုးလွင်နှင့် မြသွေးတို့ အလောင်းနှစ်လောင်း ကို တွေ့လိုက် ကြရသည်။

ထိုအခါမြသွေးမိဘများဆီ သွားအကြောင်းကြားကြ သည်၊ ရွာသားများလည်း စိတ်ဝင်စား၍ လာကြည့်ကြသည်။

ချစ်သူနှစ်ယောက်၏ အဖြစ်ဆိုးကို မြင်လိုက်ကြသူ အားလုံး စိတ်မကောင်းဖြစ်ကြသည်။

ဦးလှကျော်ကတော့ သမီးမိုက်အတွက် တောက်တစ် ခေါက်ခေါက်ဖြစ်နေသည်။

" တောက် ဒီကောင်နဲ့ မရလို့များ အသေခံတဲ့ ကောင်မမိုက်၊ သေပစေမလွမ်းဘူး၊ မသနားဘူး၊ ဒင်းအတွက် သပိတ်သွပ်မပေးဘူး "

ဦးလှကျော်က ကိုယ်ချင်းမစာ၊ မသနားသည့်အပြင် ဤကဲ့သို့ပင် ရွာသူရွာသားများကိုလည်း အတိအလင်းကြေငြာ ခဲ့သည်။





သူ့စကားဟည်ရန် ဇနီးနှင့် သမီးတို့ကိုလည်း အပြတ် ပြောထားသည်။

" ဒီကောင်မ သူ့သေလမ်း သူရှာတာ သေပစေ၊ ငါမသနားဘူး၊ သူ့အတွက်သပိတ်သွပ်တာတို့ ဆွမ်းကျွေးတာတို့ လာမပြောနဲ့ ပြောတဲ့ကောင်တွေ၊ ကောင်မတွေ ငါ့အကြောင်း သိစေရမယ် "

" ဒီအိမ်[illegible] ကောင်မနှစ်ကောင် ငါ့ဆန္ဒသဘောထား ကို ဆန့်ကျင်ကြမယ်ဆိုရင် ဒီအိမ်က ဆင်းသွားကြ "

ရွာကလူကြီးများ ဦးလှကျော်ကိုပြောနိုင်ဆိုနိုင်သော သူများက ရက်လည်ဆွမ်းကပ်ဖို့ အိမ်မှာမလုပ်ချင်လည်း ဘုန်း ကြီးကျောင်းသွားပြီး ဆွမ်းချိုင့်ပို့ရန် ပြောပေမယ့် နားမဝင်၊ ဘာမှ မလုပ်ရဟုသာ ပြောဆိုနေပါသည်။

သူတို့အလောင်းကို [illegible] ပုလိပ်ကိုသွားအသိ ပေးသဖြင့် လာရောက်စစ်[illegible]ချုပ်ခွင့်ပြုမှ ရွာသင်္ချိုင်း မှာ မြေမြှုပ်လိုက်ကြသည်။

ဦးလှကျော်နှင့် သူ[illegible]တို့အား ပုလိပ်တို့က စစ်လား မေးလားလုပ်လာသဖြင့် [illegible] စိုးလွင် သတ်ခံရသောကိစ္စ ထိုမျှနှင့် ပြီးသွား[illegible]



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ခုနစ်ရက်တစပတ်သာလည်သွားသည်။ သူတို့နှစ်ယောက်အတွက် တစ်ဦးတစ်ယောက်ကမှ ရက်လည် သပိတ်သွပ်ခြင်း ကျွေးခြင်း အမျှဝေခြင်းမပြုကြ၊

အစိမ်းသေသေခဲ့ကြသော ပျဉ်းမပင်ကြီးမှာ ထိုအချိန် ကစပြီး သရဲအလှန်ခြောက်သည်ဟု နာမည်ကြီးခဲ့သည်။

နာမည်ကြီးသည့်အတိုင်းလည်း မကြာခဏခြောက် သည်၊ ခြောက်သည့်ပုံစံက ဆွဲကြိုးချလျက် အတိုင်းသစ်ပင်မှာ တွဲလောင်းကြီးမြင်ရသလို၊ သရဲတစ်ကောင်က သစ်ပင်အောက် မှာ ဆန့်ဆန့်ကြီးလဲလျက်ပြသည့်အခါပြု၊ တွဲလောင်းကြီးကို ဖက် လျက်ငိုနေသည့်သဏ္ဍာန်မျိုးလည်း ပြသခြောက်လှန့်သည်၊

ဦးလှကျော်တို့အိမ် သူကြီးတို့အိမ်ကို သရဲနှစ်ကောင်က အဖြိုးအတေးထားကာ မကြာခဏလာခြောက်လှန့်ခြင်း၊ အိမ်ကို ကိုင်လှုပ်ခြင်း၊ ခဲဖြင့်ပစ်ခြင်း၊ အသံပေးခြောက်လှန့်ခြင်း၊ အပုတ် နံ့ပေးခြင်းတို့ဖြင့် စိတ်ထင်သလို ခြောက်လှန့်နေသည်။

သူကြီးသားသေဆုံးသွားသဖြင့် မြအေးလည်း အိမ် ထောင်မပြုဖြစ်တော့။ ။

* * *

သိန်းထွန်းတို့ ညီအစ်ကိုလည်း နောက်ကြောင်းလှည့်





ပြီး လမ်းသစ်မှနေ၍ ရွာထဲသို့ပြန်ဝင်လာကြရသည်။

ထို့နောက်ပိုင်းတော့ ပျဉ်းမပင်လမ်းကို လယ်သမား တို့ ကွင်းရှောင်သွားလာကြတော့သည်။

ထိုပျဉ်းမပင်ပတ်လည်က လယ်ရှင်တို့လည်း လယ်သုံး လေးကွက်ကို ပလပ်ထားလိုက်ပြီး ပျဉ်းမပင်နှင့် ခပ်ဝေးဝေးက လယ်ကိုသာ လုပ်ကိုင်ကြတော့သည်။

ပျဉ်းမပင်ကုန်းအနီးဝန်းကျင်ကို လူတွေကွင်းရှောင် သွားလာကြသဖြင့် ထိုအပင်မှသရဲနှစ်ကောင်၏ ခြောက်လှန့်ခြင်း ကို မခံကြရတော့၊ ထို့ကြောင့် သရဲအကြောင်းလူတွေမပြောဖြစ် ကြတော့၊

သူကြီးမိသားစုနှင့် ဦးလှကျော်မိသားစုကတော့ မေ့ ပျောက်လို့မရ၊ အမြဲတမ်းအသစ်အဆန်းဖြစ်နေသည်၊ ယနေ့ထိ မကြာခဏအခြောက်အလှန့်ခံနေကြရသည်၊ ဆွမ်းမကျွေး သ ပိတ်မသွပ်၊ အမျှအတန်းမဝေသဖြင့် သူတို့မကျွတ်မချမ်း အခြောက်ခံပေတော့ဟု အကြောင်းသိသူ ရွာသားများက ကွယ် ရာမှာ ပြောဆိုနေကြတော့သည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com

# မဖဲဝါနဲ့ သူ၏လက်ရုံးများ

" ဘယ်လိုလည်း ဖိုးနီ မင်းစကားအမှန်ပဲလား "

" အမှန်ပါပဲ . . . သခင်မ "

" မြို့ထဲဝင်ပြီး ခြောက်လှန့်စားသောက်နေတာကြာပါပြီ ကျွန်တော်ပြောဆိုတောင်းပန်ပေမယ့် နာခံမှုမရှိသလို၊ သခင်မနဲ့ သွားတိုင်လည်း မမှုဘူး၊ မကြောက်ဘူးလို့ ပြန်ပြောခိုင်းပါတယ် "

" ကောင်းပြီ ငါ့ဒီကောင်ကို ညရှစ်နာရီလောက်သွားဆုံးမမယ် , . . ငါ့ကို စောင့်နေပါဖိုးနီ "

" ဟုတ်ကဲ့ . . .သခင်မ "





" အေး . . . မင်းလုပ်စရာရှိတာသွားလုပ်ပေတော့ "

ဖိုးနီဆိုသည်က မဖဲဝါ၏ လက်ရုံး၊ သရဲများမှ တစ်ကောင်ဖြစ်သည်။

လူ့ရပ်လူ့ရွာအတွင်းနေထိုင်ကြသည့် သရဲတစ္ဆေအပေါင်းတို့အတွက် လူလည်းလူ့စည်းကမ်းရှိသလို သရဲလည်းသရဲစည်းကမ်းရှိသည်။

သရဲများက လူတို့မပေးကမ်း၊ မစွန့်ပစ်ပဲ လုယူခိုးစားခြင်းမပြုရ၊ ခြောက်ခြင်း၊ လှန့်ခြင်းမပြုရသတ်ဖြတ်စားသောက်ခြင်းမပြုရဟု ဆိုင်ရာပိုင်ရာတို့က သတ်မှတ်ထားသည်။

ထိုကဲ့သို့ သတ်မှတ်ထားပေမယ့် အချို့ဝိညာဉ်သရဲများက နာခံခြင်းမရှိ၊ လက်တည့်စမ်းကြသည်။

ထိုကဲ့သို့ စည်းကမ်းမလိုက်နာသော ဝိညာဉ်သရဲများအား သရဲဖိုးနီတို့က လိုက်လံထိန်းသိမ်းရသည်။

ဆုံးမ၍ ရနိုင်မည့်သရဲကို ဆုံးမရသည်၊ ဝိညာဉ်တစ္ဆေသရဲလောကတွင် သရဲဖိုးနီအား မသိသူမရှိဖြစ်သည်။

သရဲဖိုးနီကဲ့သို့ပင် သရဲမျက်ပြူး၊ သရဲထိပ်နီတို့လည်း ထိုတာဝန်ကို ကိုယ့်အပိုင်နှင့် ကိုယ်တာဝန်ယူရသည်။

သရဲဖိုးနီက ရွာအရှေ့ပိုင်းနှင့် မြို့စွန်ရပ်ကွက်ဖြစ်သည်၊



www.burmeseclassic.com

www.burmeseclassic.com



သရဲထိပ်နီက ရှာလည်ပိုင်း၊ သရဲမျက်ပြူးက ရှာအနောက်ပိုင်း ဖြစ်သည်။

ရှာတစ်ရှာကို သူတို့သုံးယောက်တာဝန်ယူ စော ရှောက်ရသည်၊ ရှာသေးလျှင်တော့ သရဲတစ်ကောင်သာ တာ ပေးသည်။

ယခုသရဲဖိုးနီတာဝန်ကျသော အပိုင်ရပ်ကွက်အတွင်း မှာရှိသည့် မြို့စွန်ရပ်ကွက်မှာ သရဲတစ်ကောင်က တစ်အိမ်ပြီး တစ်အိမ် ဝင်ရောက်ပူးကပ်ခြောက်လှန့်နေသည်၊

သူ့အလိုဆန္ဒမပြည့်ပါက လူသေသည်အထိ ရူးသွ သွားသည်အထိ ခြောက်လှန့်အကျပ်ကိုင်စားသောက်နေသည်။

ထိုကိစ္စကို မဖဲဝါအား မတိုင်ချင်၍ ယခုကဲ့သို့ခြောက် လှန့်နှောင်ယှက်ခြင်း မပြုရန် ဖိုးနီပြောပေမယ့် လိုက်နာမှုမရှိ ရှေ့ဆက်ပြီး တစ်အိမ်ပြီးတစ်အိမ် တိုးပြီး ပူးကပ်ခြောက်လှ စားသောက်နေသည်။

ထိုသရဲကြီးကို ဖိုးနီအစွမ်းအစနှင့် ဘယ်လိုမှ မယှဉ် နိုင်မှန်းသိသည်။

သို့ကြောင့် သရဲဖိုးနီ မဖဲဝါကို လာရောက်ပြောပြ တော့သည်။ မဖဲဝါက သူ့တာဝန်ထား၊ သူလာဆုံးမမည်ဟုဆို





သဖြင့် သရဲဖိုးနီလည်း သချိုင်းအစပ်မှ သူ့အပိုင်ရှာအရှေ့ပိုင်းသို့ ဝင်လာခဲ့သည်။

ရှာထိပ်အဝင်ဝမှာ သရဲလုံးကျော်နှင့် ဆိုက်ဆိုက်မြိုက် မြိုက်တိုးသည်။

" ဟော့ကောင် သရဲထိန်းကြီး ဖိုးနီ . . . ရပ်စမ်းပါဦး ကွ"

" နေစမ်းပါ လုံးကျော်ရာ ငါ့မှာ မင်းသိတဲ့အတိုင်း လုပ်စရာတာဝန်တွေရှိသေးတယ်ကွ "

" ဟား . . . ဟား . . . ဟား မသိရင်ခက်မယ် ဖိုးနီ ရာ မင်းကမဖဲဝါကြီးခိုင်းတာလုပ် မင်းစကားနားမထောင်တဲ့ သရဲဆိုရင် မျက်နှာလိုမျက်နှာရသွားတိုင်း မြင်ရဖန်များလာတော့ မင်းကို ငါတို့မျက်စေ့စပါးမွေးစူးတယ် "

" ငါ့ကို စူးတာလား . . . သခင်မကြီးကို စူးတာလား ရှင်းရှင်းပြော လုံးကျော် "

" ဘာလည်း ငါ့ကို မဖဲဝါနဲ့ ရန်တိုက်ပေးဦးမလို့လား"

" မင်းစကားကို ရှင်းရှင်းပြောလေ "

" ငါမင်းကိုပြောနေတာလေ . . . ငါမင်းကိုအမြင်ကပ် နေတာကြာပြီ "



www.burmeseclassic.com

www.burmeseclassic.com



" သွားစမ်းပါလုံးကျော်ရာ . . .မင်းစပါးမွေးရူးတယ် ဆိုလည်း မတတ်နိုင်ဘူး၊ မင်းလည်းမင်းနေရာမင်းနေ၊ ငါလည်း ငါ့အလုပ်ငါသွားလုပ်ဦးမယ် "

" ဒီအတိုင်းတော့ မသွားနဲ့ဖိုးနီ မင်းနဲ့ငါတစ်ချီတစ် မောင်းနဘန်းလုံးမလား "

" မင်းက လက်ဖွေ့ထိုး၊ နဘန်းလုံးပြီး သေလားရှား ဆိုတော့ ဇီဇမပျောက်ချင်ဘူး၊ ငါကလည်း တိုက်ရင်းခိုက်ရင်း သေလာတဲ့ကောင်ဆိုတော့ လာမယ့်ဘေးရှောင်ပြေးမယ်တော့ မထင်နဲ့ "

" ကြိုက်ပြီ . . .ကဲစမယ်ကွာ "

သို့ဖြင့် သရဲလုံးကျော်နှင့် သရဲဖိုးနီတို့ သရဲနှစ်ကောင် ရွာအဝင်မှာ နဘန်းလုံးနေကြသည်၊

သရဲနှစ်ကောင်ကို လူတွေမမြင်ရပေမယ့်၊ ဖုန်တ လောင်းထောင်းထနေသည်ကိုတော့ တွေ့နေရသည်။

သူတစ်ပြန်ကိုယ်တစ်ပြန်ဖြစ်နေသည်။

အတော်ကြာတော့သရဲနှစ်ကောင်လုံး မောနေပြီ၊

" ကဲ ဘယ်လိုလည်းလုံးကျော်၊ မင်းငါ့ကိုနိုင်အောင် မချနိုင်ဘူးမဟုတ်လား "





" မင်းလည်း ငါ့ကို မနိုင်ပါဘူး ဖိုးနီ "

" နောက်တစ်ခါ ငါအနီးဝန်းကျင်ရောက်လို့ကတော့ မင်းကို အနိုင်ရအောင် ချပြမယ် "

" ငါလည်း မင်းကိုအနိုင်ယူဖို့ လာခဲ့ဦးမယ် "

သရဲဖိုးနီလည်း လုံးကျော်ကို ထားပြီးထွက်ခဲ့သည်။

သူ့တာဝန်က ညနေပိုင်းမှစ၍ ဘစ်ညလုံးလှည့်လည် စောင့်ကြည့်ရသောတာဝန်ရှိသည်။

တစ်ညလုံးသွားလာနေရပြီး နေ့ခင်းမှ တစ်ရေးတစ် မောအနားယူအိပ်စက်ရသည်။

တစ်ညလုံး အေးအေးလူလူ သွားလာနေရသည် မဟုတ်၊ ပြဿနာ ပေါင်းများစွာဖြေရှင်းရသေးသည့် အခါပေါင်း က မနည်းလှ၊

ရွာထဲက ခွေးတွေ့က သူ့ကိုမြင်ဖန်များ၍ မအူတော့ အချို့ခွေးတွေကတော့ သူ့ကိုမြင်ရင် အူကြသေးသည်။

ခွေးတွေကလည်း သိသည်၊ သွေးဆာရန်လိုသော သရဲ မျိုးနှင့်ကြုံလျှင် အိမ်အောက်ပြေးဝင်ပြီး အသံမထွက်ရဲ အမြီး ကုတ်နေကြသည်၊

ဖိုးနီတို့ကို တွေ့လျှင်၊ တစ်ကောင်ပြီးတစ်ကောင်အူ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ကြာတော့ ဖိုးနီကိုမြင်လျှင်ခွေးတွေအရေးမလုပ်တော့ ဖာသိဖာသာနေကြတော့သည်။

ယခုပဲကြည့် သရဲလုံးကျော်နေရာက ထွက်ကာစပဲ ရှိသေးသည်။ ထန်းပင်ကြီးတစ်ပင်မှ သရဲမကြီးသားအမိနှင့် ထန်းပင်ပေါ်က သရဲတစ်ကောင် စကားများရန်ဖြစ်နေကြသည်။

ဖိုးနီရန်ပွဲကိုကြားမဝင်သေးပဲ ရပ်နားထောင်ကြည့်လိုက်သည်။

" ဟဲ့ကောင် . . . ဒါနေတဲ့အပင်ပေါ်က အခုဆင်းမလား"

" မဆင်းဘူး . . . အဲဒါနေတဲ့ နေရာပဲ "

" ဟဲ့ . . . သေချင်းဆိုးသရဲ . . . ဒါတို့က ဒီအပင်မှာနေခဲ့တာကြာပြီ၊ ဒါတစ်ယောက်တည်းမဟုတ်ဘူး၊ ငါ့သမီးနဲ့ နှစ်ယောက်နေတာ၊ နင်အပင်ပေါ်က ဆင်းမပေးရင် ဒါတို့သားအမိ ဘယ်နားသွားနေရမလည်း "

" သွားချင်ရာသွား . . . ဒါမဆင်းဘူး . . . ဒီအပင်မှာ ဘယ်သူမှ မရှိလို့ ဒါဝင်နေတာ၊ အခုမှ လာပြီး ပိုင်ရှင်ရှိတယ် ပြောနေလို့ . . . ရမယ်မထင်နဲ့ "

" ဟဲ့ကောင် ငါ့ဆွေမျိုးတွေရှိတဲ့ရွာကို ဒို့သားအမိ ခဏ





သွားတာ နှစ်ညအိပ်ပဲကြာတယ်၊ အခုပြန်လာတော့ နင်က ငါ့နေရာဝင်နေတယ် အခုဆင်းမလား မဆင်းဘူးလား "

" မဆင်းဘူးဟေ့ သောက်သရဲမကြီး "

ထိုအချိန် အနီးအနားရှိသစ်ပင်များပေါ်မှာ သရဲများကလည်း ရန်ပွဲကို စိတ်ဝင်စား၍ လာကြည့်နေသည်၊ သရဲများက သူတို့နှင့်မဆိုင်သလို ဘာမှဝင်မပြောဘေးကသာ စပ်စပ်စုစုကြည့်နေကြသည်။

သို့ဖြစ်၍ သရဲဖိုးနီလည်း သူ့မှာ တာဝန်ရှိသည်ဖြစ်၍ ထိုရန်ပွဲကြား ဝင်ပါရတော့သည်။

" ကဲ . . . ကဲ ခင်ဗျားကြီးလည်း ဘာမှမပြောနဲ့ ဟို ထန်းပင်ပေါ်က ကိုသရဲလည်း အောက်ခဏဆင်းပါဦး "

" ခင်ဗျားက ဘယ်သူလည်း "

" ဒါက . . . သရဲတို့ရဲ့ အရှင်မ . . . မဖဲဝါရဲ့လက်ရုံးပဲ မင်းမဖဲဝါကို သိတယ်ဆိုရင် ဒါပြောတဲ့အတိုင်းလုပ် "

သရဲဖြစ်လာမှတော့ မဖဲဝါကို မသိလို့ဖြစ်မလား၊ ထန်းပင်ပေါ်က သရဲလည်း မကျေမနပ်၊ အင်တင်တင်နှင့် အောက်ကို ဆင်းလာတော့သည်၊

ထန်းပင်ပေါ်ကသရဲအောက်ရောက်သည်နှင့် သရဲဖိုးနီ



www.burmeseclassic.com

www.burmeseclassic.com



က ရှင်းပြနိုင်းလိုက်သည်။

" ကဲ . . . ဆိုစမ်းပါဦး ဒီကိစ္စ ခင်ဗျားအရင်ရှင်းပြ ခင်ဗျားဘယ်သူလည်း ဘာကြောင့်ဒီနေရာကိုရောက်လာတာလည်း သရဲဖြစ်တာကြာပြီလား "

" ကျုပ်က ယင်းမာရွာက လှဖေပါ "

" ပြီးခဲ့တဲ့လက ရွာကို သူခိုးဓါးပြတွေ ဝင်လာရင်း ပစ်ကြခတ်ကြနဲ့ ချုပ်ယှက်ခတ်နေတုန်း၊ ကျုပ်လည်းကြောက်လန့်ပြီး ထွက်ပြေးမိတယ် "

" ရွာပြင်မှာ စောင့်နေတဲ့ ဓါးပြနဲ့ တိုးပြီး သေနတ်နဲ့ ပစ်လို့ ချောင်းငပ်မှာ သေခဲ့ရတယ် "

" သေသေချင်း သရဲဖြစ်သွားတာသိလိုက်တယ်၊ သရဲဖြစ်သွားပြီဆိုတာသိလိုက်ပြီးတဲ့နောက် ရောက်တတ်ရာရာ လျှောက်သွားတယ်၊ လမ်းတစ်လျှောက်မှာ စားစရာရှာရင်း နေဖို့ နေရာလည်းရှာရင်း လျှောက်သွားခဲ့တယ် "

" တစ်ရွာပြီး တစ်ရွာသာရောက်ခဲ့တယ်၊ ဘယ်နေရာ ဘယ်သစ်ပင်မှ နေစရာမရခဲ့ဘူး "

" အဲ့နဲ့ ဒီရွာထဲဝင်ခဲ့တယ်၊ ကံကောင်းစွာနဲ့ ထန်းပင်ကြီးမှာ ဘယ်သရဲမှရှိနေတာမတွေ့လို့ နေရာအပိုင်ရပြီဆိုပြီး





တက်နေကာမှ ဒီသရဲမကြီးသားအမိက သူ့နေရာဖယ်ပေးရမယ်လို့ အောက်ကနေလာအော်နေတာခင်ဗျားကြားတဲ့အတိုင်းပဲ"

" ကဲ . . . ဒီသားအမိကကော ရှင်းပြစမ်းပါဦး "

" ကျုပ်တို့သားအမိက ဒီထန်းပင်ကြီးမှာနေတာ ဆယ်နှစ်နီးပါးရှိနေပြီ၊ ဒီသမီးလေးမွေးရင်း သေဆုံးခဲ့တာ ကျုပ်ရောသမီးလေးပါ သေဆုံးခဲ့တာ"

" သေပြီးပြီးချင်း နေစရာမရှိလို့ အမေမဖဲဝါဆီသွားပြီး နေစရာတောင်းတော့ ဒီထန်းပင်ကြီးမှာ နေရာချပေးခဲ့တာ"

" ကျုပ်တို့အရင် ဒီထန်းပင်ကြီးမှာနေတဲ့ သရဲက ကျွတ်ချိန်တန်လို့ ကျွတ်သွားတဲ့အချိန် ကျုပ်ကနေရာသွားတောင်းတဲ့ အချိန်တိုက်တိုက်ဆိုင်ဆိုင်ကြုံပြီး ဒီနေရာလေးနေခွင့်ရခဲ့တာ "

" သမီးလည်း ဒီအရွယ်ရောက်နေပြီ၊ ကျုပ်တို့နေတာ ဘယ်လောက်ကြာပြီလည်းသိပြီမဟုတ်လား အနီးနားမှာနေကြတဲ့ သရဲဖိုးတုတ်တို့ သရဲမအေးဘုံတို့ကိုလည်း မေးကြည့်ဦး သူတို့ဆို ကျုပ်သမီးလေးကိုခေါ်ပြီး ရွာထဲလှည့်အစာရှာနေကျ မေးကြည့်လိုက်လေ "

" ဟုတ်တယ် . . . ဟုတ်တယ် ဒီအပင်မှာ ဒေါ်စိန်တုတ်



www.burmeseclassic.com

www.burmeseclassic.com



တို့သားအမိနေတာ သူ့ကိုဒို့မသိဘူး ”

“ ကဲ ကြားတယ်မဟုတ်လား ဒီသားအမိက ခရီးနှစ်ရက်ထွက်သွားလို့ နေရာလွတ်နေတာ အခုပိုင်ရှင်ရောက်လာပြီဆိုတော့ ခင်ဖျားလည်း ခရီးထွက်သွားဖို့ပြင်ပါ ”

တကယ်လို့နေစရာမရှိဘူးဆိုရင် ခင်ဖျားမိသားစုဆီပြန်ပြီး ဘုရားတည်၊ ကျောင်းဆောက်တဲ့နေရာတွေမှာ လှူပေးပြီး အမျှဝေပေးဖို့အိမ်မက်ပေးပါ။

“ သူတို့အလှူပေးပြီး အမျှဝေလို့ ခင်ဖျားသာဓုခေါ်ဆိုလိုက်တာနဲ့ ခင်ဖျားအတွက် နေစရာတစ်ခုခုအလွယ်တကူရနိုင်မှာပဲ ခင်ဖျားက ကုသိုလ်အကျိုးဆက်အကြောင်းဆက်ရှိရင် အခုသရဲထက်မြင့်တဲ့ ဘဝမျိုးလည်းပိုင်ဆိုင်ရောက်ရှိနိုင်တာပဲ”

“ ကျုပ်မှာ လှူနိုင်တန်းနိုင်မယ့် မိသားစု၊ ဆွေမျိုးသားချင်း မရှိတော့ဘူး၊ ကျုပ်ကတစ်ကောင်ကြွက်ပါ ”

“ ဒါဆိုလည်း မဖဲဝါဆီကိုသာသွားပြီး နေဘို့နေစရာတစ်ခုလောက်ပေးပါလို့သွားပြော သူစီစဉ်ပေးလိမ့်မယ် ”

“ အခုပဲ သွားလိုက်ပါ့မယ် ”

“ အေး အဲဒါမှန်တဲ့နည်းလမ်းပဲ . . .မင်းသွားလိုက်”

“ ကဲ . . . အဒေါ်ကြီးတို့သားအမိလည်း ကိုယ့်နေရာ





ကိုယ်ပြန်ရပြီဆိုတော့ ကျေနပ်လိုက်ပါတော့ ”

“ ကျေးဇူးပါပဲမောင်ဖိုးနီရယ် မင်းရောက်လာလို့သာပဲ မင်းသာမလာရင်ဒို့သားအမိလမ်းပေါ်မှာ မိုးလင်းရတော့မှာ”

သရဲဖိုးနီလည်း နေရာလုသောရန်ပွဲကို ဖျန်ဖြေပြီးသည်နှင့် အားလုံးကိုနှုတ်ဆက်ပြီး ရွှေခရီးဆက်ထွက်လာခဲ့သည်။

အချိန်က ညနေပိုင်းနေစောင်းနေပြီ၊ မကြာခင်နေဝင်တော့မည်လမ်းပေါ်မှာ ဘောလုံးကန်နေသောကလေးများရှိနေသည်၊ ကစားကောင်းတုန်းရှိသေးသည်။

ပြေးလွှားဆော့ကစားနေသော ကလေးများနှင့် မတိုက်မိရန် အတော်လေးရှောင်ရှားနေရသည်။

လူသားတွေ၏ ခန္ဓာကိုယ်နှင့် ထိခိုက်မိပါက ပူလောင်စွာ ခံစားရသည်၊ လေးခွ ပစ်သောကလေးများနှင့် ကြုံ၍လောက်စာလုံးမှန်ပါက အတော်ခံရသည်။

“ ဘုန်း ”

“ အား . . .ပါး . . .ပါး ”

ကလေးများနှင့် မထိခိုက်မတိုးမိစေရန် သတိထားလျှောက်နေရာမှ ကလေးတစ်ယောက်ကန်လိုက်သော ဘောလုံးက သရဲဖိုးနီနောက်ကြောကို မှန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုးနီကျောကုန်းနာကျင်သွားသည်၊ ရွာထဲမိုးမချုပ်ခင် ဝင်မိမှတော့ လောက်စာလုံးလည်း မှန်ဖူးသည်၊ ခဲလုံးလည်း မှန်ဖူးသည်၊ ဘောလုံးလည်းမှန်ဖူးပြီး၊ တာဝန်မလစ်ဟင်းအောင် ဆောင်ရွက်ရဦးမည်ဖြစ်သည်။

သရဲမျက်ပြူးလည်း တင်းပုတ်ကိုင်၍ ရွာအနောက်ပိုင်းသို့ ထွက်ခဲ့သည်။

အိမ်တစ်အိမ်၏ နောက်ဘက်ရေကပြင်နားမှ သရဲသုံးကောင် လှုပ်လှုပ်ရွရွဖြစ်နေသည်ကို တွေ့လိုက်သဖြင့် သရဲမျက်ပြူးလည်း တင်းပုတ်အသင့်ကိုင်ကာ အနားသို့ ကပ်သွားသည်။

" ဟေ့ကောင်တွေ ဘာလုပ်နေတာလည်း "

" ဟာ . . .သရဲမျက်ပြူးပါလား "

" ကျုပ်တို့ ရန်ဖြစ်နေတာမဟုတ်ပါဘူးဗျာ "

" ဒါဖြင့် ဘာလုပ်နေတာလည်း "

" အိမ်ပေါ်မှာ အိမ်ရှင်မိန်းမ ညစာချက်မလို့ငါးခုတ်နေတာ မမြင်ဘူးလား "

" မြင်တယ်လေကွာ "

" သူမလိုချင်လို့ အောက်ပစ်ချလိုက်တဲ့ ငါးခေါင်းတွေ ငါးအူတွေ စောင့်ပြီးကောက်စားနေတာ "





" အေး . . .ဒါဆိုလည်း ပြီးရော၊ အိမ်ပေါ်တက်နှိုက်ပြီးစားသောက်ဖို့ ခွင့်မပြုဘူးနော် "

" ကျုပ်တို့ သဘောပေါက်ပါတယ် "

သရဲမျက်ပြူးခြံထဲက ထွက်လာခဲ့သည်။

အမှောင်ထုက သန်းလာနေပြီ မျက်ပြူးထွက်လာပြီး သုံးလေးမိနစ်ခန့်သာ လျှောက်လိုက်ရသေးသည်။ သရဲတစ်ကောင်ခြံနောက်ပေါက်ဝင်သွားသည်ကို တွေ့လိုက်သည့်အတွက် နောက်ကအသာကပ်ပြီးအခြေအနေလိုက်ကြည့်သည်။

ကိုရွှေသရဲက အိမ်ပေါ်တက်သွားသည်။

" ဒင်း . . . ဘာလုပ်မလို့ပါလိမ့် "

သရဲမျက်ပြူးအနီးက သွားကြည့်သည်။

" အံမယ် . . . ဟင်းအိုးဖွင့်ပြီး အားရပါးရနှိုက်စားနေတာပါလား "

" တွေ့ ပြီပေါ့ သူခိုးကောင် "

သရဲမျက်ပြူး ရိပ်ကနဲ အပေါ်ရောက်သွားသည်။

" ဘုန်း . . . ဘုန်း "

" အား "

ဟင်းသူခိုး၏ကျောပြင်ကို တင်းပုတ်နှင့် ထုနှက်ပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

" ဟာ ... ဆရာမျက်ပြူး "

" မင်းအပြစ် မင်းသိလား "

" သိ သိပါတယ် ... မဖဲဝါကို မတိုင်ပါနဲ့ "

" မတိုင်စေချင်ရင် ... သူမကြိုက်တာ မလုပ်နဲ့ပေါ့ကွာ "

" ဟင်းနံ့ကလည်း မွှေး ဗိုက်ကလည်း ဆာလို့ပါ"

" လာ ... မင်းဆင်းခဲ့ ... မင်းဗိုက်ဆာတယ်ဆိုရင်လဲ အခြားသရဲတစ္ဆေတွေလိုပဲ လူတို့စွန့်ပစ်လိုက်တဲ့ စားစရာတွေ ရှာစားပေါ့ "

" နောက်ကို ခိုးမစားတော့ပါဘူး ရှာဖွေစားသောက်ပါတော့မယ်ဗျာ "

" အိမှပေါ့ လာသွားကြမယ်၊ ဟင်းခိုးစားသောသရဲနှင့် သရဲမျက်ပြူးတို့ လမ်းပေါ်လျှောက်လာစဉ်၊ သရဲမျက်ပြူးတစ်ရုံ တစ်ခုကို တွေ့လိုက်သည်။

" ကဲ မင်း ဗိုက်ဆာနေတယ်မို့လား "

" ဟုတ်တယ် ...ဆာနေတယ် "

" ဒါဆို ... ခဏလေးစောင့် ဟိုရှေ့မှာတွေ့လား"





" ဘာမှ မတွေ့ပါဘူးဗျာ "

" ခဏလေးပဲ သည်းခံမင်းတစ်ခုခုစားရလိမ့်မယ် "

သရဲမျက်ပြူးပြောသည့်အတိုင်း မကြာခင်မှာပင် ခြံတစ်ခြံ၏အိမ်ရှေ့၌ အမျိုးသမီးကြီးတစ်ယောက်က ပုဂံတစ်ချပ်ထဲမှာ ကြက်သားအသည်းအမြစ်ခေါင်းခြေထောက်အစုံချက်ထားသော ဟင်းနှင့် ထမင်းကို သာတင်းစာစက္ကူဖြန့်ခင်း၍ ပုံထည့်လိုက်သည်။

ပါးစပ်မှလည်း

" အမေရေယဉ်၏ နောက်ပါတပည့်လက်သားသရဲတစ္ဆေအပေါင်းတို့ ပွဲတော်ကျများကို မြိန်ယှက်စွာလာရောက်စားသုံးကြပါ။ ဤအိမ်ဤမိသားစုတို့အပေါ်ကျရောက်မည့်ဘေးအန္တရာယ် အပေါင်းတို့ကိုလည်း ဖယ်ရှားပေးပါ ရောက်ရာအရပ်က ကြွရောက်သုံးဆောင်ကြပါ "

" ကဲ ... မင်းအနီးနားက ခွေးတစ်ကောင်ကောင်မှာ ဝင်ပူးကပ်ပြီးစားချင်စား၊ ဒါမှမဟုတ် ဒီအတိုင်းပဲစားချင်စား မင်းရဲ့အခွင့်အရေးပဲ၊ လာငါလည်းသွားစားမယ် "

ကျွေးမွေးသူအမျိုးသမီးကြီးအိမ်ထဲဝင်သွားသည်နှင့် သရဲမျက်ပြူးနှင့်တကွ လမ်းထဲမှာရှိသော သရဲအချို့ပါ ဝင်ရောက်



www.burmeseclassic.com

www.burmeseclassic.com



စားသောက်နေလေတော့သည်။

* * *

“ ဟား . . . ဟား . . . ဟား မင်းတို့အိမ်သားတွေ ငါ့ဘယ်သူဆိုတာ သိပြီမဟုတ်လား . . . ငါ့ကို အမဲသားဟင်း ချက်ကျွေးရမယ် တစ်ပိဿာထက်မနည်းရဘူး ”

“ အမဲသားဟင်းက ညဘက်ရဖို့မလွယ်ပါဘူး၊ ကြက် သားဟင်းနဲ့ ကျွေးပါရစေ ”

“ မရဘူး အမဲသားဟင်းပဲစားချင်တယ် ”

“ စားပြီးဘယ်သူ့ကိုမှ အန္တရာယ်မပြုဘူးဆိုရင် ကျွေး ပါ့မယ် ”

“ ကျွေးလေ . . . ငါစားပြီးတာနဲ့ ထွက်သွားမယ် မိုးမှောင်လာသည်နှင့် မြို့လေး၏အစွန်ရပ်ကွက်အတွင်း တ အိမ်ပြီးတစ်အိမ်ရှိလူတစ်ယောက်ကို ဝင်ရောက်ပူးကပ်က အစာတောင်းစားနေသော သရဲကြီးလည်း ယနေ့ညမှောင်လ သည်နှင့် ဝင်ရောက်ပူးကပ်ခြောက်လှန့်ကာ အမဲသားဟ တောင်းစားနေတော့သည်။

အချို့အိမ်များက သရဲကြီးတောင်းဆိုသော အမဲသ





ဟင်းကို ထမင်းဟင်းရောင်းသောဆိုင်များမှာ အပြေးအလွှား လျှောက်ဝယ်ပြီး ကျေနပ်အောင်ကျွေးမွေးလိုက်မှ ပူးကပ်ရာက ပြန်ထွက်သွားသည်။

အချို့အိမ်က သရဲကြီးစားချင်သလောက်ဟင်းဝယ်ရာ မရသဖြင့် နှစ်ဆိုင်သုံးဆိုင်ပေါင်းဝယ်ပြီးမှ ကျွေးကြရသည်။

ယခု ဦးမြင့်သိန်း၏ အိမ်မှာ ညခုနစ်နာရီထိုးပြီးသည်နှင့် ဦးမြင့်သိန်းသမီးအကြီးခန္ဓာကိုယ်မှာ ဝင်ရောက်ပူးကပ်ကာ အမဲသားဟင်းကို တစ်ပိဿာချက်တောင်းဆိုနေလေသည်။

သူတောင်းဆိုသည့်အတိုင်း ဦးမြင့်သိန်းက သားဖြစ်သူ ကို ပိုက်ဆံပေး၍ စက်ဘီးတစ်စီးနှင့် အမဲသားဟင်းရှာဝယ်ရန် လွှတ်လိုက်သည်။

စက်ဘီးနှင့် လှည့်ပတ်ရှာဝယ်သော်လည်း အမဲသား ဟင်းတစ်ဆိုင်မှ ဝယ်မရ၊ ကံမကောင်းစွာနှင့် အိမ်ပြန်ရောက် လာသည်၊ အချိန်က ခုနစ်နာရီခွဲကျော်နေပြီ၊

သရဲကြီး စိတ်ဆိုးနေပြီဖြစ်သည်။

“ ကြက်သားဟင်းနဲ့ စားပါ၊ အခုချက်ချင်းကျွေးပါမယ်၊ နောက်ရက်မှအမဲသားဟင်းနှစ်ပိဿချက်ကျွေးပါ့မယ်၊

“ မလိုချင်ဘူး ငါဒီညပဲစားချင်တယ် ”



www.burmeseclassic.com

www.burmeseclassic.com



အိမ်သားများခေါင်းခဲသွားသည်၊ ကြောက်လန့်နေကြပြီ၊

" ဟင်း . . . ဟင် . . . ဟင်း . . . "

သရဲဝင်စီးထားသော မိန်းကလေးက မတ်တတ်ရပ်လျက် လမ်းမလျှောက်ပဲ လေထဲမှရွေ့လျားသွားကာ ဦးမြင့်သိန်းအနီးသို့ရောက်သွားသည်၊

သူ၏မျက်လုံးနှစ်လုံးက မျက်ရည်များအစားသွေးများစီးကျလာသည်၊

ပြီးမျက်လုံးနှစ်လုံးက မီးဝင်းဝင်းတောက်သလိုဖြစ်လာပြီး သူ့ရှေ့မှာရှိသော ဦးမြင့်သိန်းကို နံရံဘက်သို့ တပြည်းပြည်းတွန်းသွားသည်။

ထို့နောက်ညာဘက်လက်နှင့် ဦးမြင့်သိန်း၏လည်ပင်းကိုကိုင်ပြီး နံရံပေါ်တွန်းတင်ထားသည်။

ဦးမြင့်သိန်းကြမ်းပြင်မှ တစ်ပေခွဲခန့်မြင့်တက်နေသလိုလည်ပင်းလည်းအစ်နေသည်။

အစ် . . . အစ် . . .အစ်

" မလုပ်နဲ့ သမီး . . . အဲဒါသမီးရဲ့ အဖေလေ "

" ဟား . . . .ဟား . . . ဟား . . .ဘာသမီးလည်း"





ဦးမြင့်သိန်းမှာလည်ပင်းအစ်နေသလို၊ မျက်လုံးနှစ်လုံးပြူးကျယ်နေပြီး အသက်ရှုလည်း ကြပ်နေပြီ။

" ကျွန်မယောက်ျားကို လွှတ်ပေးပါ။ ကြက်သားနဲ့ အဝကျွေးပါ့မယ်၊ ဒီနေ့ကြက်သားနဲ့ကျွေးပြီး မနက်ဖြန်အမဲသားနဲ့ ကျွေးပါ့မယ်၊ အခုညပိုင်းအမဲသားဘယ်မှာမှ ဝယ်လို့မရလို့ပါ"

" မရဘူးဟေ့ . . . မရဘူး အခုပဲ . . . အမဲသားဟင်းစားချင်တယ်၊ အမဲသားမရရင် ဟောဒီလူရဲ့အသည်းနှလုံးကို စားပစ်မယ် "

မိန်းကလေးမှာ ဝင်ရောက်ပူးကပ်နေသောသရဲပဲလူပ်ရှားနေသည်လား၊ မိန်းကလေးကပဲ သရဲဖြစ်နေလားမသိမိခင်ဖြစ်သူ၊ မောင်ဖြစ်သူ၊ ဖခင်ဖြစ်သူတို့ ဝေခွဲမရဖြစ်နေသည်။

မိန်းကလေးပုံစံက တကယ့်သရဲမပုံစံလို မျက်ကွင်းညိုလာကာ မျက်လုံးနှစ်လုံးက မျက်ရည်အစား သွေးများတလိမ့်လိမ့်စီးကျနေသည်။ ဆံပင်က ဖါးလျားချထားသည်။

အဝတ်အစားကလည်း အိမ်မှာနေသည့်အတွက် စကတ်အရှည်ကို ဝတ်ထားသည် သရဲကားများထဲက သရဲမပုံစံမျိုးပေါက်နေသည်။

ဦးမြင့်သိန်းအသက်ရှုကြပ်နေသလိုလည်ဆစ်ရိုးများ



www.burmeseclassic.com

www.burmeseclassic.com



လည်း ပြုတ်ထွက်တော့မည်၊ သရဲက မကျေနပ်နိုင်သေး၊

ထိုအချိန်သရဲဝင်ပူးနေသော မိန်းကလေးအိမ်ရှေ့သို့ ရုတ်တရက်လှည့်ကြည့်လိုက်သည်။

လည်ပင်းကို ညှစ်ကိုင်တွန်းတင်ထားသော လက်ကို လွှတ်လိုက်သည်၊ ဦးမြင့်သိန်း ကြမ်းပြင်ပေါ် ခွေကနဲလဲကျ သွားသည်။

မိန်းကလေးက တဖြည်းဖြည်းချင်း အိမ်ဝသို့ရွေ့လျား သွားသည်။ မြေကိုတစ်ချက်မှ လှမ်းမသွားလေထဲတစ်ကွာခန့် မြင့်တက်နေဟန်ရှိသည်။

အိမ်တံခါးဝလည်း ရောက်ရော မိန်းကလေးပုံလျက် သား လဲကျသွားသည်၊ သရဲထွက်သွားပြီ။

မိခင်ဖြစ်သူက သမီးလဲနေရာသို့သွားပြီး ပွေ့ထူလိုက် သလို သားဖြစ်သူကလည်း ဦးမြင့်သိန်းအား ပွေ့ထူထားလိုက် ကြသည်။ အားလုံးသတိမေ့နေကြသဖြင့် ပြုစုပေးနေကြသည်။

အိမ်ဝမှာတော့ မဖဲဝါနှင့်အတူသရဲဗိုးနီတို့ ရပ်နေကြ သည်။ မဖဲဝါနောက်မှာ ခွေးကြီးနှစ်ကောင်ရပ်နေသည်။

သရဲကြီးနက်ကျော်လည်း မိန်းကလေးကို ပူးကပ်ရာ က ထွက်သွားပြီးလမ်းမပေါ်ရောက်သွားသည်။





" ကဲ . . . နက်ကျော်ငါနဲ့သန်းရှိုင်းကို အသာတကြည့် လိုက်ခဲ့မလား ငါ့ကို ဗိုဆန်ဦးမှာလား "

" ဟား . . . ဟား . . . ဟား ငါဘယ်သူ့အမိန့်မှ မနာခံဘူး"

" နင်က သရဲစည်းကမ်းကို ဖေါက်ဖျက်ပြီး ခြောက် လုံးလှန့်လုံးတွေနဲ့ အမဲသားဟင်းတွေ တောင်းစားနေတယ်၊"

" အဲဒီလိုလုပ်ခွင့်မရှိဘူးဆိုတာ နင်မသိဘူးလား "

" ဒီလိုမှ မဟုတ်ရင် ဘယ်လိုစားသောက်နေထိုင်ရ မလည်း စည်းမျဉ်းကြီးအတိုင်းနေရင်၊ မစားရတစ်ချက် စားရတစ်ချက်နဲ့ မနေနိုင်လို့ပါ "

" ဒီလိုပဲ . . . တစ်လောကလုံးရှိတဲ့သရဲတွေ သူတို့ ရဲ့ ကံအကျိုးပေးအတိုင်း နေကြတာပဲ . . . ဒီမှ လောကကြီးထဲ မှာ နေလို့ရမှပေါ့ "

" သွားစမ်းပါ . . . ကျုပ်တော့ အငတ်မခံနိုင်ဘူး ဘယ်သူ့စကားမှ နားမထောင်နိုင်ဘူး ကျုပ်ကို ကန့်ကွက်တဲ့ သရဲတစ္ဆေမှန်သမျှ ကျုပ်ရဲ့ ရန်သူပဲ "

" မင်းက ဒီလိုလား "

" ဟိုကောင်က ခင်ဗျားကို သွားပြီး ချွန်တွန်းလုပ်တာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ဟုတ်လား ”

“ ချွန်တွန်းလုပ်တာမဟုတ်ဘူး၊ အမှန်တွေလာပြောတာ သူပြောလို့လည်း ငါသိရတာ . . . ဒါကြောင့် အချိန်မီငါလာပြီး ဆုံးမတာပဲ နက်ကျော် ”

“ ဟား . . . ဟား . . . . ဟား စမ်းကြည့်လိုက်လေ”

သရဲနက်ကျော်က ခန္ဓာကိုယ်အားကိုးနှင့် မဖဲဝါထံပြေးဝင်သွားသည်။

မဖဲဝါကလည်း လျှင်မြန်လှသည်။

သရဲနက်ကျော်ပြေးဝင်လာကတည်းက လှစ်ကနဲရှောင်ထွက်လိုက်သည်။

သရဲနက်ကျော်အရှိန်လွန်သွားသည်။

သရဲနက်ကျော်လျှင်မြန်စွာ လက်ပြန်တစ်ချက်လှမ်းရိုက်လိုက်သည်။

“ ဝုစ် ”

မဖဲဝါက ကြိုတင်သိနေသည့်အလား ငုံ့ရှောင်ပြီး အားကုန်အောက်ကနေ ပင့်ရိုက်ထည့်လိုက်သည်။

သရဲနက်ကျော်နောက်သို့ လွင့်ထွက်သွားသည်။

သရဲနက်ကျော်က လက်မလျှော့၊ မဖဲဝါကို လုံးဝမမှု





သည့်အလား အစွမ်းကုန်အားသွင်းပြီး ရိုက်လိုက်သည်၊ မဖဲဝါကလည်း လက်ဝါးကြီးနှင့် နက်ကျော်၏ ရိုက်ချက်ကို တုန့်ပြန်ရိုက်ထည့်လိုက်သည်။

လက်ဝါးနှစ်ခု ရိုက်မိသောနေရာက မီးများပင် ပွင့်ထွက်သွားသည်။

သရဲနက်ကျော်မည်ကဲ့သို့ ဖြစ်သွားသည်မသိ၊ တစ်ကိုယ်လုံးတုန်ယင်သွားပြီး

“ အား . . . ” “ အီး . . . ” “ အူး . . . ”

ကြောက်စရာအသံကြီးနှင့် အော်ဟစ်နေတော့သည်၊ ထို့နောက်သရဲနက်ကျော်လည်း တဖြည်းဖြည်း ဒူးထောက်ထိုင်ကျသွားတော့သည်။

ထိုအခါ မဖဲဝါက လက်ဝါးကြီးကိုဖြန့်ပြီး သရဲနက်ကျော်၏ ရင်ဘတ်ကို ပင့်ရိုက်တင်လိုက်သည်။

သရဲနက်ကျော် ဒူးထောက်အကျ မဖဲဝါ၏ ပွဲသိမ်းရိုက်ချက်ကိုခံလိုက်ရကာ နောက်သို့ဆယ်ပေခန့်လွင့် ထွက်သွားပြီး မလှုပ်မယှက်ပက်လက်လန်နေတော့သည်။

အား . . . ဝူး . . . ဝူး

မဖဲဝါကြီး အေါသမွန်စွာ ထအော်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ဒေါသပြေပျောက်သွားဟန်နှင့် ငြိမ်ကျသွားသည်။

အခြေအနေစောင့်ကြည့်နေသော ခွေးကြီးနှစ်ကောင်လည်း ပက်လက်အနေအထားနှင့် လဲနေသော နက်ကျော်ထံ ပြေးဝင်သွားပြီးစိတ်ကြိုက်ကိုက်ခဲ့နေတော့သည်။

ဂီး . . . ဂီး . . . ဂီး

ခွီး . . . ဝူး . . . ခွီး

အားရပါးရ လိုမ့်ကိုက်ပြီးသည်နှင့် မလှုပ်ရှားနိုင်တော့သည့် သရဲကြီးနက်ကျော်အား မဖဲဝါ၏ အကြီးဆုံးခွေးနက်ကြီးက ကိုက်ချီပြီး သင်္ချိုင်းရှိရာသို့ ပြေးထွက်သွားလေတော့သည်။

" ကဲ . . . ဖိုးနီ ငါ့ကိစ္စတော့ ရှင်းပြီးပြီ "

" မင်းလည်း . . . တာဝန်ကျေအောင်ဆက်လုပ်လိုက်ဦး . . . ကဲ . . .ငါသွားတော့မယ် "

မဖဲဝါလည်း သရဲဖိုးနီအား တာဝန်ပေးအပ်ပြီး သင်္ချိုင်းရှိရာသို့ ပြန်သွားလေတော့သည်။

သရဲဖိုးနီက တာဝန်ကို ဆက်ထမ်းဆောင်ရန် ရွာအတွင်းသို့ ဝင်သွားတော့သည်။

* * * * *



# " သရဲသုံးကောင်နဲ့ သံယောဇဉ်ဝိညာဉ် "

အေးအေးတစ်ယောက်၊ အမေနှင့်အတူ အမေ့ဇာတိရွာသို့ပြန်လာခဲ့ရသည်။ (၆)တန်းအထိ မြို့မှာနေခဲ့ပြီးမှ ရွာနှင့်အနီးမှာရှိသော မြို့လေးက အလယ်တန်းကျောင်းမှာ ကျောင်းနေရဦးမည်။

ရွာမှာနေရမည်မှာ လုံးဝပျော်စရာမရှိ အမေ့ကို ကန့်ကွက်သည်။

အမေက လက်မခံ၊ မြို့က တိုက်ခန်းကိုပြန်ရောင်းခဲ့သည်၊ အရောင်းအဝယ်ငွေချေပြီးတာနဲ့ အဖိုးအဖွားများရှိသော အမေ့တို့ရွာသို့ ပြန်ပြောင်းလာခဲ့သည်။

အမေက မြို့ပေါ်မှာ ရုံးစာရေးလုပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုရွာမှာနေပြီး ရွာနှင့်မဝေးသော မြို့မှာ ပြောင်းရွှေ့ လုပ်ကိုင်ခွင့်လျှောက်ထားခဲ့ရာ၊ ပြောင်းရွှေ့ခွင့်ကျသည်နှင့် တိုက် ခန်းရောင်းပြီး ပြန်လာခြင်းဖြစ်သည်။

အဘွားတို့ခြံနှင့်အိမ်က အတော်လေးကျယ်သည်။

အဘိုးနှင့်အဘွားမှာ အမေ့အထက်သားတစ်ယောက်ရှိသည်။

အထက်အညာမြို့တစ်မြို့မှာ အရာရှိဖြစ်နေသည်ဟု အေးအေးသိရသည်။

ဒုစက်ရုံမှူး လူပျိုဖြစ်သည့်အတွက် မိဘနှစ်ပါးကို ထောက်ပံ့ခဲ့သည်။

အေးအေးတို့ ရွာရောက်သွားတော့ တောပေမယ့် အဘိုးအဘွားတို့အိမ်က ခေတ်မီအသုံးအဆောင်များနှင့် စီးပွား ရေးမဆိုးကြောင်း သိလိုက်သည်။

အမေလည်း အဖေဆုံးသွားပြီးကတည်းက မြို့မှာ မနေ ချင်တော့ဟုဆိုလာသည်။

အဖေ့ကို သိပ်ချစ်သောအမေ၊ အဖေမရှိတော့သဖြင့် အဖေဆုံးသွားသောအရပ်မှာ အလွမ်းရိပ်ဖွဲ့ ပြီးနေချင်ပုံမရ၊ အတိတ်ကို မေ့ပစ်လို့ရအောင် အဝေးကို သွားချင်ပုံရသည်။

အေးအေးကတော့ မူလတန်းမှသည် အလယ်တန်း





အထိ သူငယ်ချင်းများနှင့် ကျောင်းသွားရသည်ကို ပျော်သည်။

သူငယ်ချင်းများကို ထားရစ်ခဲ့ပြီးမှ မိတ်ဆွေအသစ်များ နှင့် လာမနေချင်၊

အေးအေးတို့သားအမိမှာ အဝတ်အစားသေတ္တာသုံး လုံးသာပါသည်။ ကျန်သော အိမ်ထောင်ပရိဘောဂများ အား လုံးရောင်းချခဲ့သည်။

အမေက ပိုက်ဆံပဲ ယူခဲ့သည်။

အမေ့မှာ ရင်ကျပ်ရောဂါအခံရှိသည်။

အမေက ရောဂါရှိပေမယ့် ကြိတ်ခံသည်။

ဝေဒနာခံစားရသည်ကို အပြင်ကို ထုတ်မပြ၊

ထို့ကြောင့်လည်း အမေ့ရောဂါ မည်ကဲ့သို့ ရှိသည်ကို အေးအေးတစ်ယောက် အပြင်ပန်းအနေနဲ့ အကဲခတ်မရ၊

ရွာအဝင်လမ်းထိပ်မှာ ကားဆိုက်တော့ အေးအေးတို့ သားအမိကားပေါ်က ဆင်းလိုက်ကြသည်။

ရွာကိုရောက်ဖို့ တစ်မိုင်ခန့်သွားရဦးမည်ဟု ဆိုသည်။ ရွာကိုမရောက်ခင် လမ်းမှာ ချောင်းကျယ်ကြီးရှိနေသည်။ ထိုချောင်းက ပေတစ်ရာ့ငါးဆယ်ခန့်ကျယ်သည်၊ ထိုလမ်းနှင့် ချောင်းပေါ်ဖြတ်ဆောက်ထားသော တံတားက ကားသွား၍မရ၊



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်နှင့် စက်ဘီးသာ သွား၍ရသည်။

ထိုချောင်းက မိုးတွင်းအခါဆိုလျှင် ရေပြင်ကျယ်ကြီး ဖြစ်နေပြီး နွေအခါရေလုံးဝမရှိ၊ သဲပြင်အတိဖြစ်သည်။

မြို့နှင့် ရွာက သုံးမိုင်နီးပါးကွာဝေးသည်။ ရွာကရုံးတက်သူများ ကျောင်းသွားသူများ စက်ဘီးသို့မဟုတ် ဆိုင်ကယ်စီး၍ သွားလာကြရသည်။

ယခု သူတို့သားအမိ ဆိုင်ကယ်ကယ်ရိရသဖြင့် ဆိုင်ကယ်သုံးစီးနှင့် ရွာသို့ ပြန်ခဲ့သည်။

လူနှစ်ယောက် သေတ္တာသုံးလုံးဖြစ်သဖြင့် ဆိုင်ကယ်တစ်စီးအပိုခေါ်ခဲ့ရသည်။

အေးအေးက စိတ်ကောက်ပြီး အမေ့ကိုစကားမပြောပဲနေခဲ့သည်။

သူငယ်ချင်းတွေနဲ့ ခွဲခွါရ၍ တစ်ခါ၊ ကားသံတဝီဝီနှင့် စိတ်သွားတိုင်းကိုယ်ပါသော မြို့ကြီးကို စွန့်ခွါပြီး ကားဟူ၍ တစ်စီးမှ မရှိ၊ ဆိုင်ကယ်နှင့်စက်ဘီးသာရှိသော ရွာသို့ပြန်လာ၍ စကားမပြောပဲ စိတ်ကောက်လာခြင်းဖြစ်သည်။

ထိုနေ့ရွာရောက်တော့ အဘိုးအဘွားတို့က အေးအေးတို့သားအမိအား ပျူငှာစွာကြိုဆိုကြပါသည်။





“ ဟဲ့ မိမိုး . . . ဒါနင့်သမီး ဇါတို့မြေးဟုတ်လား”

“ ဟုတ်တယ်လေ . . .သမီးတို့ ရွာကိုလာလည်တုံးက သူသုံးနှစ်ပဲရှိသေးတာ အခုသူဆယ့်တစ်နှစ်ရှိပြီ ”

“ အရပ်က ညည်းလိုပဲ . . .ပိန်ပိန်ပါးပါးနဲ့ ရှည်မှာ”

“ ပိုးဖြူလို့ ခေါ်သေးလား ”

“ မခေါ်တော့ဘူးအမေ . . . ကျောင်းနာမည်အေးအေးသက်ကို အေးအေးလို့ပဲခေါ်ကြတယ် ”

“ အင်း . . . ငယ်ငယ်က ဖြူဖြူဖွေးဖွေးသေးသေးလေးမို့ ပိုးဖြူလေးပဲ နှုတ်ကျိုးနေတယ်”

“ အမေတို့ အဖေတို့ ခေါ်ချင်သလိုခေါ်ပါ ”

“ ညည်းရောဂါ အခြေအနေဘယ်လိုလည်း ”

“ ဆေးစားဆေးသောက်ရှုဆေးဆောင်ထားရတာပေါ့အမေ ”

“ အဖေအခုပဲတွေ့လိုက်တယ်၊ ဘယ်ရောက်သွားပြီလည်း ”

“ မြို့ထဲထွက်သွားမှာပေါ့။ ညည်းတို့စားဖို့အသီးအနှံတွေသွားရှူးတာဖြစ်လိမ့်မယ် ”

“ ကဲ . . .ဟိုဘက်တစ်ခန်းလုံးညည်းတို့သားအမိ



www.burmeseclassic.com

www.burmeseclassic.com



နေကြ၊ အဲဒီအခန်းမှာ အပေါ်ထပ်၊ အထပ်ခိုးကိုတက်တဲ့ လှေခါးရှိတယ်။ မလိုအပ်တဲ့ပစ္စည်း အသုံးနည်းတဲ့ပစ္စည်းတွေကို အထပ်ခိုးပေါ်တင်ထားပေါ့ ”

“ လူနေ့ပို့တော့မရဘူး ”

“ သမီးတို့မှာ ဘာမှ များများစားစားမပါပါဘူးလိုအပ်တာ ဒီမှာဝယ်ထည့်ရမှာပဲ ”

သို့ဖြင့် သူတို့နေမည့်အခန်းသို့ ဝင်လာခဲ့သည်။

အေးအေးလည်း နောက်ကလိုက်လာခဲ့သည်။

အမေ့ကို အေးအေးစကားမပြောဖြစ်သေး

အမေက အေးအေးအားတစ်ခွန်းမေးမှ တစ်ခွန်းဖြေသည်။

အေးအေးတို့သားအမိနောက်က အဘွားကလိုက်လာခဲ့သည်။ အိမ်ပေါ်မှာ အဝတ်အစားထည့်သော ကျွန်းဘီဒိုတစ်လုံးနှင့် ကျွန်းမှန်တင်ခုံတစ်လုံးရှိနေသည်။

“ မိမိုးအပျိုဟုန်းက အသုံးပြုခဲ့တဲ့ မှန်တင်ခုံကို ဒီကိုပို့ထားပေးတာ ”

“ ကဲသမီး ဒီဘူးခွံအလွတ်တွေကို လွှင့်မပစ်နဲ့ ထည့်စရာရှိတာထည့်ရအောင် အပေါ်အထပ်ခိုးမှာ သွားတင်ထား





လိုက်”

အေးအေးမကြားချင်ယောင်ဆောင်နေလိုက်သည်။

အမေနဲ့ အဘွားတို့စကားထိုင်ပြောနေကြသည့်အချိန် အေးအေးအိမ်နောက်ဖက်တံခါးဖွင့်ပြီး အောက်ဆင်းလာခဲ့သည်။

စိမ်းစိမ်းစိုစိုရှိနေသော ခြံကြီးကိုကြည့်ပြီး အေးအေး စိတ်ထဲပျော်ရွှင်သလိုပင်ဖြစ်လာခဲ့တော့သည်။

* * *

အမေ သည်နေ့အိမ်မှာမရှိ၊ အလုပ်လုပ်ရမည့် ရုံးသို့ သွား၍ ဆက်သွယ်သည်။

နောက်နေ့ဆိုလျှင် ပုံမှန်ရုံးဆင်းရတော့မည်ဖြစ်သည်။ အေးအေးတစ်ယောက်တည်းအိမ်မှာကျန်ခဲ့သည်။ မနက်စောစောထမင်းဟင်းချက်ပြုတ်သွားသည့်အတွက် စားသောက်ရေးအတွက်မပူရ၊

အေးအေးထိုင်နေရာမှ ပျင်းလာသဖြင့် မျက်လုံးကဟိုဟိုသည်သည်ကြည့်လိုက်မိသည်။

အထပ်ခိုးပေါ်တင်ခိုင်းထားသော စက္ကူပုံးအလွတ်တို့ကို တွေ့လိုက်သဖြင့် အထပ်ခိုးပေါ်တက်ကြည့်ရန် စိတ်ကူးမိပြီး



www.burmeseclassic.com

www.burmeseclassic.com



စက္ကူပုံးအလွတ်တစ်ခုကို မသယ်လာခဲ့သည်။

အပေါ်ထပ်သို့ လှေခါးမှ မရဲတရဲတက်လာခဲ့သည်။ အထပ်ခိုးအခန်းကို တံခါးပိတ်ထားသဖြင့် တွန်း၍ဖွင့်လိုက်သည်။

အထပ်ခိုးကမှောင်၍မနေ၊ အလင်းရောင်ရအောင်လုပ်ထားသည်။ အပေါ်ထပ်အခန်းကို အဘိုးနှင့်အဘွားတို့က သန့်ရှင်းပေးနေသည်ထင်သည်။

ဖုံဟူ၍လုံးဝမရှိ၊ အပေါ်ထပ်မှာလည်း ပစ္စည်းများများစားစားမရှိ၊ ပစ္စည်းနည်း၍ ကျယ်ကျယ်ဝန်းဝန်းရှိနေသည်။

အခန်းအလယ်မှာ ထိုင်ခုံမရှိပဲ စားပွဲတစ်လုံးရှိနေသည်။ စားပွဲပေါ်မှာ ယွန်းသေတ္တာလေးတစ်လုံးကို တွေ့လိုက်သည်။ စိတ်ဝင်စားသွားကာ အနားသွားပြီး သေတ္တာလေးကို ဖွင့်ကြည့်လိုက်သည်။

" ဟင် . . . စာအုပ်တစ်အုပ်ပါလား "

အေးအေးလည်း စိတ်ဝင်စားသွားပြီး စာအုပ်ကို လှောကြည့်လိုက်သည်။

" အို . . . သရဲဇာတ်လမ်းကာတွန်းဆွဲထားတဲ့ အုပ်ပါလား "





အေးအေးစာအုပ်ကို ပေါင်ပေါ်တင်ပြီး စိတ်ဝင်စားစွာ ထိုင်ကြည့်နေသည် စာအုပ်ထဲမှာ သရဲသုံးကောင်ကိုဇာတ်လမ်းဆင်၍ ရေးထားသည်။

သရဲဝ,ဝကြီး ပါးစပ်ပြဲပြဲအစွယ်လေးချောင်းက ပြူးပြူး နောက်သရဲတစ်ကောင်က ပိန်ရှည်ရှည်ငါးပါးစပ်လို စုတ်ချွန်းချွန်ပုံဖြစ်သည်။

နောက်တစ်ကောင်က လျှာက တစ်လစ်၊ ရှည်လိုက်တဲ့လျှာ နှစ်ပေသာသာလောက်ရှိတဲ့ အရုပ်လေးမှာ လျှာက တစ်ပေနီးပါးရှည်သည်။

သရဲသုံးကောင်က ကြောက်စရာမကောင်းပဲ၊ ရီစရာပင်ကောင်းသည်ဟု အေးအေးထင်လိုက်မိသည်။ သူသရဲစာအုပ်ကို စိတ်ဝင်တစားထိုင်ဖတ်နေစဉ်

" ဗိုက်ဆာလိုက်တာကွာ "

" ဟင် "

အေးအေးနားထဲမှာ မပီမသအသံတစ်သံကြားလိုက်သည်။

" မီးဖိုထဲမှာရှိမှာပဲ သွားရှာကြမယ် "

" ဟို "



www.burmeseclassic.com

www.burmeseclassic.com



သူ့အနီးက အသံတစ်သံကြားလိုက်ရပြန်သည်။

“ အိမ်ရှင်တို့ ”

အေးအေးလည်း အိမ်ရှေ့က ခေါ်သံကြား၍ အထပ်ခိုးပေါ်က အပြေးဆင်းလာခဲ့သည်။

“ လာပြီ . . . လာပြီ ”

“ ဒီမှာ ကလေးမရဲ့ အမေမှာထားတဲ့ ထမင်းစားခုံနဲ့ ပုဂံစင်လာပို့တာ . . . သမီးအမေရုံးသွားပြီလား ”

“ ဟုတ်ကဲ့ ဦး ”

“ ဒီလှေခါးနားမှာပဲ ထားခဲ့မယ် ”

“ ဟုတ်ကဲ့ ”

“ ကဲ . . . ဦးပြန်မယ် . . . ”

ပုဂံစင်လာပို့သော ဦးလေးကြီးဆိုက်ကားစီးပြီး ပြန်သွားပြီဖြစ်သည်။

အေးအေးအိမ်ထဲပြန်ဝင်ခဲ့သည်။ အထပ်ခိုးပေါ်မှာရှိစဉ်ကကြားလိုက်ရသောအသံတစ်သံကြောင့် မီးဖိုခန်းထဲဝင်လာသည်။

“ ဗိုက်ဆာလိုက်တာကွာ ”

“ မီးဖိုထဲမှာ တစ်ခုခုရှိမှာပဲ ”





ဟု၍ အသံနှစ်သံကြားလိုက်သည်၊ မီးဖိုထဲမှာ ဘာထူးခြားမလည်း ရှာကြည့်သည်။

ထမင်းအိုးက အမေခူးခပ်သွားသည့်အတိုင်းရှိနေသည်။

“ ဟင် မရှိတော့ဘူး ”

ကြောင်အိမ်ရှေ့က အိုးခွက်ပုဂံတင်မည်ဟု ရည်ရွယ်ထားသော စားပွဲပေါ်မှာ အမေပုတင်းဖုံးလေးဖုံးတင်ထားခဲ့သည်။

“ မဝသေးဘူးကွ၊ ထမင်းအိုးထဲ လှန်ကြည့်ဦးမယ်”

“ ဟင် ”

အေးအေး၏ အနားကအသံကြားလိုက်သည်။

သို့ကြောင့် မီးဖိုခန်းမှ အပြင်ပြေးထွက်ခဲ့ပြီး အထပ်ခိုးပေါ်လှမ်းကြည့်လိုက်သည်။

“ ဟင် . . . ဇီတံခါးမပိတ်ခဲ့ပါဘူး ဒီအတိုင်းပြေးဆင်းခဲ့တာ အခုတံခါးပိတ်ထားတယ် ”

သူ့အဘိုးနှင့် အဘွားတို့က ခြံဝိုင်းထဲမှာ အိမ်တစ်လုံးနှင့်နေသည်၊ အေးအေးတို့ကခြေရင်းဘက်က အိမ်မှာနေသည်။

“ ဂလို . . . ဂွမ်း ”

အိမ်ထဲက အိုးသံခွက်သံလွတ်ကျသံများ ကြားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသဖြင့် အေးအေးအိမ်ထဲပြန်မဝင်ရဲတော့ပဲ . . . အိမ်ပြင်သို့ ထိတ်လန့်ပြီး . . . ထွက်ပြေးလေတော့သည်။

အမေနေ့ခင်းပြန်လာမည်ဖြစ်၍ အမေပြန်လာမည့် ရွာ အဝင်ချောင်းထိပ်သို့ အပြေးအလွှားထွက်လာခဲ့သည်။

ရွာအဝင်ချောင်းထိပ်မှာ လှေစီးမည့်သူများ၊ ဆိုင်ကယ် ကယ်ရီသမားများနားနေခိုနားရန်၊ နားနေတဲတစ်လုံးသစ်သား နှင့်အခိုင်အမာဆောက်ထားသဖြင့် ထိုတဲအတွင်း လွတ်နေသော နေရာတစ်ခုမှာဝင်ထိုင်နေလိုက်သည်။

ထိုတဲမှာထိုင်၍ အမေပြန်လာသည်အထိထိုင်စောင့်ရန် အေးအေးစိတ်ဆုံးဖြတ်လိုက်သည်။

တဲမှာ ခရီးသွားများ၊ လှေသမားများ၊ ဆိုင်ကယ်ကယ် ရီသမားတို့ဖြင့် လူမပြတ်ရှိနေပါသည်။

အမေပြန်လာနိုင်မည့်အချိန်ဆိုလျှင် တစ်နာရီကျော်မှ တော့ ထိုင်စောင့်ရဦးမည်၊

သည်နေရာမှာထိုင်စောင့်ရခြင်းက အကြောင်းမဟုတ် ချောင်းထဲမှာ လှေလေးများလှော်ခတ်သွားလာနေသည်ကို ကြည့်ရင်းအချိန်ဖြုန်း၍ရသည်၊

သရဲတွေရှိသော အိမ်ထဲမှာတော့ ဘယ်လိုမှ မနေဝံ့





စဉ်းစားမိလေ အေးအေးအမေ့ကို စိတ်ဆိုးမိလေဖြစ်သည်။

ကျောင်းမတက်ရသေးသော အေးအေးတစ်ယောက် နေ့စဉ်အိမ်မှာတစ်ယောက်တည်းကျန်ခဲ့ပေလိမ့်မည်၊ ရှေ့ လျှောက်သရဲတွေနှင့် ဘယ်ကဲ့သို့နေရမည်၊ မစဉ်းစားတတ် တော့။

ဒီအိမ်က အမြန်ပြောင်းရန်သာ အမေ့ကိုပူဆာ အရေး ဆိုမည်ဟု ဆုံးဖြတ်ထားလိုက်သည်။

နေ့တစ်နာရီခွဲခန့်အမေပြန်လာသည်ကို အေးအေးတွေ့ လိုက်သည်။

ဆိုင်ကယ်ကယ်ရီပေါ်မှ အမေက အေးအေးကိုမြင်သွား သည်။

ဆိုင်ကယ်ပေါ်က ဆင်းလာပြီး အေးအေးအား

" အိမ်မှာမနေပဲ ဒီမှာ ဘာလာလုပ်နေတာလည်း "

အိမ်မှာ မနေရဲလို့ "

" အဘိုးအဘွားတွေလည်း ရှိရက်နဲ့ "

" သူတို့အိမ်နဲ့ သူတို့ပဲ သမီးတို့အိမ်မှာ သရဲရှိတယ်"

" မရှိပါဘူး "

" ရှိပါတယ်ဆို . . . သရဲခြောက်လို့ ပြေးလာတာ"



www.burmeseclassic.com

www.burmeseclassic.com



" မဟုတ်ကဟုတ်ကတွေလျှောက်ပြောနေတယ် လာ အိမ်ပြန်ကြမယ် "

အမေ့နောက်မှ အေးအေးကပ်လိုက်ခဲ့သည်။

ခြံထဲ ဝင်လာစဉ် အိမ်တံခါးဟောင်းလောင်းပွင့်နေသည်ကို အမေကမြင်သွားသည်။

" ဟင် . . . အိမ်တံခါးတွေ မပိတ်ပဲလျှောက်သွားနေတယ်"

" ကြောက်လို့ ပြေးထွက်ခဲ့ပါတယ်ဆိုမှ . . . "

" ပိတ်ချိန်ကို မရလိုက်ဘူး "

" နောက်ကို ဘယ်သွားသွား . . . တံခါးပိတ်သွား၊ ခြံထဲမှာက အဘိုးနဲ့ အဘွားတို့ပဲရှိတာ၊ တစ်အိပ်စီနေကြတာ ဆိုတော့ တံခါးမပိတ်လို့မဖြစ်ဘူးသိလား "

" လာဝင်ခဲ့ . . .ဇါတစ်ယောက်လုံးပါပါတယ်၊ တံခါး ဝမှာ ပေကပ်ကပ်လုပ်မနေနဲ့ "

" မဝင်ရဲဘူး . . . အမေအိမ်ထဲအရင်ဝင်ကြည့် "

" တောက် . . . ဒီကောင်မလေး . . . ဘာဖြစ်နေမှန်း ကို မသိဘူး . . .ဇါခေါ်လိုက်ရ "

ထိုအချိန်အေးအေးတံခါးနားကပ်ပြီးပြီ အိမ်ထဲကို





ချောင်းကြည့်နေသည်၊ ထိုစဉ်မှာပဲ သူစကတ်တိုတို ဝတ်ထားသဖြင့် အေးအေး၏ပေါင်ကို အေးစက်စက်တစ်ခုထိ တွေ့သလို ခံစားလိုက်ရသည်။ တွန့်လိန်ကောက်၍ထိတ်လန့်သည်ပုံစံဖြင့် မျက်လုံးကြီးပြူးလျက် ထအော်ပါသည်။

" အမေ . . . အမေ . . . သရဲ . . . သရဲ "

" ဟဲ့ . . . အဲဒါဘာဖြစ်နေတာလည်း "

" အေး . . . အေး . . .စက်စက်ကြီး "

" သမီး . . . သမီးရဲ့ ပေါင်ကို အေးစက်စက်ကြီး ထိသွားတယ် "

" ဒီကောင်မလေး . . . ဘာဖြစ်မှန်းကိုမသိဘူး "

အေးအေးမိခင်က အနီးသို့ ရောက်လာပြီး ပတ်ဝန်းကျင်ကို ကြည့်သည်။

" ဟဲ့ ဇါဘာမှမတွေ့ဘူး လာအထဲဝင် "

အေးအေးလက်ကို ဆွဲပြီးအတွဲသွင်းမှ တဆတ်ဆတ် တုန်ရင်းအိမ်ပေါ်ရောက်လာခဲ့သည်။

သူတို့မမြင်ရသော ပုပုလေးက တစ်ထွာခန့်ရှည်သော လျှာကြီးကို ထုတ်ပြီး စကတ်တိုတိုအောက်ပေါင်သားကို လျှာနှင့် လှမ်း၍လျက်လိုက်ခြင်းကြောင့် အေးအေးစက်စက်အသိဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ခံစားလိုက်ရခြင်းဖြစ်သည်။

ထိုအကောင်လေးက အေးအေးနောက်က ကပ်ပါလာခဲ့သည်။

ဒုတိယအကြိမ် လျှာနှင့် လျက်လိုက်ပြန်သည်။

" အမေ့ . . .လုပ် . . . လုပ်ပါဦး "

" ဟဲ့ . . . ကလေး . . . ဘာဖြစ်နေပြန်တာလည်း"

" အ . . . အကောင်ကြီး . . . ဒီနားမှာရှိ . . .နေတယ် "

" ဒီကောင်မလေး . . . ဘာဖြစ်နေမှန်းမသိဘူး . . လာခဲ့ . . . ဘာမှမရှိဘူး "

အေးအေး၏မိခင်မမိုးမြင့်က အိမ်အတွင်းဝင်ပြီး မီးဖိုခန်းသို့ လှောက်ကြည့်လိုက်သည်။

" ဟဲ့ . . . ပူတင်းလေးဖူးလုံးစားပစ်လိုက်ပြီလား"

" သမီးတစ်ဖူးပဲစားတယ် . . .သုံးဖူးက ဘယ်သူစားသွားမှန်းမသိဘူး "

" ဘယ်သူ့ကို လိုက်လွှဲချနေတာလည်း . . . စား, စားတယ်ပေါ့ "

" ဒီသုံးဖူးလုံး သမီးဘယ်လိုစားလို့ ကုန်မှာလည်း"





" ကဲ ခဏနေရင် ထမင်းစားမယ် . . . ရေကတော့ ...နေမှပဲချိုးတော့မယ် . . . အမေသိမ်းသွားတဲ့ဟင်းပုဂံတွေ ...မင်းထားပွဲပေါ်လာချ . . . ညည်းရော စားပြီးပြီလား "

" သမီး မစားရသေးဘူး "

" ကဲ ဒါဆို . . .အတူတူစားမယ် . . . ထမင်းတွေ ...ဟင်းတွေ ခူးခပ်ချထား . . . "

" ဟဲ့ နေပါဦး . . . ဒီထမင်းစား, စားပွဲနဲ့ ဟိုကြောင် ...အိမ်ကအံသစ်တွေပဲ ဒီဆိုင်က သွားဝယ်ပြီးပို့ခိုင်းလိုက်တာ၊ အိမ် ...ကိုလာပို့သွားတာလား "

" မနက်က လာပို့ပေးသွားတယ် . . . လှေခါးဝမှာ ...ပေးသွားတယ် . . . အခု အိမ်ပေါ်ရောက်နေတယ် "

" သမီးရဲ့ အဘိုးနဲ့ အဘွားလာတင်သွားတာလား"

" နောက်မှ မေးကြည့်မယ် "

" ဟင် . . . ဟောတော့ "

" ဘာဖြစ်ပြန်ပြီလည်း "

" ဟင်းတွေမရှိတော့ဘူး . . . ထမင်းလည်းနည်း ...ည်းပဲ ကျန်တော့တယ် "

" အင်း . . . ဘယ်လိုတွေဖြစ်နေပါလိမ့် "



www.burmeseclassic.com

www.burmeseclassic.com



အသက် (၃၂) နှစ်သာရှိသေးသော မမိုးမြင့်ခေါင်းရှုပ်သွားသည်။

အိမ်ပြင်သို့ ထွက်ပြီး

" အမေ . . . အဖေ "

" အဖေ . . . "

တစ်ဖက်အိမ်သို့ လှမ်းခေါ်နေသည်။

" ဟဲ့ . . . မိမိုးဘာဖြစ်လို့လည်း ဘယ်အချိန်ကပြန်ရောက်လည်း "

" အခုပဲ ပြန်ရောက်တယ်အမေတို့ . . . သမီးတို့အိမ်ပေါ်ကို ထမင်းစားပွဲခုံနဲ့ ကြောင်အိမ်တင်ပေးထားသေးလား"

" လာပို့တာတောင်မသိလိုက်ဘူး၊ လာပို့သွားပြီလားညည်းသမီးမနိုင်မနင်းနဲ့ တင်ထားလားမှ မသိပဲ . . .မေးကြည့်ပါလား "

" ဟုတ်ကဲ့ သမီးမေးလိုက်မယ် "

" ပိုးမြူက ဘယ်မှာလည်း "

" အိပ်ပျော်နေတယ်အမေ"

" ငါတော့ အမေ့ကိုညာလိုက်ပြီ၊ အမေဒီဘက်ကူးလာ





ရင်အခုမှ နိုးတယ်လို့ပြော ခုန်တွေကို သမီးနဲ့ လာပို့တဲ့ဦးလေးကြီးထင်တယ်လို့ပြော"

" မပြောနိုင်ပါဘူး ဒီအိမ်ကသရဲတွေတင်တာလို့ ပြောလိုက်မယ် "

" တယ်ဒီကောင်မလေး "

" ကဲ . . . စားစရာတွေလည်း မရှိတော့ဘူး ယုံပြီလားရန်ကုန်ပြန်မယ် "

" မပြန်ဘူး "

" ပြန်မယ် ဒီသရဲခြောက်တဲ့အိမ်မှာ မနေနိုင်ဘူး "

" ငါတော့ မသွားနိုင်ဘူး . . . ဖြစ်အောင်နေမယ်"

" သမီးတော့ မနေဘူးသွားမယ် "

" ညည်းဟာ ညည်းမနေချင်သွား "

" သွားမယ် "

မိခင်ကိုစကားအနိုင်လုပြောပေမယ့် အေးအေးတစ်ယောက်တည်းဘယ်ကဲ့သို့သွားဝံ့ပါမည်လည်း မိခင်က ကိုယ့်ဘက်မပါမှန်းသိတော့ အေးအေးအတိုက်အခံမလုပ်ပဲ နေလိုက်တော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ပင် အေးအေးအိမ်မှာ နှစ်ရက်ခန့်ကုန်သွားသည်၊ မေမေရုံးသွားသည်နှင့် အဘွားကိုအိမ်ခေါ်ထားသည်။

အဘွားအိမ်ပြန်တော့ နောက်ကကောက်ကောက်ပါ အောင်လိုက်သွားသည်။

အမေကတော့ ဘယ်လိုရှင်းပြရှင်းပြမယ်ဟုသာပြော သည်၊ သည်အိမ်မှာမနေချင်၍ မရှိသောသရဲရှိသည်ဟုန် လျှောက်ပြောနေသည်ဟုဆိုသည်။

အေးအေးကျောင်းမတက်ရသေး စာကော့လေ့ကျင့်ရ ရသည်။ သည်လကုန်မှ ကျောင်းပြောင်းလက်မှတ်နှင့် ကျောင်း ထားပေးမည်ဟုဆိုသည်။

သည်ရွာကကျောင်းသွားတက်သူတိုင်း စက်ဘီးနှင့် သွားကြသည်ဟုသိရသည်။ အေးအေးစက်ဘီးစီးသင်ရဦးမည် စက်ဘီးပင်မရှိသေး၊ ရွာမှာအလယ်တန်းနှင့် အထက်တန်း ကျောင်းသားလေးဆယ်ခန့်ရှိသည်ဟု အဘိုးက ပြောသည်။

ဇူလိုင်လဆန်းမှသာ ကျောင်းတက်ရတော့မည်၊ မိုးကရွာစပြုနေပြီ ရန်ကုန်မှာဖယ်ရီကားနှင့် ကျောင်းတက်ခဲ့ပြီ ရွာမှာ စက်ဘီးနင်းပြီးကျောင်းတက်ရတော့မည်။

အဘွားအိမ်မှာလည်း အချိန်ပြည့်မနေချင်၍ ညနေလေ





နာရီခန့်ရွာပြင်သို့ ထွက်ခဲ့သည်။ လမ်းရောက်မှ မိုးက ရုတ် တရက်မှောင်ကျလာကာမိုးရော လေပါပါလာသည်။ အသည်း အသန်ရွာချတော့သည်။

ရွာပြင်မရောက်ခင် အဆောက်အဦးပျက်လေးတစ်ခု တွေ့၍ မိုးဝင်ခိုလိုက်သည်၊ အိမ်လိုလည်းမကြီး ရေအိုးစင်ထက် လည်းကြီးသည်။

နတ်ကွန်းလေးလားမသိ၊ အတွင်းထဲမှာ မည်သည့်ရုပ် ထုမှ မရှိမနေ၊ ထိုနေရာမှာ ထိုင်ရင်း မိုးခိုနေလိုက်သည်။

" ဗိုက်ဆာလိုက်တာကွာ "

" ဟင် "

" ငါတို့က ကိုယ့်အစာကိုယ်ရှာစားနေရတယ် ဒုက္ခ တယ်ကြီးတာပဲ "

" ဟုတ်တယ် . . . တစ်ခုခုစားလိုက်ရရင် ကောင်း မယ်"

" ဝုန်း "

" ဒိုင်း "

" အမယ်လေး "

လှုပ်စီးလက်ပြီး မိုးချိန်းလိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လျှပ်စီးလက်သောအလင်းရောင်က အေးအေး၏တစ်ဖက်လွတ်သောနေရာမှာ ထိုင်နေကြသော ပုံပန်းမကျအကောင်သုံးကောင်ကိုတွေ့လိုက်သည်။

တမ်ကောင်က ကြီးကြီး၊ မျက်လုံးပြူးပြီး ပါးစပ်အကျယ်ကြီးနှင့် အစွယ်လေးချောင်းကလည်း ပြူးနေသည်။ တစ်ကောင်က ပါးစပ်ကျယ်ကျယ်၊ မျက်လုံးပြူးပြူး၊ အရုပ်ရှည်ရှည်ပုတ်သင်ညိုမျက်နှာမျိုးဖြစ်သည်။

သစ်သီးတွေအားရပါးရစားနေသည်။

သူ့ဘေးမှာ ကပ်ထိုင်နေသော ကောင်လေးကအကောင်သေးသေး နှစ်ပေခွဲသုံးပေနီးပါးခန့်သာရှိပြီး ခေါင်းတုံးပြောင်ပြောင်မျက်လုံးပြူးပြူးလျှာတွဲလဲနှင့် သရဲလေးဖြစ်သည်။

အေးအေးလည်း သူ့ဘေးမှာကပ်ထိုင်နေသော သရဲသုံးကောင်ကို မြင်လိုက်သဖြင့် ကြောက်လန့်ပြီး အော်ဟစ်ကာထွက်ပြေးတော့သည်။

ထိုနောက်အမေ့ကို ကြိုရန်မသွားတော့ပဲ အိမ်သို့သာပြန်ပြေးလာခဲ့သည်။ ခြံထဲရောက်တော့ အမေမရောက်သေးသည်ကိုသိလိုက်သဖြင့် အဘိုးတို့အိမ်သို့ပြေးတက်ခဲ့သည်။

“ ဟဲ့ . . . ဟဲ့ . . .ပိုးဖြူ ဆောင်းစရာမပါပဲ ဘာကြောင့်





လာခဲ့တာလည်း . . . အအေးပတ်ဦးမယ် ”

“ သမီးမိုးရေချိုးမလို့ တမင်ဆောင်းစရာမယူခဲ့တာ”

“ ကဲ . . .ဒါဆိုလည်း အကြာကြီးမနေနဲ့ ပြန်ပြီးအဝတ်အစားလဲလိုက် လာ. . .အဘွား ထီးနဲ့ လိုက်ပို့ပေးမယ် ”

ထိုစဉ် အေးအေး၏မိခင် ခြံထဲဝင်လာနေသည်ကို တွေ့လိုက်သည်။

“ မြေးလေး အိမ်ကိုပစ်ပြီးလျှောက်မသွားနဲ့ နော် အခုတစ်လောအသီးအနှံတွေခိုးခူးနေတဲ့ သူခိုးတွေရှိတယ်။ ခါတိုင်းခိုးတဲ့လူမရှိပါဘူး အခုမှ ဘယ်သူတွေလာခိုးနေမှန်းကိုမသိဘူး”

“ အေး . . . အေး ”

“ ရှင် . . . ”

အေးအေးမိုးရေထဲပြေးသွားသည်။

“ ဘယ်လျှောက်သွားနေပြန်ပြီလည်း မိုးရေတွေရွှဲစိုနေတာပဲ၊ သွားအဝတ်အစားအမြန်လဲ ခေါင်းရေသုတ်လိုက်ဦး”

အေးအေး အိမ်ထဲဝင်ပြီးအဝတ်အစားလဲလိုက်သည်။

အထပ်ခိုးပေါ်မှ အသံတစ်သံကြားလိုက်သဖြင့် တံခါးကိုဆွဲဖွင့်ပြီး ချောင်းကြည့်လိုက်သည်။

စောစောက တွေ့ခဲ့သော သရဲသုံးကောင်ဖြစ်နေသည်



www.burmeseclassic.com

www.burmeseclassic.com



ခြံတွေထဲက ခူးထားသော သစ်သီးအစိမ်းအမှည့်များကို တဂျွတ်ဂျွတ်ဝါးစားနေကြသည်။

" ဟော့ကောင်မလေးလာခဲ့ ငါတို့ မင်းကိုမကိုက်စားပါဘူး . . . ငါတို့ကို မကြောက်နဲ့ "

" သူ ငါတို့ကို မြင်လို့လား "

" မြင်လို့ ထွက်ပြေးတာပေါ့ကွ၊ ဟော့ကောင်မလေးတို့ကိုမြင်လား "

အေးအေးကြောက်လန့်ပြီး ကြက်သေသေနေစဉ် သူတို့၏ အေးဆေးသော အမူအယာများကြောင့် ကြောက်စိတ်ကို အနည်းငယ်လျော့လာသည်။

ငါတို့က ဒီပေါ်မှာနေတာ စားစရာကတော့ မင်းရဲ့ အဘိုးခြံရော ဒီပြင်ခြံတွေကပါ ခူးစားနေတာ သွားမပြောနဲ့ "

" အဘိုးက သူ့သစ်သီးတွေပျောက်လို့ စိတ်ဆိုးနေတယ်သိလား "

" လာ အပေါ်တက်ခဲ့ပါလား "

" မတက်တော့ဘူး အမေဆူမယ် "

အေးအေးက တံခါးကိုပြန်စေ့လိုက်ပြီး အောက်ကိုဆင်းခဲ့သည်။





အေးအေးအဝတ်အစားလဲပြီးပြီ၊ ခဏနေတော့ အမေ ရေချိုးအဝတ်အစားလဲပြီးပြီမို့ ညစာစားကြသည်။

တီဗွီခဏ ကြည့်ပြီး အိပ်ယာထဲဝင်ခဲ့သည်။

" အမေ့ ကို ပြောရဦးမယ် နေ့ခင်းက ဦးတင်ဝင်း တီဗွီတင်တဲ့စင်လာပို့ပေးသွားတယ်၊ အမေကလည်း လိုအပ်တာ တစ်ခါတည်းဝယ်တာမဟုတ်ဘူး "

" ဟဲ့ . . . အကုန်သတိမရဘူး လိုအပ်တယ်ထင်တာ စဉ်းစားပြီးဝယ်နေရတာ " " အခုလိုဝယ်တော့ ဦးတင်ဝင်းကြီးအိမ်ကို အခေါက်ခေါက်အခါခါလာနေရတာပေါ့ "

" သူလည်း သူ့အလုပ်နဲ့သူပါ အားတဲ့အချိန်လာပို့တာ အမေနဲ့ ဦးတင်ဝင်းတို့က ကျောင်းတုန်းက အတန်းတူသူငယ်ချင်းတွေဆို ပြီးတော့ အမေ့ကိုကြိုက်လိုက်တာ တစ်ပိုင်းကိုသေရောတဲ့"

" ဟဲ့ ညည်းကိုဒီအကြောင်းတွေ ဘယ်သူပြောတာလည်း "

" ဘယ်သူရှိမလည်း . . . အမေ့ရဲ့ အမေ . . . အဘွားပြောတာ "

" တကယ် ဟုတ်လား "



www.burmeseclassic.com

www.burmeseclassic.com



" ပေါက်ပေါက်ရှာရှာ သူနဲ့မကြိုက်လို့ ညည်းအပေနဲ့ ယူဖြစ်တာပေါ့ ကဲ . . . အိပ်မှာဖြင့် အိပ် "

" အခုမှ ရှစ်နာရီခွဲပဲ ရှိသေးတယ် "

" ညည်းမအိပ်ချင်နေ ကျုပ်တော့မနက်လေးနာရီ ထပြီး ထမင်းဟင်းချက်ရဦးမယ် "

" အမေ သရဲမကြောက်ဘူးလား "

" သရဲမှ မရှိတာ ဘာကိုကြောက်ရမှာလည်း "

ခဏနေတော့ အမေအိပ်ပျော်မပျော်မသိ၊ အေးအေး တစ်ယောက်တော့ အိပ်ပျော်သွားတော့သည်။

* * *

နောက်နေ့အမေရုံးသွားတော့ အေးအေးအဘိုးတို့အိပ် ကူးမသွားတော့၊

အထပ်ခိုးလှေခါးပေါ်တက်ပြီး တံခါးဖွင့်ချောက်ကြည့် လိုက်သည်။

" ဟော့ကောင်မလေး ချောင်းမကြည့်နဲ့ လာ "

ထို့နောက်သရဲသုံးကောင်နှင့် အေးအေးအဖွဲ့ကျသွား သည်၊ သရဲသုံးကောင်က အေးအေးတို့အဖေက လွှတ်လိုက်တာ





ဟုဆိုသည်။

အထက်ဘုံသို့ မကူးပြောင်းခင် ဝိညာဉ်ဘဝနှင့် ခဏမျှ လျှောက်သွားနေရစဉ်၊ အေးအေးတို့သားအမိကို မစောင့်ရှောက် နိုင်သည့်အတွက် သူ့ကိုယ်စားသူတို့ သုံးယောက်ကို လွှတ်လိုက် တာဟုဆိုသည်။

သူတို့သုံးကောင်က နတ်သူငယ်များဖြစ်သည်ဟုဆက် ပြောသည်။ နတ်မင်းကြီးမကြိုက်တာလုပ်မိ၍ အဆင့်ချခံထားရ ခြင်းဖြစ်သည်။ အေးအေးတို့သားအမိကို တစ်လစောင့်ရှောက် လို့ ဘာပြဿနာမှ မဖြစ်ဘူးဆိုလျှင် မူလနတ်သူငယ်ဘဝပြန်ရ မယ်ဟုလည်းရှင်းပြသည်။

" ငါရှင်းပြမယ် ဒီဝတုတ်ပါးစပ်ပြဲကြီးက မင်းအမေကို စောင့်ရှောက်ရမယ်၊ ဒီအရှည်ကြီးက မင်းကိုစောင့်ရှောက်ပေးရ မှာ၊ ငါကတော့ . . . ဟဲ . . . ဟဲ . . . "

" ဘာလဲ . . . မင်းစကားက . . . ဆုံးအောင်ပြော လေ "

" ငါကတော့ . . . သူတို့နှစ်ယောက်ကို စောင့်ရှောက် ဖို့ ထည့်လိုက်တာ "

" အံမာ ခွေးပစ်တဲ့ တုတ်လောက်လေးက ငါတို့ကို



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်မယ်မဟုတ်လား လေမကျယ်ပါနဲ့ကွာ ”

“ အလကားပေတာပါ . . . ဒါတို့သုံးယောက်က မင်းတို့သားအမိကို စောင့်ရှောက်ရမှာ ”

“ အိမ်ထဲက စားစရာတွေကို ခိုးမစားနဲ့နော် အမေက ဦးလေးကြီးတို့ကိုမမြင်ရလို့ . . .အမေသိရင် သမီးကိုပဲဆူမှာ”

“ ဒါကတော့ ကိုယ့်ကုသိုလ်နဲ့ ကိုယ်ပဲ . . .ဒို့ကခိုးစားလိုက် မင်းကအရိုက်ခံလိုက်နဲ့ ဘယ်လောက်ကောင်းလည်း”

“ အင်း . . . အတော်အားကိုးရတာပဲ . . .သမီးတို့ကို လာစောင့်ရှောက်တာမှ မဟုတ်ပဲ . . . လာပြီး ဒုက္ခပေးတာပေါ့ဟုတ်လား ”

“ အဲဒီလိုမထင်ပါနဲ့ကွာ . . . ဒါတို့မင်းအဘိုးဥယျာဉ်ခြံထဲက သစ်သီးတွေပဲ ခူးစားပါတော့မယ် ”

“ အဲဒါလည်း မကောင်းဘူး အဘိုးတို့လိုအိုကြီးအိုမတွေစိုက်တားတာ ဦးလေးတို့ရဲ့ ဗိုက်ကြီးတွေပြည့်အောင်စားပစ်ရင် အဘိုးတို့ ဒုက္ခရောက်ကုန်မှာပေါ့ ”

“ အဲဒါမှဒုက္ခပဲ ဒို့ကလည်းမစားပဲမနေနိုင်ဘူး ”

“ ကဲ . . . ဘာမှစိတ်ထဲမထားနဲ့ ဒို့ကတစ်လပဲနေမှာ အခုပဲ ရက်တော်တော်ကုန်နေပြီ၊ ဟိုခြံကနည်းနည်း ဒီခြံက





နည်းနည်းတော့ ခိုးစားခွင့်ပြုပါ ”

“ ဒါဆိုပြီးရော အဖိုးခြံကပဲ မခူးနဲ့နော်၊ အမေ့ကိုလည်း မခြောက်မလှန့်နဲ့နော် ”

“ မလှန့်ပါဘူးကွာ . . . မင်းပဲဒါတို့အသံနဲ့ရုပ်ကိုမြင်ရတာ ဘာကြောင့်မြင်ရမှန်းစဉ်းစားလို့မရဘူး ”

“ မရမှတော့ စဉ်းစားမနေနဲ့ကွ ”

သို့ဖြင့် သရဲသုံးကောင်နှင့် အေးအေးတို့အပေးအယူမျှမှုနှင့် နေလာခဲ့ကြရာ အချိန်တို့ ကုန်မှန်းမသိကုန်လွန်သွားခဲ့သည်။

ညနေပိုင်းရောက်လျှင် တစ်ခြံကျော်မှ မောင်နမက စက်ဘီးစီးသင်ပေးသည် အေးစိုးနှင့် သောင်းဝင်းတို့မောင်နမက အေးအေးကဲ့သို့ပင် အတန်းတူများဖြစ်သည်။ သူတို့ကျောင်းက ပြန်ရောက်ပြီး မကြာခင်စက်ဘီးစီးသင်ရန် လာခေါ်သည်။

ညနေပိုင်းမိုးအုံ့နေသော်လည်း မိုးမရွာသဖြင့် စက်ဘီးစီးသင်ပြီး ပြန်လာစဉ် လမ်းမှာ အမေနှင့် ဦးလေးတင်ဝင်းတို့ ပြုံးလို့ရွှင်လို့ စကားလက်ဆုံကြနေသည်။

အေးအေးအနီးရောက်လာမှမြင်ပြီး နှုတ်ဆက်၍ လမ်းခွဲလိုက်ကြသည်။ အေးအေးအမေ့နောက်မှစကားမပြောပဲလိုက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

မကြာခင်အိမ်သို့ ရောက်လာသည်။

" စက်ဘီးစီးသင်တာတော်တော်စီးတတ်ပြီလား "

" အင်း "

" ကျောင်းတက်ခါနီးရင် စက်ဘီးတစ်စီးဝယ်ပေးမယ်"

" အင်း "

" ဒီကောင်မလေးဘာဖြစ်နေတာလည်း ဇီရေချိုးတော့မယ်၊ ပြီးရင် ထမင်းစားမယ် . . . သမီးရော ရေမချိုးဘူးလား"

" မချိုးဘူး "

" စက်ဘီးစီးသင်တာ ချွေးထွက်မှာပေါ့သွား၊ အမေအဝတ်အစားလဲနေတုန်း ရေအမြန်သွားချိုးလိုက် "

အေးအေးလည်း ရေသွားချိုးလိုက်သည်၊

အမေလည်း ရေချိုးရန်ရောက်လာတော့၊ အေးအေးရေချိုးပြီး၍ အပြင်ထွက်လာခဲ့သည်။

အေးအေးအဝတ်အစားလဲပြီးသည့်အချိန် အမေရေချိုးပြီးသွားသည်၊ အမေသနပ်ခါးသွေးနေသည်။

" ဟဲ့ . . . အေးအေး မှန်တင်ခုံပေါ်မှာ မှန်မရှိတော့





ပါလား ယူသေးလား "

ထိုမှသာပြောပြီး အိမ်ရှေ့သို့ ထွက်လာခဲ့သည်၊ ထိုစဉ် အပေါ်ထပ်မှ စကားသံများကြားနေရသည့်အတွက် အထပ်ခိုးပေါ်သို့ တက်လာခဲ့သည်။

" ဟင် . . . သစ်သီးတွေ အပုံလိုက်ပါလား . . . ခြံတွေထဲလျှောက်ခိုးထားပြန်ပြီ "

အေးအေးက ပြောရင်း အပေါ်သို့ရောက်လာသည်၊ ထိုအခါ အရှည်ကောင်သရဲလက်ထဲမှ မှန်ကိုမြင်သွားသည်။

" ဟင် အမေ့မှန်ကို ခိုးထားပြန်ပြီ "

" ငါတို့ရုပ်ဘယ်လောက်လှလဲ ယူကြည့်တာ "

" ပေး . . .အဖေက အမေ့ကို လက်ကိုင်နဲ့မှန်လေး လက်ဆောင်ပေးထားတာ "

" မပေးဘူး "

" ပြန်ပေး အခု "

" မပေးဘူး "

အေးအေးက ခုန်ခုန်ပြီးလှမ်းဆွဲသည်။

အရှည်ကောင်သရဲက မှန်ကိုအေးအေးမမိအောင် လက်ကိုမြှောက်ရင် နောက်ဆုတ်နောက်ဆုတ်နှင့် လုပ်နေရာ



www.burmeseclassic.com

www.burmeseclassic.com



သခွားသီးတစ်လုံးကို နင်းမိပြီး ပက်လက်လန်လဲကျတော့သည်။

" ဝုန်း "

" ခွမ်း "

" ဟင် မှန်ကွဲသွားပြီ "

" ဟဲ့ . . . အေးအေး . . . ကောင်မလေး . . . အထပ်ခိုးပေါ် ဘာသွားလုပ်တာလည်း ဘာကျကွဲတာလည်း"

အမေက ပြောလည်းပြော အထပ်ခိုးပေါ်တက်လာသည်၊

" ဟင် ဘာတွေလည်း "

ခရမ်းသီး၊ သခွားသီး၊ ခရင်းချဉ်၊ ဖရဲသီး၊ အသီးမျိုးစုံ အစိမ်းရော အမှည့်ရောအပုံလိုက်တွေ့သည်။

အေးအေး၏လက်အနီးမှာ မှန်ပိုင်းလေးကွဲနေသည်ကို တွေ့လိုက်သည်။

" သမီး လက်တွေရှသွားသေးလား "

" မရှပါဘူး "

" ဒီအသီးတွေက ဘယ်လိုရောက်လာ တာလည်း"

" သမီးမသိဘူး . . . သူ . . . သူတို့ "

" ဟဲ့ . . . ကိုယ့်ဟာကိုယ် ခူးထားပြီး လက်ညှိုးက





ဘယ်ကို လျှောက်ထိုးနေတာလည်း "

" သူတို့ခူးတာ "

" အေးအေး . . . မှန်ကွဲတာလည်း အမေမဆူဘူး . အသီးခူးတာလည်း အမေမဆူဘူး . . . ညာတာတော့ အမေ မကြိုက်ဘူး . . . "

" သမီးမခူးဘူး . . . သူတို့ခူးထားတာ အမေက အခုထိသမီးစကားကို မယုံဘူး၊ အမေ့ကို အဖေပေးတဲ့ မှန်ကွဲသွားတာကိုလည်း စိတ်မကောင်းတဲ့ပုံတောင်မဖြစ်ဘူး "

" အမေ့အတွက် အားကိုးရာ . . . "

" ဟဲ့ . . . တိတ်စမ်း "

" မတိတ်ဘူး . . . သမီးစကားကိုလည်း ဘယ်တော့မှ မယုံဘူး "

" ကဲ ဒီလောက်ဖြစ်တာ "

" ဖျန်း "

အေးအေး၏ ပါးပေါ်ကို အမေ့လက်ဝါးကျလာသည်။ အေးအေးကလည်း ညနေက ဦးလေးတင်ဝင်းနှင့် ရီရီမောမော စကားပြောနေသော အမေ့ကိုအမြင်မကြည်လင်၊

သို့ကြောင့် စိတ်ထဲရှိသမျှ ပြန်ပြောလိုက်သည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



အမေ၏အရိုက်ကို ခံလိုက်ရသည်။

အမေအောက်ဆင်းသွားသည်နှင့် အေးအေးလိုက်ဆင်းသွားသည်၊ အိမ်ရှေ့ပြေးထွက်ခဲ့သည်။

ထိုအချိန်အပြင်မှာ မှောင်နေပြီး မြောက်နာရီကျော်ပြီ မိုးကမကြာခင် ရွာတော့မည်၊ မိုးသက်လေများတိုက်လာသည်။

အမှောင်ထဲပြေးလာရင်း မိုးရွာလာသဖြင့် အုတ်တိုက်ပျက်မှာ မိုးခိုရင်း ထိုင်နေလိုက်သည်။ အမေ့ကိုစိတ်ဆိုးပြီး ထွက်လာခဲ့သည်။ ဘယ်ကိုသွားရမည်မသိ၊ သည်ရွာရောက်တာမှ မကြာသေး အသိမိတ်ဆွေလည်းမရှိ၊ သူ့နားမှာ သရဲသုံးကောင်ရှိနေသဖြင့် အေးအေးကြောက်ရမည့်အစား အားပင်ရှိနေသည်။

"နင့်အမေရိုက်တာမနာပါဘူးနော် "

"အဲ့ဒါ ရှင်တို့ကြောင့် "

"တို့ကြောင့် ဆိုရင်တော့ စိတ်မကောင်းပါဘူးကွာ"

ထိုအချိန်အေးအေးအမေ ထီးတစ်ချောင်းဆွဲပြီး သူ့ကို စိတ်ဆိုးပြီး ထွက်သွားသော သမီးကို လိုက်ရှာသည်။

သူ့အသိုး၊ အသွားအိမ်မှာလည်း မရှိ၊ မိုးသက်လေများ တိုက်ခိုက်နေသည်ကို အံတုရင်း ထီးကို ထိမ်းကာ လမ်းပေါ် ထွက်ခဲ့သည်။





နီးစပ်ရာအိမ်များလျှောက်မေးသည်၊ လမ်းမှာတွေ့သော လူများကိုမေးသည်၊ မည်သူမှမသိ၊

လေဆောင့်တိုက်သဖြင့် ခေါက်ထီးကလန်ထွက်သွားသည်။ ထိုအချိန်ရင်ကျပ်ပြီး အသက်ရှုမဝသလိုဖြစ်လာ၍ ဒူးထောက်ထိုင်ပြီး အသက်ကိုအားယူပြီးရှူရှိုက်နေရသည်။

" ဝူး "

ထိုအချိန် ဦးတင်ဝင်းတစ်ယောက် ဆိုင်ကယ်နှင့်အိမ်ပြန‌ေ ပစဉ်၊ လမ်းမှာထိုင်နေသော မမိုးမြင့်ကို တွေ့လိုက်သဖြင့် ဆိုင်ကယ်ကိုရပ်ပြီးအနားသွားသည်။

" ဘာဖြစ်တာလည်း အသက်ရှုကျပ်နေတာလား "

" မမိုးမြင့်ပြန်မဖြေနိုင် "

ဦးတင်ဝင်းသဘောပေါက်သွားသည်မမိုးမြင့်ကို ဆိုင်ကယ်ပေါ်တင်လိုက်သည့်နောက်

အေးအေး အမေ့ကိုစိတ်မကောင်းအောင်လုပ်မိသည်၊ သူ့ကြောင့် အမေတစ်ခုခုဖြစ်ရင်ဒုက္ခ၊

သူ့ကြောင့် သူ့မဆင်မချင်ပြောလိုက်လို့အဖေလည်း သေခဲ့ရပြီ၊ သူပြန်တွေးမိတိုင်းအဖေ့အတွက်မျက်ရည်ကျရပေါင်း



www.burmeseclassic.com

www.burmeseclassic.com



မနည်းခဲ့ " အဖေ . . . ပြန်မလာရင်ကောင်းမယ် အဖေ ပြန်မလာရင်ကောင်းမယ် " ဆိုစကားစုလေးက အေးအေးရင်ကို ထာဝရနှိပ်စက်နေသည်။

အဖေက သုသေသနဌာနက အရာရှိတစ်ယောက် အဖေက အလုပ်ကိုကြိုးစားသည်၊ အလုပ်အပေါ်သစ္စာရှိသည်။ ထို့ကြောင့် အလုပ်မှာသာအချိန်ကုန်နေသည်။

အမေ့အတွက်လည်း အချိန်မပေး၊ အေးအေးအတွက် လည်း အချိန်မပေး၊ ကြာတော့ သားအမိနှစ်ယောက်က အိမ်မှာ၊ အဖေကအလုပ်မှာ၊

သူစိမ်းတွေလိုဖြစ်လာသည်။

အမေနှင့်အဖေတို့ စတွေ့ဖြစ်သည်က စိုင်းထီးဆိုင်တို့၏ တီးဝိုင်းသွားကြည့်ရင်းဆုံဖြစ်ကြ၊ စိတ်ဝင်စားသွားကြရင်း နောက်ဆုံးကြိုက်သွားကြသည်တဲ့၊

ထိုစိုင်းထီးဆိုင်တီးဝိုင်းမကြာခဏကြည့်ဖြစ်ရင်း နှစ်ဦး သားလက်တွဲခဲ့ကြသည်ဟု အမေတစ်ခါပြောဖူး၍ အေးအေးသိ ထားခဲ့သည်။

ယခု စိုင်းထီးဆိုင်တို့ ပါသော တီးဝိုင်းအဖွဲ့ အေးအေး တို့ ရပ်ကွက်မှာ ရန်ပုံငွေရှာရင်း၊ တီးဝိုင်းဖြစ်မည်ဟု အေးအေး





သိလိုက်သည်။

အဖေနှင့်အမေတို့ ပေးထားသော မုန့်ဘိုးမှ အဖေနှင့် အမေတို့ အချစ်နှစ်ပတ်လည်ဆယ်နှစ်မြောက်လည်းဖြစ်သည့် အတွက် ဘယ်သူ့မှ အသိမပေးပဲ လက်မှတ်သုံးစောင်ကြိုတင် ဝယ်ထားလိုက်သည်။

အမေက အလုပ်သို့ ထွက်သွားပြီးအဖေကတော့ အလုပ်ကိစ္စမသိမ်းရသေးသဖြင့် အတူမသွားဖြစ်။ နာရီဝက် ခန့်နောက်ကျမှအဖေ အလုပ်သွားရန်ပြင်ဆင်နေသည်၊ အဖေ အလုပ်သွားပြီဆိုလျှင် ညနေပြန်လာချင်လည်း ပြန်လာသည်။

နှစ်ရက်သုံးရက်ခန့်ရက်ဆက်ပြန်မလာချင်လည်း ပြန် မလာတတ်၊

အဖေက အေးအေးအား အလုပ်သွားတော့မည်ဟု နှုတ်ဆက်မှ အေးအေးအဖေ့ရှေ့မှာ သွားရပ်ပြီးလက်မှတ်သုံး စောင်ကိုပြ၍ ဒီညစိုင်းထီးဆိုင်တီးဝိုင်းသားအမိသားအဖ သုံး ယောက် သွားကြည့်မည်ဟုပြောလိုက်သည်။ အဖေ့ကို ဝမ်းသာ အားရပြောပြီး မျက်နှာကိုကြည့်လိုက်သည်။

အဖေ ခေါင်းကုတ်နေသည်ကိုတွေ့လိုက်သည်။

ဖေဖေ့ကို ခွင့်လွှတ်ပါသမီး ဒီနေ့အဖွဲ့သားတွေနဲ့ အစည်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်ရဦးမယ်၊ ဖေဖေပြန်လာမှပဲ သုံးယောက်သားပျော်ပျော်ပါးပါးကြည့်ကြတာပေါ့ ”

သမီးလက်မှတ်ပိုး ဖေဖေပြန်ပေးမယ်ဟုတ်လား စိတ်မကောင်းမဖြစ်နဲ့နော် နောက်တစ်ခါတီးပိုင်းရှိရင် ဖေဖေ့ကိုပြော ဟုတ်လား၊ ဖေဖေလိုက်ပြမယ်၊ ဒီတစ်ကြိမ်တော့ ဖေဖေ့ကို ခွင့်လွှတ်ဟုတ်လား ”

ဖေဖေက လက်ဆွဲအိတ်ဆွဲပြီး အေးအေး နဖူးလေးကို သာသာလေးပုတ်ပြီးထွက်သွားစဉ်

“ ဖေဖေ့ကိုမုန်းတယ် . . . ဖေဖေ့ကိုမုန်းတယ် ”

“ အဖေပြန်မလာရင်ကောင်းမယ် ”

ဟု၍ စိတ်ဆိုးပြီးပြောလိုက်ကာ အိမ်ထဲဝင်ခဲ့သည်။ ဖေဖေကတော့ အေးအေးကိုပြုံးပြီး လက်ပြ၍ ထွက်သွားသည်။

ဖေဖေ့ကို မုန်းတယ် . . . မုန်းတယ်

ဖေဖေကြားမကြားတော့မသိ အေးအေးအိမ်ထဲမှာ အသံကုန်အော်ဟစ်ရင်း လက်မှတ်သုံးစောင်ကို အပိုင်းပိုင်း မွှာမွှာ ဆွဲထုတ်ပစ်နေတော့သည်။

အေးအေးက ရင့်ရင့်သီးသီးပြောလိုက်သော်လည်း ဖေဖေက အေးအေးကို နောက်ဆုံးနှုတ်ဆက်ခြင်းမျိုးနှင့် နှုတ်





ဆက်သွားခြင်းဖြစ်သည်။

ဖေဖေထိုနေ့ကစပြီး ပြန်မလာတော့ပါ။ အေးအေးတို့ထဲမှ အပြီးအပိုင်ပျောက်သွားတော့သည်။ ဖေဖေတို့စီးသွားသော သုသေသနသင်္ဘော လေးဆိပ်ကမ်းမရောက်ခင် နစ်မြုပ်သွားခဲ့သည်။

သင်္ဘောပေါ်ပါသူ အတော်များများသေဆုံးသွားကြသည်။ ထိုအထဲတွင် အေးအေး တို့အဖေလည်း ပါသွားသည်။

ဖေဖေ့ကိုမုန်းတယ် ပြန်မလာရင်ကောင်းတယ်ဟု ပြောလိုက်သော စကားက ဖေဖေ့အား တကယ်ပြန်မလာဖြစ်အောင် ပြုစုလိုက်လေသလားဟုထင်နေမိသည်။

သူ့ကြောင့် ဖေဖေသေရတာဟုစွဲလန်းပြီး ညညအိပ်၍ပင်မပျော်ဖြစ်ခဲ့ရသည်။

မေမေက သတင်းကြားရချင်း ငိုကြွေးသော်လည်း နောက်ပိုင်းမငိုတော့ သမီးစိတ်ဆင်းရဲမှာစိုး၍ ဘဝကို ကြံ့သလို ရင်ဆိုင်ရန် အားတင်းလိုက်ပုံရသည်။

ယခုတော့ ထိုအလွမ်းနယ်မြေကို ခြေရာဖျောက်ပြီး သားအမိနှစ်ယောက် မွေးရပ်မြေသို့ ပြန်လာခဲ့ကြခြင်းဖြစ်သည်။

သူ့ကြောင့် အဖေသေခဲ့ရသည်၊ ယခုအမေဆုံးအမေရိုက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သဖြင့် စိတ်ကောက်ပြီး အမှောင်ထဲထွက်ပြေးလာခဲ့သည်။ အမေပိုးရိမ်ပြီး လိုက်ရှာနေပြီလား

အမေအာအေးပတ်၍ မဖြစ်၊ အမေ . . . အမေသမီး မှားပါတယ်ဟု အသံထွက်ပြီး ပြောဆိုငိုကြွေးနေမိသည်။

ထိုအချိန် အုတ်တိုက်လေးရှေ့သို့ ဆိုင်ကယ်တစ်စီးရပ်လာသည်၊ ဆိုင်ကယ်ပေါ်မှ ဦးလေးတင်ဝင်းဆင်းလာသည်။

"အေးအေးတစ်ယောက်ထဲ မိုးထဲလေထဲမှာ ဘာလုပ်နေတာလည်း အိမ်ပြန်မလာလို့ အမေနဲ့ အဘိုးအဘွားတွေ စိတ်ပူနေကြတယ်၊ သမီးအမေလည်း နေမကောင်းဘူး"

ထိုသို့ပြောလိုက်မှ အေးအေးထိုင်ရာမှထပြီး ဆိုင်ကယ်ပေါ်ခွထိုက်လိုက်သည်။

အိမ်သို့ ခဏအတွင်းပြန်ရောက်လာသည်၊ အိမ်ပေါ်မှာ အဘိုးနှင့်အဘွားတို့က အမေ့ကိုပြုစုနေကြသည်။ အမေသူ့ကို လိုက်ရှာရင်းမိုးမိလိုက်သည်ဟု သိလိုက်ရသည်။

အမေသူပြန်ရောက်လာ၍ စိတ်ချမ်းသာသွားပုံရသည်။

အမေအေးအေးကို စကားမပြောနိုင် မှိန်းနေသည်။

" ဟဲ့ပိုးဖြူ . . . အဝတ်အစားတွေသွားလဲလိုက် အအေးပတ်နေမယ် ဆံပင်ကရေတွေကိုလည်း ခြောက်အော





ဆုတ်လိုက် "

" နှင့်အမေအပြင်မှာ မိုးမိပြီးလဲနေတုန်း မောင်တင်ဝင်းတွေလို့ ဆိုင်ကယ်နဲ့ လာပို့တာ၊ မအေကလည်း လမ်းပေါ်မှာ သမီးကလည်းအပြင်မှာ ဘယ်လိုဖြစ်ကြတာလည်း၊ ညည်းအမေက အိမ်ပေါ်ရောက်လာပြီး အဝတ်အစားသွားလဲရင်း ဘီဒိုရှေ့မှာ လဲနေလို့အပြင်ခေါ်ထုတ်ထားတာ "

" ဆရာမပင့်ဘူးလား "

"မောင်တင်ဝင်း ဆိုင်ကယ်တစ်စီးနဲ့ လျှောက်သွားပြီးပြီ ဆရာဝန်ကမြို့ပေါ်ရောက်နေတယ်တဲ့၊ ရာသီဥတုကြောင့် ပြန်မလာဘူးလို့ပြောတယ် "

" ဒါဆို ဘယ်လိုလုပ်မလည်း ဆရာမကရော မရှိဘူးလား "

" ဆရာရော၊ ဆရာမရော နေ့ခင်းကမှ မြို့နယ်ဆေးရုံမှာ အစည်းအဝေးရှိလို့ သွားကြတယ်။ မုန်တိုင်းရှိလို့ ပြန်မလာနိုင်ဖြစ်နေတယ်၊ မနက်မှ ပြန်လာကြမယ်တဲ့ "

" ဒုက္ခပါပဲ အမေ့ကို ဘယ်လိုလုပ်မလည်း "

" ဒီလိုပဲ ပြုစုကြရမှာပေါ့ "

အေးအေးအဝတ်အစားလဲရန် အခန်းထဲဝင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အမေလဲကျနေသော ဘီဒိုရှေ့သို့ သွားကြည့်သည်။

ဘီဒိုတွန်းတံခါးကို ဆွဲဖွင့်လိုက်သည်။

" ဟင် အယ်(လ်)ဘမ်တစ်အုပ်ပါလား "

အေးအေး အယ်(လ်)ဘမ်ကို ဆွဲယူဖွင့်ကြည့်လိုက်သည်။

အဖေ၊ အမေနှင့် စတွေ့စဉ်ကစ၍ သူ့ကိုမွေးပြီးစမှ စတင်ကာ ကျောင်းနေစဉ်အထိ ပုံတွေအပြည့် တွေ့ရသည်။

" အမေက . . . အဖေ့ပုံတွေကြည့်ကြည့်ပြီး လွမ်းဆွေးနေတာပဲ " အမေဘီဒိုနားမှာ မကြာခဏထိုင်နေတတ်သည်ကို တွေ့ပေမယ့် အမှတ်တမဲ့ရှိခဲ့သည်။

" သူ့ရဲ့ ခံစားချက်ကို အပြင်မထွက်စေပဲ၊ ငါမရိပ်မိအောင် ကြိတ်မှိတ်ခံစားနေတာပဲ၊ အဖေကလည်း သေသွားကာတောင် စိတ်မချလို့ သရဲသုံးကောင်ကို စောင့်ရှောက်ပေးဖို့ လွှတ်လိုက်တယ်။ "

" ငါအဖေ့ကို အထင်အမြင်လွဲခဲ့တယ် "

" အဖေ့ကို သေအောင် ငါပြောမိခဲ့တယ် . . . အဖေကို မုန်းတယ် . . . အဖေ အိမ်ပြန်မလာရင် ကောင်းတယ်လို့ ငါရက်ရက်စက်စက်ပြောလိုက်မိတယ် . . . အဖေငါ့စကား





ကြောင့် တော်တော်ခံစားသွားရမှာပဲ "

" အမေလည်း ငါ့ကြောင့် မိုးရေထဲထွက်ရှာရလို့ အအေးပတ်ပြီး အိပ်ယာထဲလဲကျနေပြီ ဒီတစ်ခါတော့ အမေ့ကို အသုံးရှုံးမခံနိုင်ဘူး အမေ မသေရဘူး "

အေးအေး စာအုပ်ကို ပိတ်ပြီး အပြင်ထွက်ခဲ့သည်။

" ဟဲ့ ကောင်မလေး . . .အဝတ်အစားမလဲပဲပြန်ထွက်လာပြန်ပြီ ဘယ်သွားဦးမလို့လည်း "

" အေးအေး . . . အော်ဖနေသော အဘွားကို ဘာမှ ပြန်မပြောပဲ အိမ်ရှေ့ပြေးထွက်လိုက်သည်။

ဦးတင်ဝင်းလည်း ထိုင်နေရာက ပြေးဆင်းလိုက်လာပြီး လှမ်းမေးသည်။

" ဟဲ့ . . . အေးအေး . . . ဘယ်သွားမလို့လည်း "

" ဆရာဝန်သွားခေါ်မလို့ "

" ဟာ ဒီရွာနဲ့ မြို့ဆေးရုံက သုံးမိုင်ကျော်လေးမိုင်နီးပါး ဝေးတယ်၊ နင်ပြေးသွားရင်တောင် အသွားအပြန်မိုးလင်းမှ ရောက်မယ် "

" မသိဘူး ဆရာဝန်ရအောင် သွားခေါ်မယ် "

ထိုအချိန်အိမ်၏အထပ်ခိုးပေါ်မှာ ထိုင်နေကြသော သရဲ



www.burmeseclassic.com

www.burmeseclassic.com



သုံးကောင်လည်း အေးအေးထွက်ပြေးသွားသည်ကို သိလိုက်ကြသည်။

" ဘယ်လိုလုပ်ကြမလည်း "

" ငါတို့တာဝန်က ဆရာဝန်ခေါ်ပေးဘို့ မဟုတ်ဘူးလေ"

" သူတို့သားအမိကို စောင့်ရှောက်ဖို့ အပြစ်ဒဏ်ပေးတဲ့အနေနဲ့ လွှတ်လိုက်တာ မဟုတ်ဘူးလား "

" ဟုတ်တော့ဟုတ်တယ် ဒါပေမဲ့ "

ဒါပေမဲ့လည်း မနေနဲ့ မမိုးမြင့်တစ်ခုခုဖြစ်ပြီး သေသွားပါပြီတဲ့၊ သေသွားပြီဆိုပါတော့၊ မင်းခေါင်းဖြတ်အသတ်ခံရမယ်"

" အေးအေးလည်း ဆရာဝန်သွားခေါ်ရင်း လမ်းမှာတစ်ခုခုများ ဖြစ်ကြည့်စမ်း ခင်ဗျားဘာဖြစ်မလည်း "

" ငါလည်း သူလိုပဲ ခေါင်းဖြတ်ခံရမှာပေါ့ "

" ဒီအတိုင်းဆိုရင် ခင်ဗျားတို့ခေါင်းဖြတ်ခံရဘို့ ကျိန်းသေနေပြီ "

" ဟော့ကောင် မှင်စာလောက်ရှိတဲ့ ကောင် ငါတို့ကိုလာခြိမ်းခြောက်နေတာလား မင်းလည်းလွတ်မယ်ထင်လား "

" ကျုပ်က ခင်ဗျားတို့လို ခေါင်းဖြတ်အသတ်ခံရမယ်





မသင်ဘူး "

" ငါသိပါတယ် ဒီမှင်စာလေးလျှာတယ်ရှည်၊ လျှာဖြတ်အသတ်ခံရမှာအသေအချာပဲ "

" ကဲ အခုဘာလုပ်ကြမလည်း ဒို့မိတ်ဆွေတွေ ဒီရွာထဲမှာ အများကြီးပဲမဟုတ်လား၊ သရဲ၊ တစ္ဆေ၊ ပြိတ္တာမှင်စာတွေ အကုန်လိုက်ခေါ်မယ် "

" ဟုတ်တယ် . . . သွားကြမယ် . . . လိုက်ခေါ်မယ် "

ထိုအချိန်မှာ အေးအေးပြေးရာနောက်သို့ ဦးတင်ဝင်းဆိုင်ကယ်နှင့် လိုက်လာခဲ့သည်။

" ကဲ ကလေးမ ဒီလောက်ပြောမရမှတော့ ဆိုင်ကယ်ပေါ်တက် နို့သွားကြတာပေါ့ . . . လေကတစ်နာရီမိုင်(၅၀)ဆယ်လောက်ရှိမယ် . . . နို့လေဆန်ကို တိုးပြီးသွားကြရမှာ"

ရှေ့ကလေတဟိုးဟိုးတိုးနေသည် . . သစ်ရွက်များသစ်ကိုင်းများ တစ်ခါတစ်ခါ လူကိုလာပြီး ရိုက်ခတ်နေသည်။ သစ်ကိုင်းကြီးများနှင့် မတိုး၍ တော်သေးသည်။

" ဘုရား . . . ဘုရား ဆိုင်ကယ်မပျက်ပါစေနဲ့ "

သူတို့ထွက်လာ၍ ခရီးတစ်ဝက်မရောက်တစ်ရောက်



www.burmeseclassic.com

www.burmeseclassic.com



မှာ လေပြင်းဆောင့်တိုက်ခြင်းခံလိုက်ရပြီး ဆိုင်ကယ်ရောလူပါ ပစ်လဲကျသွားသည်။

ထိုအချိန်လေနှင့်အတူ လွင့်လာသော မိုးကာတာပေါ်လင်စ တစ်စဆိုင်ကယ်ဘီးကြားဝင်သွားပြီး ရစ်ပတ်နေသည်။

“ ဒုက္ခပါပဲ . . . အရေးထဲမှ . . . ဆွဲပါဦး ”

ဦးတင်ဝင်းက တာပေါ်လင်စကို ဆွဲပေမယ့် ဆိုင်ကယ်ဘီးကြားညှပ်နေသဖြင့် လူတစ်ယောက်အားနှင့် ဆွဲထုတ်သော်လည်း လုံးဝဆွဲမရ၊

အေးအေးဝိုင်းဆွဲသည်၊ အစပြဲပြီးလက်ထဲပါလာသည်၊ ဘီးကို ရစ်နေသော အစကို ဆွဲမရ၊

ထိုအချိန်သူတို့အနီးသို့ သရဲသုံးကောင်ဦးစီးသော သရဲပြိတ္တာမှင်စာအုပ်စုကြီးရောက်လာသည်။

သူတို့နှစ်ယောက်၏ အပေါ်က မိုးမရွာလေမတိုက်အောင် အကြီးအသေးစုဖွဲ့ ပြီး အုပ်မိုးပေးထားသည်။

သရဲသုံးကောင်အနက်မှ အကြီးဆုံးသရဲကြီးက ဆိုင်ကယ်ကို ဆွဲထူလိုက်သည်။ ဆိုင်ကယ်ဘီးမှာ ညှပ်နေသော တာပေါ်လင်စကို သူတို့၏ စွမ်းအားနှင့် ဆွဲထုတ်ယူလိုက်သည်။

“ ကဲ . . . တက်ကြ မောင်းလို့ရပြီ၊ ငါတို့ဝိုင်းဝန်း





စောင့်ရှောက်ပေးမယ် ”

သို့ဖြင့် ဆိုင်ကယ်တုံးလုံးလဲနေပြီး စိတ်ဓါတ်ကျနေသော ဦးတင်ဝင်းဘာမှမမြင်ရပဲ ဆိုင်ကယ်ထောင်သွားခြင်း၊ ဆိုင်ကယ်ပေါ်သို့ မတင်ခံလိုက်ရခြင်း ၊ မိုးရွာလေပြင်းတိုက်ခတ်နေပေမယ့် သူတို့ကို မိုးမစို၊ လေမတိုးသည့်အတွက် အလွန်အံ့ဩရင်း ဆိုင်ကယ်ကို စီးလာခဲ့သည်။

မကြာခင်ဆေးရုံဝန်းကျင်သို့ ရောက်လာခဲ့သည်၊ ဆေးရုံက မြို့စွန်မှာရှိသည့်အတွက် မြို့ထဲဝင်စရာမလို

ဦးတင်ဝင်းနှင့် အေးအေးတို့လည်း မေးရင်းမြန်းရင်း သူတို့ရွာမှာတာဝန်ယူထားသော ဆရာနှင့် ဆရာမကို့တည်းခိုနေသော အဆောင်များသို့ ရောက်သည်။

ထို့နောက် ဆရာဝန်ဆရာမတို့လည်း ရွာသို့ပြန်လိုက်လာခဲ့သည်။

အပြန်လမ်းမှာလည်း သရဲသုံးကောင်နှင့်အဖွဲ့က မိုးဒဏ်လေဒဏ်တတ်စွမ်းသမျှ ကာကွယ်ပေးရင်း လိုက်ပါလာခဲ့သည်။

ဆရာဝန်နှင့် ဆရာမတို့လည်း ရွာသာပြန်ရောက်လာခဲ့သည်။ များများစားစားမိုးမစိုသည့်အတွက် အံ့ဩနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်အိမ်ကိုပိုက်ပါလာသဖြင့် မမိုးမြင့်၏ ရောဂါကို အချိန်မီ ကုသပေးနိုင်ခဲ့သည်။

နောက်နေ့ ရာသီဥတုသာယာသည်နှင့် မြို့နယ်ဆေးရုံသို့ တက်ရောက်ကုသစေသည်။

သုံးရက်ခန့်ဆေးရုံတက်ပြီးသည်နှင့် မမိုးမြင့်၏ ရင်ကျပ်ရောဂါသက်သာပျောက်ကင်းသွားသည့်အတွက် ဆေးရုံက ဆင်းလာခဲ့သည်။

ထိုအချိန်အထပ်ခိုးအပေါ်ထပ်တွင် သရဲသုံးကောင်နှင့် အေးအေးတို့ရှိနေကြသည်။

“ ကဲ ကောင်မလေးငါတို့ ဘဝန်ကျေသွားပြီအခုဆို ငါတို့တာဝန်ကျေတဲ့အတွက် အရင်ရာထူးပြန်ပေးမယ်ဆိုပြီး ပြန်ခေါ်နေကြပြီ ”

“ မင်းရဲ့ အဖေကို ဘာမှာလိုက်ဦးမလည်း ”

“ သမီးအဖေ့ကို သတိရတယ် အဖေ့ကို ချစ်တယ် သမီးတို့ကို အမြဲစောင့်ရှောက်ပေးပါလို့ ပြောပေးပါ ”

“ ပြောပေးမယ်အခု ငါတို့မင်းတို့ဆီရောက်လာရတာလည်း သူက နတ်မင်းကြီးတွေဆီမှာ ခွင့်တောင်းပြီး ငါတို့ကို တစ်လယောင့်ရှောက်ပေးဖို့ လွှတ်လိုက်တာလေ ”





“ အဲဒီအတွက် ပေဖေ့ကို ကျေးဇူးတင်တယ်လို့ ပြောပေးပါ ”

“ ဒါနဲ့ အဝတ်အစားတွေဖောင်းနေတာက ဘာတွေလည်း ”

“တဲ . . . ဟဲ . . .လူပြည်က လက်ဆောင်တွေလေ”

“ ဘယ်သူပေးတာလည်း ”

“ ကိုယ့်လုပ်အားနဲ့ ကိုယ်ယူတာပေါ့ ”

“ ဒါနဲ့များ သရဲဘဝက အဆင့်တက်ပြီး နတ်သူငယ် ပြန်လုပ်ဦးမတဲ့ . . . သူများမပေးတဲ့ ပစ္စည်းတွေပဲ . . .အချိန်ပြည့်ခိုးစားနေတာ ဘယ်မှာ နတ်ဖြစ်ထိုက်မလည်း ”

“ကိုယ့်ဟာကို ရှာစား၊ သူများဆီက လုယက်မစားနဲ့လို့ပဲမှာလိုက်တာ၊ အခုအပင်တွေက အသီးတွေကို ကိုယ့်ဟာကို ခူးစားတာလေ ”

“ အဲဒီအပင်အသီးတွေဟာ ပိုင်ရှင်ရှိတယ်လေ ”

“ ကဲပါ ခလေးရယ် ခင်ဗျားက ကျုပ်တို့ကို ဆွဲချနေတာပေါ့ ဟုတ်လား ”

အေးအေးက ဘာမှမပြောတော့ သရဲသုံးကောင်လည်း အေးအေးရှေ့မှနေ၍ ပြူတင်းပေါက်ရှိရာသို့သွားကာ အ



www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ တစ်ရွေ့ရွေ့တက်သွားလေတော့သည်။

အေးအေးလည်း ပြူတင်းပေါက်မှ ခေါင်းပြူပြီး မျက်ဖေ့တစ်ဆုံးတိုင်လိုက်ကြည့်နေသည်၊ ဘာမှမမြင်ရတော့ပါ။

အေးအေးလက်တော့ပြလိုက်သေးသည်။

* * *

သီတင်းကျွတ်ခဲ့ပြီ၊ လပြည့်တော့မည်။

သီတင်းကျွတ်မီးထွန်းပွဲတော်ကို လပြည့်ခင်တစ်ရက်ကြိုပြီး စည်ကားစွာကျင်းပကြသည်။

ချောင်းအတွင်းမှာလည်း မီးမျှောပွဲကျင်းပသည်။ မီးမျှောပွဲများ မီးကြာခွက်မျှောပွဲ၊ ရှင်ဥပဂုတ္တရဟန္တာဖောင်မျှောပွဲစတာဒီသာကျေးပွဲများကို နှစ်စဉ် သူတို့ရွာလေးမှာ ကျင်းပခဲ့သည်။

အေးအေးလည်း ဖေဖေနှင့်အတူ မိသားစုသုံးယောက်မီးထွန်းပွဲလှည့်လည်လျှောက်ကြည့်ရလျှင် ပျော်ရွှင်စရာအလွန်ကောင်းမည်ဟု တွေးနေမိသည်။

ထိုစဉ်သူတို့အနီးသို့ ဦးတင်ဝင်းကြီးရောက်လာသည်အမေနှင့်စကားလက်ဆုံကြနေသည်၊ အမေ့ကျန်းမာရေးအတွက်





ဘာမှမငဲ့ကွက်ပဲ သူတို့ကို စောင့်ရှောက်ပေးခဲ့သည့်အတွက် ပြောချင်ကာပြောပါစေဟု စိတ်ပိုင်းဖြတ်ပြီး မေမေတို့အနားက ထွက်ခဲ့သည်။

အေးအေးမိုးပေါ်ကို မျှော်ကြည့်ပြီး

" ဖေဖေရေ . . . ဖေဖေ့ကို သမီးအရမ်းချစ်တယ် အဖေတစ်ယောက်ကောင်းရာမွန်ရာရောက်ပါစေ . . .အခု ဖေဖေ့အစားမေမေ့ကို စောင့်ရှောက်ပေးမယ့်လူရှိလာခဲ့ရင် အဖေ စိတ်ချနိုင်ပါစေ "

သမီးရဲ့ရင်ထဲမှာ ထာဝရ ဖေဖေပါပဲ . . .ကောင်းရာမွန်ရာမှာ ဖေဖေပျော်ရွှင်စွာနေနိုင်ပါစေ . . .

ချစ်တယ် ဖေဖေ

" ဝေး . . . ဝေး . . . ဝေး "

ရေထဲမှာ မီးကြာခွက်လေးများကို မျှောနေသောနေရာသို့သွားပြီး အေးအေးတစ်ယောက်ရပ်ကွက်များထဲက ကလေးများနှင့် ရောပြီး ပျော်ရွှင်နေပါတော့သည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com

၈

# “ သရဲမကြောက်တဲ့ ဖိုးနောက် ”

သရဲမကြောက်တဲ့ ဖိုးနောက်ဆိုလျှင် ဗဲသမားလောက၌ မသိသူရှားသည်၊ သူ၏နာမည်ရလာသည်ကလည်း သိပ်တော့မထူးဆန်း။

သူ၏ သူငယ်ချင်း ကိုတင်စိန်အသုဘမှစ၍ နာမည်ရလာခဲ့ခြင်းဖြစ်သည်။ ကိုတင်စိန်က ငယ်စဉ်ကတည်းက လူရိုးလူအေး ဖြစ်သည်။ သဘောလည်းကောင်းသည်။

သူငယ်ချင်းများက အမြဲတမ်း အနိုင်ယူသမျှ ခံရသူဖြစ်သည်။ သည်းမခံနိုင်လွန်းလျှင်ငိုယိုပြီး ကာယကံရှင်မိဘများကို လိုက်တိုင်တတ်သူဖြစ်သည်။

ထိုသူငယ်ချင်းအများမှ ကိုဖိုးနောက်နှင့် ကိုတင်စိန်





တို့က တစ်လမ်းတည်းနေသူငယ်ချင်းများဖြစ်ခဲ့သည်။ ဒါပေမယ့် အကျင့်စရိုက်ချင်းက မြေဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်သည်။

ကိုတင်စိန်က လောင်းကစားအရက်လုံးဝဝါသနာ မပါ၊ အိမ်အလုပ်ကိုသာလုပ်သည်။ မိဘစကားနားထောင်သည်၊ ဖိုးနောက်က ငယ်စဉ်ကတည်းက မိဘစကားနားမထောင် အရက်သောက်သည်။

ရိုက်ဝါသနာကြီးသည်၊ အခြားလောင်းကစားတော့ မလုပ်၊ ဖဲမှဖဲ၊ ရပ်တကာ၊ ရွာတကာ လှည့်ပတ်ရိုက်နေသူဖြစ်သည်၊ သူတို့အသက်နှစ်ဆယ်ဝန်းကျင်မှာ ကိုတင်စိန်ရော ဖိုးနောက်ပါ အိမ်ထောင်အသီးသီးကျကုန်သည်။

ကိုတင်စိန်က ဇနီးဖြစ်သူအိမ်မှာသွားနေသဖြင့် ဖိုးနောက်နှင့် ရပ်ကွက်ခြားသွားသည်။

ဖိုးနောက်အိမ်ထောင်ကျပေမယ့် တစ်နှစ်ကျော်အတွင်းမှာ အိမ်ထောင်ပျက်သွားသည်၊ ရွာမကျေးပဲ၊ ဖဲလှည့်ရိုက်နေသော ဖိုးနောက်၏ဒဏ်မခံနိုင်သည့်အတွက် အိမ်ပေါ်က ဆင်းသွားကော့သည်။ ဖိုးနောက်ကလည်း လိုက်မခေါ် အပျက်အပျက်နှင့် အပြီးအပိုင်လမ်းခွဲခဲ့သည်မှာ တစ်နှစ်ကျော်သွားခဲ့ပြီ။

တစ်ရက်ကိုတင်စိန်ခြံထဲမြက်ရှင်းနေစဉ် မွေ့ရေး



www.burmeseclassic.com

www.burmeseclassic.com



အပေါက်ခံရပြီး သေဆုံးသွားခဲ့သည်။ နာရေးဖြစ်သည်နှင့် ဖဲဝိုင်းဖြစ်တော့သည်။ တောဓလေ့ထုံးစံအရ အသုဘကိုဇါးရက် အိမ်မှာထားပြီး သင်္ဂြိုဟ်ကြမည်၊

ဒုတိယညကစပြီး ဖဲဝိုင်းကောင်းလာခဲ့သည်။ ထိုည ဖဲဝိုင်းသို့ ဖိုးနောက်ရောက်လာသည်။

ဖိုးနောက်က ခြံထဲမဝင်မီ ခြံပြင်လမ်းဘေးမှာ အလောင်းကိုစင်နှင့် အရိပ်ပန်းဆင်ကာ ဆင်ထားသည့်နေရာသို့ သွားလိုက်သည်။

အခေါင်းကိုလက်နှင့် ပုတ်လိုက်ပြီး

" သူငယ်ချင်းတင်စိန် ငါ့ကို ဖဲနိုင်အောင်လုပ်ပေး၊ ငါ၊ နိုင်ရင် မြို့ကခေါက်ဆွဲသွားဝယ်ပြီး မင်းကို ကျွေးမယ် ငါ့ကို နိုင်အောင်လုပ်ပေး "

ဤကဲ့သို့ ကတိခံပြီး ဖဲရိုက်သည်၊ မနက်လင်း၍ အရှုံး အမြတ်တွက်တော့ အိပ်ကပ်ထဲရှိသည့် ပိုက်ဆံထက်တစ်ဝက် မြတ်နေသည်။

" ဒီလောက်ပဲမြတ်ရလားကွ၊ မင်းကိုခေါက်ဆွဲဝယ် ကျွေးရင်၊ ငါနောက်ညရိုက်ဖို့တောင် အရင်းကျန်ပါ့မလား မသိဘူး လုပ်ပါကွာ၊ များများစားစား ပက်ပက်စက်စက်ရအောင်





လုပ်ပေးစမ်းပါ "

နောက်ညမှာ ပိုက်ဆံများများချထိုးသည့်အခါ ပါသွားလိုက် နည်းနည်းတိုးသည့်ပွဲဆိုလျှင် နိုင်လိုက်နှင့် မနက်စာရင်းချုပ်တော့ ပထမညကကဲ့သို့ပင် တစ်ဝက်နီးပါးသာ အမြတ်ကျန်ခဲ့သည်။

ဝိညာဉ်ကိုတင်စိန်ကတော့ ခေါက်ဆွဲမစားရ၊ အကြွေးနှင့်တိုးနေပြန်သည်၊ တစ်ညလာနောက်ညမှ၊ တစ်ညလာနောက်ညမှနှင့် ပါးစပ်နှင့်သာ ကျွေးနေခဲ့သည်။

နာရေးဇါးရက်မြောက်နေ့၊ ထိုနေ့အသုဘချမည့်နေ့ဖြစ်သည်၊ ထိုညမှာတော့ ဝိညာဉ်သရဲလည်း သည်းမခံနိုင်တော့၊

ရိုက်သည့်အလှည့်တိုင်း ရှုံးလေသည်။ နောက်ဆုံးချေးငှားပြီး ရိုက်သည့်တိုင်အနိုင်မရ၊ အရှုံးသာတစ်ပွဲပြီးတစ်ပွဲကြုံနေတော့သည်။

မည်သူကမှ ဖိုးနောက်ကို မချေးငှားတော့၊

သို့ကြောင့် ဖိုးနောက်စိတ်ဆိုးလာပြီး အရက်ကိုတစ်ဝမူးအောင်သောက်သည်၊ အိမ်ရှေ့သို့ထွက်ပြီး,သေသူကိုတင်စိန်နာမည်ကို အော်ခေါ်ပြီး ဆဲနည်းမျိုးစုံနှင့် ဆဲပါလေတော့သည်။

သေသူကိုတင်စိန်၏ ဇနီးသားသမီးများ မိဘဆွေမျိုး



www.burmeseclassic.com

www.burmeseclassic.com



များက တုတ်ဓါးဆွဲကုန်ကြသည်။

" ဟေ့ ဘယ်ကောင်မှ မကြောက်ဘူးကွ၊ သတ္တိရှိရင် ကောင်တွေ ငါ့ကို ထိရဲထိကြည့်စမ်း၊ ငါနဲ့တင်စိန်က သဘောတူထားတာကွ၊ ဒီကောင်ဂတိမတည်လို့ဆဲတာ၊ ဘာဖြစ်လည်း တင်စိန် "

" ဒုတ် "

" အား "

ဘယ်သူဖိုးနောက်ကို ရိုက်လိုက်မှန်းမသိ၊ ဒေါသထွက်နေသော လူအများရှေ့မှာ၊ ဖိုးနောက်မှောက်သွားသည် မိသားစုများက အားပေးကြသည်။

" ဒါကြင်စိန်လုပ်ပစ်လိုက်တာပဲ ကောင်းတယ်၊ ဒီလောက်မိုက်ရိုင်းတဲ့ကောင် အသေသာဆော်ပစ် "

မူးမိုက်လဲကျသွားပြီး ခဏကြာသတိပြန်ရလာသည်။

" ဟေ့ကောင် တင်စိန်မင်းကငါ့ကို အလစ်တွယ်တယ် ပေါ့ဟုတ်လား . . . မင်းကိုကြောက်မယ်များထင်လား လာအရင် ငါ့ရှေ့ကိုလာခဲ့ "

စိန်ခေါ်ပြီး ဆဲနည်းမျိုးစုံနှင့် အော်ဟစ်၍ ဆဲနေစဉ်

" ဘုံး "





" အင့် "

မမြင်ရသော ရိုက်ချက်ကြောင့် ဖိုးနောက်မှောက်သွားပြန်သည်။

ခဏအကြာမှာပဲ ပြန်သတိရလာသည်။

စိန်ခေါ်လိုက်ဆဲလိုက်၊ ဝိညာဉ်သရဲက ထိုးကြိတ်လိုက်နှင့် ကြာတော့ သရဲလက်လျှော့သွားပုံရသည်။

ဘယ်လောက်ပင် အော်ဆဲ၊ အော်ပြီးစိန်ခေါ်ပေမယ့် ဝိညာဉ်သရဲပေါ်မလာတော့၊

လူ့ဘဝကလည်း သူငယ်ချင်းဖြစ်ပြန်၊ ခေါက်ဆွဲမကျွေးသည့်အတွက် ဖဲရှုံးအောင်လည်း အကူအညီမပေးပဲထားခဲ့ပြီးပြီ ထိုကိစ္စနှင့်ပင် ကျေအေးလောက်ပြီသဘောထားခဲ့လေသလား မသိ ဝိညာဉ်သရဲကလက်တုန့်ပြန်ခြင်းမရှိတော့ပဲ ပျောက်ကွယ်သွားခဲ့သည်။

အသံကုန်ဟစ်အော်နေသော ဖိုးနောက်လည်း မအော်နိုင်တော့ ဖဲဝိုင်းနောက်မှာ မူးမူးနှင့် ထိုးအိပ်နေတော့သည်။ ထိုအချိန်မှစ၍ သရဲမကြောက်တဲ့ ဖိုးနောက်ဟု အမည်တွင်သွားသည်။

ဤသို့ဖြင့် ဖိုးနောက်ရပ်ကွက်လှည့်ပြီး ဖဲရိုက်လို



www.burmeseclassic.com

www.burmeseclassic.com



အနီးနားရွာများသို့ လှည့်လည်ရိုက်လိုက်နှင့် အချိန်တို့တရွေ့ရွေ့ ကုန်ခဲ့သည်။ ညအချိန်မတော်လည်း ရပ်ကွက်ကျော်၊ ရွာကျော်၍ လည်း ဖဲဝိုင်းရှိသည်အသံကြားသည်နှင့် ရောက်အောင်သွား သည်။

နိုင်သည့်အခါ နိုင်၊ ရှုံးသည့်အခါ ရှုံးသည်။

တစ်ရက်သူနေသော သဲတောရွာ၊ အလယ်ပိုင်းရပ် ကွက်မှာ နာရေးဖြစ်နေတယ်၊

ဖိုးနောက်အတွက် အဆင်ပြေသည်၊ အသုဘအိမ်က သူနေသောအိမ်နှင့်လည်း သိပ်မဝေးလှ၊ ရွာလယ်မှာ ရေကန် ကြီးတစ်ကန်ရှိသည် အလျားပေ၁၀၀ခန့်ရှိ၊ အနံပေးနှစ်ရာခန့် ကျယ်သော သောက်သုံးရေကန်ကြီးဖြစ်သည်။

အသုဘဖြစ်နေသော အိမ်နှင့်ဖိုးနောက်တို့အိမ်က ကန် တစ်ကန်သာခြားနေသည်။

နာရေးအိမ်လေးရက်မြောက်ညမှာ ဖဲဝိုင်းက စောစော မသိမ်းပေမယ့် ဖိုးနောက်ကတော့ စောစောသိမ်းလိုက်သည်။ ဖိုးနောက်မှာပါသမျှကုန်သွားပြီရစရာလမ်းလည်း မမြင်တော့ အလကားရသောအရက်ကိုအဝသောက်ပြီး အိမ်ပြန်လာခဲ့သည်။

အချိန်က မနက်နှစ်နာရီပဲရှိသေးသည်၊ ဖိုးနောက်





နာရေးအိမ်မှာ မအိပ်တော့ပဲ အိမ်သို့ပြန်ရန် ထွက်ခဲ့တော့သည်။ အိမ်ကို ကန်ဘောင်ပေါ်မှ ပြန်ရှုစိတ်ကူးရသည်။ ထိုဖြတ်လမ်း ကပြန်လျှင် ရွာလမ်းအတိုင်းပြန်သည်ထက် ခရီးတစ်ဝက်တို သည်။

ကန်ပေါ်ကို ညဘက်ရောက်လျှင် သရဲခြောက်သည်ဟု နာမည်ကြီးသည့်အတွက် မည်သူမှ ကန်ပေါ်မသွားရဲကြတော့

သရဲမကြောက်တဲ့ဖိုးနောက်ကတော့ သရဲခြောက် သည်၊ မခြောက်သည်သူမသိ အရက်မူးမူးနှင့် ဖြတ်လမ်းက ပြန်ခဲ့သည်။

ကောင်းကင်မှာ လရောင်မရှိသော်လည်း ရာသီဥတုက သာယာသလို ကောင်းကင်ကကြယ်များအရောင်နှင့် ခပ်လှမ်း လှမ်းအထိတော့ အထင်အရှားမြင်ရသည်။

သူကန်ဘောင်နားမရောက်ခင်၊ ကန်ဘောင်ပေါ်တက် သောလမ်းအတိုင်း မဲမဲနှင့် လူတစ်ယောက်တက်သွားသည်ကို မြင်လိုက်သည်။

သူ့ကဲ့သို့ပင် နာရေးအိမ်ကပြန်လာသူဟုထင်လိုက်မိ သည်။

ထိုလူကို မီရန်သူခပ်သွက်သွက်လျှောက်လိုက်သည်



www.burmeseclassic.com

www.burmeseclassic.com



ကန်ဘောင်ပေါ်မှာ ကုက္ကိုပင်ကြီးများ ပတ်ပတ်လည်ပေါက်နေသည်။

ရွှေက လူကို မီလုမီခင်မှာ ရွှေကလူ့ရုတ်တရက် ပျောက်သွားသည်။ သူအံ့ဩသွားသည်။ ရွှေကိုလည်း ဆက်သွားသည်ကိုမတွေ့၊ ရေကန်ထဲဆင်းသူမရှိသလို၊ ကန်ဘောင်အောက်ကိုလည်း ဆင်းသည်မတွေ့၊

ဤအတိုင်းဆိုပါက ကုက္ကိုပင်ကြီးဘေးမှာ ပျောက်သွားသည့်အတွက် ဤအပင်က သရဲသူ့ကိုခြောက်လှန့်ခြင်းဖြစ်သည်ဟု အတတ်သိလိုက်တော့သည်။

" ဒီ ငါ့ကိုသရဲခြောက်တာပဲ၊ ဒီအပင်မှာနေတဲ့သရဲပဲတွေ့ကြပြီပေါ့ ကိုရွှေသရဲရယ် "

ဖိုးနောက်ပုဆိုးကို ကွင်းသိုင်းလိုက်သည်။ ကုက္ကိုပင်ကြီးကို သေးနှင့်ပန်းပစ်လိုက်တော့သည်။

" မင်းထက် မိုက်တဲ့ကောင်ကွ သရဲမကြောက်တဲ့ဖိုးနောက်ဆိုတာ မင်းတို့ကြားမိပူးလား ဟား. . . ဟား . ဟား . .

စိတ်ထဲကျေနပ်မှ ထိုသစ်ပင်ကြီးနားကထွက်လာခဲ့တော့သည်။





အိမ်ရောက်တော့ အသက်ခြောက်ဆယ်ကျော်ပြီဖြစ်သော မိခင်နှင့် ဖခင်တို့ကိုအော်နိုးကာ တံခါးဖွင့်ခိုင်း၍ အိမ်ထဲဝင်ပြီး အိပ်လိုက်တော့သည်။

ထိုကဲ့သို့ ကုက္ကိုပင်ကို သေးနှင့်ပန်းပြီး အိပ်ခဲ့ရာ အိပ်ယာကနိုးတော့ ပြဿနာက စပေါ်တော့သည်။

မနက်မိုးလင်း၍ ဆီးသွားချင်သော်လည်း ဘယ်လိုမှ သွားမရ၊ ဆီးအိမ်ကြီးက ပေါက်ကွဲတော့မည့်အလား တင်းကျပ်နေသည်။

ဖိုးနောက်အိမ်သာသွားပြီး အပေါ့သွားသည် ဆီးတစ်စက်ပင်မကျ။

" အား . . .အမေရေ . . . နာတယ်ဗျ "

ဖိုးနောက်တစ်နေ့လုံး အော်ဟစ်နေသည်၊ နားလည်တတ်ကျွမ်းသည်ဆိုပြီး ဆေးနည်းမျိုးစုံပြောပြီး ဆေးတိုက်ကြသည်။

ဆေးတစ်ခါသောက်တိုင်းရေတစ်ခွက်သောက်ရင်း ဗိုက်ထဲရေတွေရောက်ပေမယ့် အပေါ့တစ်စက်ပင်သွားမရ၊

ညနေပိုင်းကျေးလက်ဆေးပေးခန်းဖွင့်သဖြင့် သွားပြရာဆရာကဆီးချုသော်လည်းဆီးမထွက်၊ ဆရာစမ်းသပ်သည့်



www.burmeseclassic.com

www.burmeseclassic.com



အခါ ဆီးအိမ်မှာဆီးမရှိဟုဆိုသည်။

ထို့ကြောင့် ဆီးနှင့် သက်ဆိုင်သော ဆေးများကို သောက်ရန်ပေးလိုက်သည်။

ဆေးခန်းက ထွက်ပြီး အပြင်ရောက်သည်နှင့် ဆီးအိမ်ကြီး ပြန်တင်းလာကာ အော်ဟစ်နေရပြန်သည်။

မင်းညဘက်ဖြစ်ဖြစ်နေ့ဘက်ဖြစ်ဖြစ်၊ သွားရင်းလာရင်း သစ်ပင်ကြီးတွေနားရယ်၊ လမ်းဘေးရပ်ပြီးတော့ မတောင်းပန်ပဲ ဆီးသွားခဲ့သေးလား "

" ဆီးသွားတာ ဒီမှာဖြစ်နေတာနဲ့ ဘာဆိုင်လို့လည်း"

" ငါမေးတာပဲ ဖြေပါ . . . မင်းဆီးသွားခဲ့သေးလား"

" သွားခဲ့တယ် ညက ကန်ဘောင်ပေါ်ကကုက္ကိုပင်မှာနေတဲ့သရဲခြောက်လို့ အော်ဆဲပြီး သေးနဲ့ပန်းခဲ့တယ် "

" ဟာ . . . မလုပ်ကောင်းတာတွေလုပ်ချလာတာပဲ"

" ကဲ မသင်း မင်းသားရဲ့ ကိစ္စသွားတောင်းပန်မှဖြစ်မယ် "

" မတောင်းပန်နဲ့ ဒီသရဲကိုင်ထားတာမှန်ရင် ဘာလို့သွားတောင်းပန်ရမှာလည်း၊ ငါနဲ့ သွားကိုင်တုတ်ပစ်လိုက်မယ်"

" ဟာ မလုပ်ကောင်းတာတွေကွာ "





" ဟဲ့ တိရစ္ဆာန်ကောင် နင်သေချင်လို့လား "

" အမေကလည်းဗျာ . . .သူတို့လုပ်တိုင်းခံနေလို့ရမလားဗျ။ သစ်ပင်မှာနေလို့မရအောင် သွားခုတ်လှဲပစ်လိုက်မယ် ခုတ်လို့မရရင် အောက်ကမီးနဲ့ တိုက်မယ် "

" မင်းလုပ်တိုင်းရပ်ကွက်လူကြီးတွေက ခံမလား။ သရဲနဲ့မရှင်းရခင် ရပ်ကွက်ရုံးရောက်ပြီး အဖမ်းခံရမှာသေချာတယ်"

" ဒါဆိုလည်း လက်မပါရရင် ပါးစပ်နဲ့သွားအော်ဆဲမယ်၊ ငါ့ကို ဆီးပြန်သွားအောင်လုပ်ပေးမှ ကျေနပ်မယ် "

ဖိုးနောက်လည်း ပြောပြောဆိုဆိုအိမ်ပေါ်က ဆင်းသွားသည်။

" ဟဲ့ မသင်း . . . မင်းသားနောက်ကိုလိုက်ဦး၊ ဒီကောင်ကွာ . . . အကြောက်အလန့်ကို မရှိဘူး "

" ရှင်လိုက်မှ မီမှာပေါ့ . . .နားလည်အောင်ပြောဆိုဆုံးမပြီးခေါ်ခဲ့ပါ "

" အင်း . . . ပြောစကားဆိုစကားနားမထောင်တာဆိုးတယ် "

ဖိုးနောက်လည်း ခဏအတွင်း ကန်ဘောင်ပေါ်သို့ ရောက်သွားသည်။ ဆီးအိမ်တင်းကျပ်နာကျင်သည့်ခံစားချက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဒေါသကပေါက်ကွဲနေသည်။

သုံ့ညက အပေ့ါသွားခဲ့သော သစ်ပင်ကြီးဆီအရောက် သွားပြီး အပင်ပေါ်မော့ကြည့်ကာ အော်ဟစ်ဆဲဆိုစိန်ခေါ်နေတော့သည်။

ဆီးသွားချင်သော်လည်း မသွားနိုင်၊ သွားချဲ့မရသဖြင့် စိတ်အလွန်ဆိုးနေသည်။

" ဟော့ကောင်သရဲဝိညာဉ်ကောင်၊ ငါ့အခုအပေ့ါသွားလို့မရတော့ဘူး၊ ငါ့အပေ့ါသွားလို့ရအောင်လုပ်ပေးရင်လုပ်ပေး၊ မပေးရင် မင်းနေလို့မရအောင်၊ အောက်ကနေ မီးနဲ့လာတိုက်မယ်"

" သစ်ပင်ကို ရေနံဆီလောင်းပြီးမီးလာရှို့ပစ်မယ် ငါ့ကိုဆီးသွားလို့ရအောင်လုပ်ပေး "

" လာ သား . . .ဗိုးနောက် အဲဒီလိုမပြောရဘူး မင်းဒုက္ခရောက်မယ် "

" ရောက်ရောက်ဗျာ . . .ခင်ဗျားကြီးတို့သွားကြ "

" ကျုပ်ဒီသစ်ပင်အောက်က လုံးဝမသွားဘူး၊ ဆီးသွားလို့ရမှ ဒီနေရာက ထွက်သွားမယ် "

" ဟော့ကောင်သရဲ . . . မင်းသစ်ပင်ပေါ်မှာရှိတယ်





ဆိုတာ ငါသိတယ်၊ အခုအောက်ကိုဆင်းခဲ့ "

" ဗိုးနောက်လာပါသားရယ် သရဲကိုဒီလိုစိန်မခေါ်ရဘူး သရဲစိတ်ဆိုးရင် မလွယ်ဘူး "

" ဒီကောင် ကျုပ်ကိုမကြောက်လို့ရမလား၊ ကျုပ်က အပွဲပွဲနွဲလာတဲ့ကောင်၊ သရဲမကြောက်တဲ့ဗိုးနောက်လို့တောင် နာမည်ရနေတာ ဒီကောင်ကျုပ်ဆီးသွားလို့ရအောင်လုပ်ပေးမှ ကျုပ်ကျေနပ်နိုင်မယ် "

" ခင်ဗျားကြီးတို့ကို ရှင်းပြနေရတာနဲ့ လိုရင်းမရောက်ဘူး၊ ခင်ဗျားတို့အိမ်ပြန်မလားမပြန်ဘူးလား "

" မင်းလိုက်မယ်ဆိုရင် ပြန်မယ် "

" သွားကြဗျာ ကျုပ်ရဲ့ ဆီးအိမ်က နာရတဲ့အထဲ ခင်ဗျားကြီးက တမှောင့်သေသေရှင်ရှင်ဗျာ အခုဒီကထွက်သွား"

လူကြီးများမကောင်းအောင် အော်ဟစ်နေသဖြင့် ဖခင်ကြီးနှင့် မိခင်ကြီးတို့လည်း လှည့်ပြန်သွားတော့သည်။

" ဖျောင်း "

ကုက္ကိုပင်ပေါ်မှ လက်မောင်းလုံးသာသာသစ်ကိုင်းတစ်ကိုင်းကျိုးပြီးလွင့်ကျလာသည်။ ပင်စည်ကို ထောက်ပြီးလွင့်စင်ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်ထွက်လာသော သစ်ကိုင်းက ဖိုးနောက်၏ ဆီးစပ်တည့်တည့်ကို ဖေါက်ဝင်သွားသည်။

" အား "

နာကျင်စွာအော်လိုက်သော အသံကြီးကြောင့် ဖခင်နှင့် မိခင်တို့ ဖိုးနောက်ရှိရာပြန်ပြေးလာကြသည်။ ကုတ္တိုင်း ခူးပင် နေသောနေရာက သွေးများထွက်မလာပဲ ဆီးများအလဟော ထွက်ကျနေသည်။ ဖိုးနောက်လည်း အသက်ပျောက်နေပြီဖြစ် သည်။

" ဖိုးနောက် . . . ဖိုးနောက် လူမိုက်ကြီး . . . ကိုယ် သေလမ်းကိုယ်ရှာသွားတာပေါ့ . . . ဟီး . . . ဟီး . . . ဟီး"

" တောက် . . . ငိုမနေနဲ့ မသင်း လူကြီးစကားနား မထောင်ဘူး . . . ကိုယ့်သေတွင်း ကိုယ်တူးတဲ့ကောင် မင်းအရ သရဲကို စိန်ခေါ်နိုင်သေးလား ကွာ . . . "

ဖခင်ကြီးက ဆုံးမပြောဆိုမရ၊ မျက်စေ့အောက်မှာပင် သေဆုံးသွားသည့်အတွက် ယူကြုံးမရစွာ ပြောဆိုနေသည် သရဲ မကြောက်တဲ့ဖိုးနောက် သရဲသတ်လို့ သေခဲ့ပါတော့သည်။

**ကောန်မင်း**

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com